မေသရဝဏ်ဦး

၏

# မိန်းမသားများအတွက်



အချစ်နှင့်အိမ်ထောင်ရေးအမေးအဖြေ

### [illegible]

- [illegible] [illegible]
- [illegible] [illegible]
- [illegible] [illegible]

### [illegible]

- [illegible]
- [illegible]
- [illegible]
- [illegible]

### [illegible]

- [illegible]
- [illegible]
- [illegible]
- [illegible]

### [illegible]

- [illegible]
- [illegible]
- [illegible]
- [illegible]

### [illegible]

- [illegible]
- [illegible]
- [illegible]
- [illegible]

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စာရေးသူ အမှာစာ | - | က |
| ကထာ (ဝိဇ္ဇာသိပ္ပံ) အမှာစာ | - | ဂ |
| ခင်ဆွေဦး အမှာစာ | - | င |
| အချစ်နှင့် အိမ်ထောင်ရေး<br>အမေးအဖြေများ | - | ၁ - ၁၃၀ |

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၁၁၁၇၀၁၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁၁၀၈၇၀၁၀၅၁၁

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၀၅ ဒီဇင်ဘာ

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဩဘာဝ ဆေး
ဦးဖေဝင်းမောင်ငြိမ်း
အမှတ် ၄၄-၁၀၀ လမ်း
မင်္ဂလာတောင်ညွန့်

မျက်နှာဖုံးပုံနှိပ် - နဝရတ်

အတွင်းပုံနှိပ် - ဘိုးသကြားပုံနှိပ်တိုက်

ကာဗာဒီဇိုင်း - ရဲလွင်
(နဝရတ်ကွန်ပျူတာ)

ကာဗာအကြံပေး - စောဝင်းဝင်း

အတွင်းသရုပ်ဖော် - K.Z.A ၊ ဝေကာဝေး

Typesetting & Layout - CGS Computer

အဖုံးဆေး - Eagle Color Separattion

အတွင်းဆေး - ဘိုးသကြားပုံနှိပ်တိုက်

စာအုပ်ချုပ် - ဘိုးသကြားပုံနှိပ်တိုက်

တန်ဖိုး - ၈၀၀ ကျပ်

# စာရေးသူ၏စကား

ဒီစာအုပ်ကလေးဖြစ်မြောက်လာဖို့ကို ပြောရရင်တော့ အိမ်ရှင်မဂျာနယ်ရဲ့ ဆရာဦးစိုးဟိန်း (မန်းတက္ကသိုလ်) ရှိစဉ်က အကြံပြုမှုပါ။ ဆရာဦးစိုးဟိန်းရဲ့ အိမ်ရှင်မဂျာနယ်မှာ တလနဲ့တစ်ပုဒ်စီတောင်းနေတော့ ကျွန်မကို စာမူတွေ တောင်းပါတယ်။ ကျွန်မအနေနဲ့လည်း ပေါ့ပေါ့ပါးပါး အင်တာဗျူးလေးတွေလုပ်ပြီး ဖြစ်ခဲ့တယ်။ တစ်နေ့မှာတော့ ကိုယ့်စိတ်ကူးထဲပေါ်လာတဲ့ မိန်းမသားခံစားချက်လေးကို ရေးပြီး ဆရာ့ဆီပို့ဖြစ်ခဲ့ပါတယ်။ မထင်မှတ်ဘဲ ရေးဖြစ်တဲ့ စာမူလေးကို ဆရာကလည်း သဘောကျ အိမ်ရှင်မရဲ့ စီမံအယ်ဒီတာကို မေတ္တာရပ်ခံကာလည်း သဘောကျပြီ အပတ်စဉ် ရေးဖို့တိုက်တွန်းအားပေးပါတယ်။ အပတ်စဉ်ရေးရင်နဲ့ စာဖတ်ပရိသတ်ကလည်း ဖတ်လို့ကောင်းကြောင်း ပြန်သိရတော့ အားတက်မိပါတယ်။ တစ်စုတစ်စည်းတည်း စာအုပ်ထုတ်ဖို့လည်း တိုက်တွန်းကြပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မရေးသားတဲ့ စာမူလေးတွေကောင်းလွန်းတဲ့ စာမူတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မိန်းမသားတွေရဲ့ ခံစားချက်၊ ထွက်ပေါက်နဲ့ ဖြေသိမ့်စရာတွေကို အများကြီးမဟုတ်တောင်မှ တစ်စုံတစ်ခုတော့ ပေးနိုင်မှာပါ။ အကြောင်းလေးတစ်ကြောင်းပဲ မိမိနဲ့တိုက်ဆိုင်လာရင် အမြဲအမှတ်တရအဖြစ် ကျန်ရစ်ခဲ့ရင် ကျွန်မကျေနပ်ပါတယ်။

ကျွန်မကို စာရေးဆရာမ တစ်ယောက်ဖြစ်စေချင်တဲ့ ကျွန်မ ဖေဖေ ဦးဟိန်းလတ် မေမေ ဒေါ်သီရိခင် မိန်းမသားကဏ္ဍအတွက် ကုန်ကြမ်းတွေကိုပြောပြတဲ့ အမျိုးသားကိုဒေါက်တာအောင်ကျော်၊ ကျွန်မရဲ့ စာအုပ်အတွက် အမှာစာ

ရေးပေးတဲ့ ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် ဒေါ်ကလျာ (ဝိဇ္ဇာ သိပ္ပံ)၊ ကျွန်မကို နားလည်အားပေးတဲ့ အန်တီတူး (တူးတူး မြင့်သိန်း)၊ ကျွန်မရေးတဲ့ စာမှန်သမျှ မငြီးမငြင်ပြီး ဂျာနယ်တိုက်တွေ၊ မဂ္ဂဇင်းတိုက်တွေကို လိုက်ပို့ပေးခဲ့တဲ့ ဆရာအောင်ဆင့်၊ စာရေးမပျင်းအောင် ပြောပေးရှိတဲ့ ဦးဇော်မိုး၊ ဆရာမြူး (မောင်မြူး) နဲ့ ဒီစာအုပ်လေး ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ မယု (ဒေါ်ယုယုဆွေ) တွေမှ ဝန်ထမ်းဦးစီးဌာန အပါအဝင် မိန်းမသားကဗျာကို ဖတ်ရှု အားပေးကြတဲ့ စာဖတ်ပရိသတ်တွေကို ဂါရဝပြု ကျေးဇူး တင်ပါတယ်။

လောကသစ္စာ အမှန်တရား

(၁)

အမေမွေးကောင်းသော အမြော်အမြင်ရှိသောဆိုပို့ တောတို့ရှိခဲ့ရပါတယ်။

ယနေ့ခေတ် အင်တာနက်မှာတော့အမေတွေ လည်း အလွန်အရေးပါလာပါတယ်။ အရည်အသွေးမရှိဘဲ ခပ်တိမ်တိမ်ဆိုရင် ဘယ်လိုမှ အမြဲကောင်းလွန်းမသိနိုင် ပါဘူး။ စိတ်ဓာတ်တွဲခြေခိုင်မှုဆိုရင် စိတ်ဓာတ်နှုန်းကျကြဘူး။ မသိပါဘူး၊ ကန့်လန့်အတွေးတွေ ထွက်ပေါ်လာမှာအမှန်ပါပဲ။ မှတ်ရင်း၊ ဂျာနယ်တွေမှာ ကျွန်မတော့တစ်ခါသောဘက်ခြေဖြစ် တာနဲ့ စိတ်ထဲ ဘယ်လိုမှမေ့မထွက်နိုင်ကြတော့ပါ။

ဒုတိယ နှစ်မှ စတင်ပြီး မှတ်ရင်း (စာပေဝါ) ကို ကျွန်မ ဦးစီးသော စိတ်ချောင်းကောင်းမှု အရေးပါလာကြောင်း သိမြင်ခဲ့ရပါတယ်။ ပေးပို့တွေဟာ ဝင်ကောင်းမှု ပြည့် ရတယ်ဆိုတာ မြင်ရသည် မှည့်မထင်ပါ။ ဝင်တောပေါ့ ဆောင်ရင် စာတွေမှာများစာ အတွေးအမြင်များတွေ ရှာရွေ။ ထဲထဲမှာ အယ်ဒီတာတွေရဲ့ ကြိုးစားအားထုတ်မှုပါ ဘဲ။ အမေပါရှာရဲ့ အနုပညာဘာသာ (လူမှုဘာသာ) သူ့ရဲ့ ခံယူ ချက် အသည်းကို ကြောက်ကိုရှည်း ထိုပါတီမြန်မယ်။

ဟိုစဉ်ကစ်လိုက်နှုန်းက ကျွန်မ အမှတ်တရဖြစ်ခဲ့မှုတဲ့ အင်တာနက်မှုမှာတစ်ခု မဂ္ဂဇင်းမှာ (ကြာတော့ ကြာခဲ့ပါပြီ) အမေကာ(ကို)ပါနိုင်တော်၊ အမြော်(ကို)အမြင် (ပေါ်ထွက်တာအမြင်)ကို ဖတ်ရတော့ မြန်မာပြည် အင်တာနက် ပုံစံသာ တစ်ခြားပဲခဲ့တယ်လို့ ထင်မိပါတယ်။ ထိုစိတ်နှုန်းက ပြီးခဲ့တစ်နေ့မှာ ကျွန်မ ကိုပါနိုင်တော်နဲ့တွေ့တော့ . . .

“ကျွန်တော်ကျွန်မတော်များ ကိုဟိန်းလတ် ကိုဟိန်းလတ်
နဲ့ ကိုဇော်မြင့် အင်တာဗျူး ကျွန်မတော်ပြီးပြီ။ အကြောင်းအရာ
လေဝင်းသောမကောင်း အမေမောတည်း ဘုရားလောင်းပါ
သော။ အမေမေရော အကြွေရော ညီညွတ်ခဲ့မကောင်း အသိ
ဉာဏ် ပညာတွေ ထွက်လာတယ်. . .

ကျွန်မက . . . အသိအမှတ်ပြု ချီးကျူးစကားပြော
တော့ ကိုဟိန်းလတ်မှာ ဝမ်းသာအယ်လဲဖြစ်နေရှာပါ
တယ်။ ကျွန်မလှူတန်းခင်းသောကို ကဲ့ရဲ့ဖြစ်တယ်ဖို့ ဝန်လေး
လုလေသော်လည်း မိုးမွှန်စေရာ၌ မိုးမွှန်ဖို့ ဝန်မလေးလောက်ပါ။
အာရေးရေးရာကြီး ဟိန်းနိုင်ဟော်တိုင်(လ်) “စမ်းနှင်ပြိန်ချစ်
ရေး” မှာ ရေးသားထားခဲ့ပြီးပါတယ်။

ဆရာ မြသန်းတင့် ဘာသာပြန် စာမျက်နှာ (၅)မှာ
“သီချင်းကို ရေးရေးပြည်သူ တွေးလွတ်ငြိမ်းအေးချမ်း အခါနီးတို
နို့ လိုအပ်သကဲ့သို့ လောကမှ အကောင်းဆုံး အရင်းနှီးဆုံး
တစ်ဦးကိုတစ်ဦး မိုးမွှန်အားပေးကြလေသို့ အပ်သည့်သော
ဖြစ်ပေသည်”တဲ့။

(၂)

ရေးသော် အင်တာဗျူးလေးတော့မှာ ကျွန်မလော်ဝင်
ဝိသသောက် ဟေမှာရှုသာ ဓာတ်မှုသာ ထွန်းလင်းခဲ့ပြီး
ကိုဝင်းငြိမ်ရဲ့ အင်တာဗျူးတွေပဲလည်း အမေကောင်းရဲ့
တင်မက အမ်မဟန်စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မ
ရဲ့ အင်တာဗျူးမှာ ကိုဝင်းငြိမ်ကအကြောင်းလုပ်ရပ်တွေမှာ
“လူ”သား ပတ်ဝန်းကျင်သား မေတ္တာနှင့် (အဲဒီတုန်းက
ရှေ့တန်းရောက်နေတဲ့အကြောင်းအရာကိုပေးတော့ အဲဒီ

ဂျန်ကာ ကျွန်မရဲ့ နိုင်ငံရေးထောက်ခံမှုအကြောင်းအစိတ်နဲ့ ကိုယ်လိုချင်တာကို "ကပ်"ကြီးဖြစ်တာ။ သူ့မှာ စိတ်ရှည် လက်ရှည်မရှာပါဘူး။ အဲဒီ နှစ်ပေါင်းအစိတ်ကြာမှ သူ့ကို ကျွန်မတောင်းပန်ရပါတယ်။ သူကလည်း စိတ်ထဲ ဘယ်လိုမှ မနေရှာပါဘူး။ ရယောင်အချိုချိုနဲ့ ဆရာမ ဖြစ်တာ လည်းကောင်းပါတယ်တဲ့. . .။

မှ ကိုဟိန်းလတ်နဲ့ မသီရိတို့ရဲ့ မျိုးဆက် မဦး အိမ်ရှင်မ အင်တာဗျူးမှာပြောနေတယ်ဆိုတော့ ကျွန်မ ဝမ်းသာပါတယ် ကြိုဆိုရမှာ။ "အိမ်ရှင်မ" အင်တာဗျူးကို ဖတ်ရှုခွင့်မသာခဲ့သော်လည်း နှုတ်အဖြစ် ဖတ်ရသလောက် "မဦး"ရဲ့ အမေမေတ္တာ"ဟာ အလွန်တော်ခဲ့ရပါတယ်။ သူ့ကိုယ်တိုင်ကလည်း ဘဝမှာ ပညာသင်ယူလာခြင်းကို အိမ်ထောင်သည်ဘဝ မိခင်ဘဝရောက်လာချိန်ကြီး။ သူ့ "ခေါင်းစဉ်"ကလည်း အင်မတန်စိတ်ဝင်စားဖို့ကောင်းပြီး ယောက်ျားနှင့်မိန်းမတို့အားလုံး မလွှတ်ကင်းနိုင်တဲ့ အကြောင်းတရားတွေပါ။ အချစ်. . . အိမ်ထောင်ရေးနှင့်ဘဝ လို့ ခေါင်းစဉ်တပ်ရမလား ကျား မ အသီးသီးတို့ရဲ့ ဘဝနဲ့ ဆိုင်လာတာတွေ ပြောရမလား အလွန်လုံး အကျုံးဝင်နေပါတယ်။

အချစ်ဆိုတာ ဘယ်အရွယ်မှာ တောင်ရွေးလာနိုင်မယ်။ ယောက်ျား မိန်းမနှစ်ဦးပေါင်းပေါ်ဖို့တဲ့မေတ္တာနှင့်ဟာ သိပ်လှပြီးဟာ နက်လည်းနက်ရှိုင်းပါတယ်။ ကျယ်ကျယ်ဝန်းဝန်းပြောရမယ်ဆိုရင် အရှည်ကြီးပြောရမယ်လို့ထင်ပါ။ ကျွန်မကို အသက်အရွယ်ကြီးပြင်းလာတဲ့သူတောင် ဒီ မေးခွန်း အဖြေကို သိချင်နေပါတယ်။ လောကကြီးမှာ ဖြောက်ဖြားလာသော အချစ် သေသနတကွက် အပူအအေး

အတွေးအခေါ်တို့ဟာ အများကြီးပါ။ ရှိတ်စပီးယားတို့၊ ဂျွန်ကိတ်(စ်) ရှယ်လီတို့လည်းဖြစ်ပေါ့။ ကဗျာမှာ နာမည် အင်မတန်ကျော်ကြားခဲ့တဲ့ ဒီအိတ်ချ်လောရင့် (D.H. Lawrence) ဆိုတဲ့ စာရေးဆရာဟာ တကယ်မေတ္တာစစ်နဲ့ ချစ်တဲ့ အချစ်အကြောင်းရေးရာမှာ ချစ်မှုသဘောကိုဖွင့်ဆိုတောင်း လုပ်ပါတယ်။ ဒါပေမဲ့ ဒီအိတ်ချ်လောရင့်ဟာ တစ်ချိန် တုန်းက အင်္ဂလန်မှာ လေဒီချက်တာလီရဲ့ချစ်သူ (Lady Chatterley's Lover) ဝတ္ထုကို ညစ်ညမ်းစာပေအဖြစ် တရားစွဲခံရတာဖြစ်ပါတယ်။ ဝ သူ့ရဲ့ "သားများနဲ့ ချစ်သူများ" ဝတ္ထုကတော့ ဖြစ်တဲ့သဘောတွေပါတယ်။ တကယ် မေတ္တာစစ်နဲ့ချစ်တဲ့အချစ်မှာ လွတ်လပ်မှုအရသာပေးရမယ်။ အကျဉ်းထောင်မဖြစ်စေရဘူးတဲ့ Love should give a sense of freedom not of prison. တဲ့။

အဲဒါကတော့ ရုတ်ပေးမေကျွန်ဖြစ်တဲ့ "ကိုယ့်ကို အနှိမ်ချပြီး အရှိကျရှိုက်တတ်တဲ့ချစ်သူရဲ့ကြိုင်ကြားတော တဲ့အခါ ချစ်ချုပ်မှုတွေပိုရလာမယ်လို့ ထင်မိတာမှားသွား ဆိုတာနဲ့ ကိုက်ညီနေပါတယ်။ ဒီမေကျွန်းဟာ ယထာဘူတ ကျကျ သဘောပေါက်ပါတယ်။ မေသင့်မေလျော်တဲ့ မေကျွန်းပါ။ တစ်ရေးတရေးကျကြီး ထုမှုမောကျွန်းမကောက် "မှန်ကန်မှု" ဟာ ဒီမေကျွန်းရဲ့အကြောင်းရင်းပဲ ဖြစ်ရင်ရမယ်။

တချို့မေကျွန်း အယောင်ဆောင်တွေကတော့ လှည့်ကွက်တဲ့ အကြံကွက်တော်နိုင်ပါတယ်။ မေကျွန်းတစ်ခုမှာတော့ သူများ တွေ မတွေ့နိုင်တာတွေတော်ဖျက်ဆီးတွေရှိပါတယ်။ လှည့်ဖျော် လို့နဲ့ အတွေးရတော့ကြပ်ပါတယ်။ ကျွန်မပြောခဲ့တဲ့ ထောင်ချောက်တဲ့မေကျွန်းဆိုတာ ဒါမျိုးပါ။ "အိမ်ထောင် တာဝန်မထမ်းတတ်တဲ့ မိန်းမချိုးတွေရင်ဝေ အမြဲတင်း

မှာလေ" ဆိုတာပါ။

အချစ်ရှင်အောင်တစ်ခုခုပေးနိုင်တယ်ဆိုတာ ထက်ပိုပဲ သာလေအောင်တဲ့။ မြို့ပတ်ရထားကြီးအပေါ်မှာလည်း ဘယ်တော့မှ မပျက်နိုင်တော့တဲ့ . . . မောင်လေးကို ချစ်ပါတဲ့အကော်

ရွှေမြင့်မိုရ်တစ်တောင်လုံး တုံ့မှုတ်ပဲ့ချိန် . . .

ဖိလာတော့ အပေါ်ယံရှုပ်ထွေး သိမှုတ် ကာယ အချစ်ရှင်အောင်ပေါ့ နောက် အရေးပါတဲ့ ရှင်အောင်ကတော့ အနစ်နာခံမှုပေါ့ စွန့်လွှတ်မှု (Sacrifice) ဟာ တောကမှာ အကြီးမားဆုံးအချစ်အတွက် စွန့်လွှတ်မှု သူ့အကြောင်း တာလဲ အချစ်ဟာ ရှင်အောင်တစ်ခုခုပေးနိုင်သောကြောင့် ရင်ဆိုင်နိုင်ပါတော့တဲ့။ ဆဲဒီးအချစ်ကြောင့် စိတ်ဓာတ်တက်ကြွတဲ့ အင်အားရှိပေးကြောင်းရှိသည်။ တစ်ခါတစ်ရံ အချစ်ကြောင့် စိတ်ဓာတ်ပျက်ပြားရတာလေးလည်း ရှိတတ်တာပဲ ရှင်အား တစ်ခုခုရှိတယ်ဆိုရင် မှားယွင်းတဲ့နည်းတဲ့ ဆိုက ကတော့ စိတ်ပဲပေါ့။

ဆိုရှင်တာက အချစ်စ အချစ်ပုံမှာ စိတ်ရှုပ်စောင် တိုးသော သမင်တောင်ဆေးပါ မြို့တင်နိုင်မှပဲ။ ဆီးထုပ်သည့်ခြုံဖိုး မခြီးဖ တစ်ခါတုန်းက ကြားရတဲ့ ဝိုင်းပြိုမှာ ကောင်းမလေးတစ်ယောက်တည်းကို ပိုင်ချစ်ကြတဲ့ ချစ်သူ သုံးဦးမှာ တစ်ယောက်က သူ့မည်းစိမ်းကျန်ပုံအပ်ပေတဲ့။ နောက်တစ်ဦးက သူ့အသက်ကိုပေးပေတဲ့။ နောက်ဆုံးတစ်ဦးက အမြဲတမ်းဆုံးအချစ်ပေးဆော်ပွဲ။ ထဲမိ သူ မိုးလေထေး တိုရှိ ဘဝအဆက်ဆက်မှာတွေ့ခဲ့ ပြောကြမှာလေလည်း ပေါ့ ကြောက်စရာကောင်းတဲ့ စွန့်လွှတ်မှု (၆) ရှိနေမှုပဲ ထဲခိုက် ဟို ရှေးက ခုထောက်တုန်းက ဝင်းဆုံမှာ ရှိမှုင် "Pandora and Dutch Flying Ship" ပင်ဒိုရာနဲ့ အင်(၄)

အမြဲ့သစ်တော့မှာ ပြသသွားစေသေးတယ်။ ကျွန်မပြောချင်တာ အချစ်အတွက် အသက်ပင်ပေးသသေဆိုတာမျိုးကောင်း ရှိနေပြီလို့။

ဖိုးတွေလည်း ရှေ့ဆောင်ဆိုရင် အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်မှုတွေဖြစ်ချင်တည့်ဖြစ်မှာပေါ့။ ဖိုးကြွင့် အချစ်ဝတ္ထုတွေ ရိုမန့်(စ်) (Romance)ထဲ မောကျွံဝင်သွားတာ။ ထက်ဝေတွေတကာသတ္တုအမှန်တရားဟာ ဘဝပဲ။ ဟုတ်တယ်မဟုတ်လား။ ဖိုးကြွင့်ရဲ့ ဇာတ်ရှင်မအင်တာဗျူးမှာ ဦးဆုံးမေးခွန်းကိုယ်နှိုက်က ဘဝမှာ "အချစ်က" အဓိက အရေးကြီးဆုံးအရာလား တဲ့။

ဒီမှာလည်း အဖြေက ယထာဘူတကျပါတယ်။

ဘဝမှာ အချစ်က အဓိကကျတဲ့ ကိစ္စမဟုတ်ဘူး။ သူ့အဖြေက ဆရာမသန်းမြင့်အောင်ရဲ့ သုံးသပ်ရေးရပ်ဖြစ်တွေနဲ့ ညီမေပေးသွားတယ်။ ဘဝဟာ လေးမျှင်ဆီးတစ်ခုလုံး ဖြစ်ချင် ဆဲဆီသည်မှာပါတဲ့ အလုပ်ပေးတာဝန်များကသာလျှင် "အချစ်" ထက် ကျိုးတဲ့ အလုပ်တွေကတော့ လူမှုရေး စီးပွားရေး ဘာသာရေးအတွက်တဲ့ ဥပမာပေး ဆွေးနွေးသွားတာ ရှိပါတယ်။ ပြီးတော့ တေးကာလသတ္တုတအမှန်တရားလည်း ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ဇာတ်ရှင်မအင်တာဗျူးနှင့်တကွ မေးခွန်း ဆက်စပ်ကာပြီး လူ့ဘဝအတွေ့အကြုံ မေးခွန်းဆောင်းအတွေးအခေါ်တွေ သိနိုင် မှန်နိုင်ပါစေ။ သူ့ အတွေ့အကြုံ (လို) ဟိန်းဝေတာ။ အဖေ သိဖို့ ဖြစ်ပေါ်အတွေ့အကြုံ ဆက်စပ်တွေးတောနိုင်ပါစေ လို့ ဆန္ဒပြုလိုက်ပါတယ်။

ခင်မေဦး

## ဖတ်သင့်သော စာအုပ်ကောင်း

အင်တာဗျူး (Interview) ဆိုသော အင်္ဂလိပ်စကားကို ဘာသာမပြန်ဘဲ တိုက်ရိုက်သုံးစွဲနေကြသည့်အတွက် မြန်မာစာဖတ်ပရိသတ်များ နားယဉ်နေကြပြီ။ "ဗျူး" တယ်ဆိုရင်ပဲ တစ်ယောက်ကတစ်ဦးကို မေးတော့မယ်ဆိုတာ အလိုလိုသိရှိကြပြီဖြစ်ပါတယ်။ စာဖတ်သူတွေ ဖတ်ရှုရသမျှ စာအတော်များသည် စာရေးဆရာတစ်ဦးတည်း၏ အတွေးနှင့် အရေးအသားဖြင့် ချဲ့သော် အင်တာဗျူး စာပေကို ဖတ်ရှုရသည့်အခါမှာ ပုဂ္ဂိုလ်နှစ်ဦး၏ အမေးနှင့်အဖြေ အတွေးနှင့်အမြင်များကို တစ်ချိန်တည်းဖတ်ရှုခွင့်ရ၍ အင်တာဗျူး စာမျက်နှာများကို ကျော်လွှားချန်လှပ်ထားလေ့ မရှိသလောက်ပါပေ။ မေးမြန်းသူက ဗိုလ်မှူး ဝင်းကြည်ကို လိုအပ်မည်ထင်ပါသည်။ မိမိမေးရတော့မည့်သူ၏ အကြောင်းအရာ သူ့အနုပညာ သူ့ဆောင်ရွက်မှုများကို လေ့လာကြည့်ရှုပြင်ဆင်ထားမှ အမေးအဖြေနှင့်ထိမိ သည်ပြီးပြည့်စုံသောဖြစ်လိမ့်မည်။ အမေးကောင်းမှ အဖြေကောင်းက ပွင့်လာနိုင်ပါမည်။ တစ်နည်းပြောရလျှင် မေးသူနှင့်ဖြေသူတို့၏ ပညာသားပါသော စကားပြိုင်ပွဲတစ်မျိုးသည်ဖြစ်ပါ၍ စာဖတ်သူများအားလုံးကျေနပ်လေ့ရှိကြသော စာပေအမျိုးအစားတည်းဖြစ်ပေသည်။ သုတိချင်သော အနုပညာရှင် အတတ်ပညာရှင်၏ အကြောင်းကို အတွင်းကျကျသိခွင့်ရနိုင်သော စာမျက်နှာများကို မက်မောရင်ခုန်စွာဖတ်ရှုခွင့်ရကြပါမည်။ ယခုနောက်ပိုင်းတွင် အင်တာဗျူးစာမျက်နှာများကို ဖတ်ရှုသူအများအပြား စိတ်ဝင်စားလာကြသဖြင့် စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် အဆိုတော်တို့၏ အကြောင်းအရာများသာမက စီးပွားရေးလုပ်ငန်းရှင်တို့၏ အကြောင်း

အလှအပအသေးအဖွဲ့များပါ တရုတ်နဂါးပုံ တင်သော ကြွေ။

ကျွန်မသဘောကျကိုင်တွယ်ကြည့်သော ယနေ့ မြန်မာ ပြည်သူများအနေနှင့် ယောပညာဆိုင်ရာ ယွန်းထည်များသည် ရှေးဟောင်းပစ္စည်းတွေထဲက သက်ဆိုင်ရာ အထူးကျွမ်းကျင် ကြီး ဆရာဝန်ကြီးများနှင့် အသေးအဖွဲ့များကို ထပ်မံ ဖြစ်ပြီး ကျွန်မတို့အသိပညာတိုးများလာပြီး ကောင်းမွန် လှောင်ရန် လိုက်နာရန်များကို ဆင်တူမျှ တရုတ်နယ်များမှတစ်ဆင့် ယဉ်ကျေးမှုအရှိန်ဖြင့်မှာ ဆင်တူကျေး တရုတ်ကြွေပုံပါလိမ့်. . . ထိုသို့ ဆင်တူ တပေါ်ဖြစ်ပေါ်လာပြီးနောက်မှာ ယခု ပင်ရင်းမှုအမြင့်ကို လေ့လာသည့် ဆင်တူမှုအသေးမှာ မူလတန်းပိုမြင့် တင်ပြ ထားသော အချိန် အိမ်ထောင်ရေးနှင့် လှုပ်ရှားမှုများကို တင်ပြထားသည့် တပေါင်းမျိုးစလောဖြစ်ပါ၏။

ထိုတရုတ်ပြယ်ထဲကို လေ့လာရှုမြင်ရန် အိမ် ထောင်သည့်အများစုအတွက် ဗိုလ်သင်ပြင်ဆင်မှုပေါ်ပါ သည်။ ဆင်တူမှုအပေါ်ပြီး တင်ပြထားပြီးပြီဖြစ်သော ဖြစ်ရပ်ကား ထင်သာမြင်သာဖြစ် ညွှန်းဆိုသည်။

ဘဝမှာ အချစ်ဆိုတာအရေးကြီးသောအရာ မဟုတ် ပါဘူးပြောမှာ ရှုပ်ထွေးမှုကင်းသော သမီးရည်းစားဘဝကို အချစ်မျိုးအတွက်သာ အကြီးစားပြဿနာဖြစ်ပါသည်။ တကယ်ပေါ့ လူသားအဆင့်မှာ အမျိုးမျိုးသောဝေဒနာများ နဲ့ အချစ်ကို ခံယူနေကြ ပေးဆပ်နေကြသည်။ ယင်းသို့ ဘဝ ချစ်သူချင်းချစ်တာအချစ်ဖြစ်သလို၊ ဇနီးနဲ့ခင်ပွန်း သားသမီးနဲ့ မိဘဆွေမျိုးများနှင့် သူငယ်ချင်းများအချင်းချင်း သံယောဇဉ်နှောင်ဖွဲ့ ကြားမှာလည်း အချစ်ပဲဖြစ်ပါသည်။ “အချစ်က မှောင်တယ်၊ မျက်စိကန်းစေတယ်” လို့ ပြော

သတ်မှတ်ထားတာလည်း မရှားပါ။ မေတ္တာဆိုသည်မှာ လည်း ပါဠိစကားဖြစ်ပြီး ချစ်ခြင်းတရားပါ။

ချစ်သူချင်း ကြင်စဦးဇနီးမောင်နှံချင်း ချစ်တဲ့အချစ်များမှာ အတ္တလွှမ်းလာတဲ့အတွက် ပူလောင်ပါတယ်။ ကိုယ်တစ်ယောက်တည်းချစ်ရမယ်၊ သူတစ်ဦးကိုချစ်သွားမှာ စိုးရိမ်ပူပန်ပြီး မနာလိုဝန်တိုမှုတွေနှင့် အတ္တကြီးစွာချစ်သော အချစ်က ပူလောင်တတ်သော်လည်း သားနှင့်အမိချစ် သူငယ်ချင်းချစ်သော မောင်နှမ ဆွေမျိုးသူတို့အပေါ် ချစ်သည့်အချစ်ကဖြင့်တော့ အတ္တကင်းစွာနဲ့ ကိုယ့်ဘက်က လိုက်လျောပေးဆပ်ချင်သောအချစ်တွေနှင့် အေးမြပေသည်။

အထူးသဖြင့် ယခုစာအုပ်၌ ဖော်ပြမည့် အချစ်မျိုးများမှာ လူငယ်လူရွယ်များ၏ စိတ်ခံစားမှုနှင့် အချစ်အသနားကို ဖော်ပြခြင်း တည့်မတ်ပေးနိုင်တယ်လို့ ယူဆမိပါသည်။ မိန်းကလေးများဘက်က ချစ်သူအဖြစ်ရွေးချယ်ပြီးချိန်မှာ ပေါင်းဖက် လက်ထပ်ဖို့အထိ မျှော်မှန်းတွေးကြပါသည်။ သို့အတွက် တာဝန်ကျေကောင်းဖို့အရေးကြီးလှသည့်အတွက် ချစ်သူအရွေးမှားရင် ပေးဆပ် ဆုံးဖြတ်ရမှုဖြစ်သလို အိမ်ထောင်ရှင်ဖြစ်လာသည့်အခါမှာလည်း ကိုယ့်အိမ်ထောင်မပြိုကွဲဘဲ သာယာချမ်းမြေ့မှုရှိနိုင်အောင် အိမ်ရှင်မများ၏စေတနာနှင့် အတတ်ပညာများဖြင့် ထိန်းမတ်ပဲ့ကိုင်တတ်ဖို့လိုအပ်လာကြပြီပါသည်။

သည့်အတွက်ကြောင့် ဖတ်ရှုခြင်းဖြင့် လူငယ်လူရွယ် အထူးသဖြင့်မိန်းကလေးငယ်များအတွက် အကျိုးတစ်စုံတစ်ရာသက်ရောက်နိုင်ပါလိမ့်မည်ဟု ယူဆမိပါကြောင်း ။ ။

ကလျာ (မိုးသစ္စ)



## အမေးအဖြေ (၁)

**Q ဘဝမှာ အချစ်ကအဓိကအရေးကြီးဆုံးအရာလား**

A ဟာ … ဘယ်ကလာတဲ့မေးခွန်းလဲ ဘဝမှာအချစ်က အဓိကကျတဲ့ကိစ္စမဟုတ်ဘူး။ ဆရာမသိန်းဖြိုးကောင်းရဲ့ သုံးလွှင့်ရောင်ခြည် ဝတ္ထုထဲကလိုပေါ့။ ဘဝဟာ လေးချိုးကြီး တစ်ပုဒ်ဖြစ်ခဲ့ရင် အဲဒီထဲမှာပါတဲ့ အလွှာလေးတစ်လွှာလောက်သာ လျှင် အချစ်တဲ့၊ ကျန်တဲ့အလွှာတွေကတော့ ငွေရေး စီးပွား ရေး၊ ဘာသာရေးအတွက်တဲ့၊ အဲ့မကတော့ အဲဒီစကား စကားလေးတွေကို အိမ်ကြိုက်လို့ မှတ်ထားမိတယ်။ ဘဝ ကြီးတစ်ခုလုံးအတွက် အရေးကြီးတဲ့အရာမဟုတ်တာတော့ သေချာတယ်။

**Q ကိုယ့်ကို အရမ်းချစ်ပြီး အချစ်ရေးနှိုက်တတ်တဲ့ ချစ်သူရဲ့ရင်ကြားလာတဲ့အခါ ချုပ်ချယ်မှုတွေခံရတယ်လို့**

ထင်မိတာမှားသလား။

A ဘယ်သူမဆို ကိုယ့်ကိုယ်ကို အရမ်းချစ်၊ အရမ်းဂရုစိုက်တာကို သဘောကျသာယာမိကြတာပဲလေ။ ဒါပေမယ့် တရားလွန်ကြီးဖြစ်ရင်တော့ ကြာလာတဲ့အခါ အနေကျဉ်းကျပ်လာလေတာပဲ။ ဟိုကာမစားရဘူး၊ ဒီနေရာမသွားရဘူး ဆိုတဲ့ကိစ္စတွေပြောရင် ထောင်အကျဉ်းတဲ့အခန်းထဲရောက်ကြတော့တာပဲ။ ကိုယ့်ကိုချစ်လို့ချုပ်ချယ်တယ်ဆိုတာကို သိပေမယ့် တစ်ခါတလေ ကိုယ်စိတ်အနေနဲ့မသင့်တဲ့အခါကျရင် စိတ်ရှုပ်တတ်ကြတာချည်းပဲလေ။

Q ဒီလိုဆိုရင် ကိုယ့်ကိုမပြောဆိုတဲ့ လျစ်လျူရှုထားတဲ့သူကတော့ သိပ်မချစ်တတ်လို့ဖြစ်မှာပေါ့နော်။

A ဒါကတော့ မဖြစ်နိုင်ဘူး။ လူရဲ့စရိုက်သဘာဝက တစ်ယောက်နဲ့တစ်ယောက် တူကြတာမဟုတ်ဘူးလေ။ သူ့စိတ်ထဲမှာချစ်ပေမယ့် ပါးစပ်ကထုတ်မပြောပြလို့ အမူအယာအဖြင့် ကြင်နာပြဖို့က မလုပ်တတ်တဲ့သူတွေရှိတယ်လေ။ ဒါကိုသိနားလည်တတ်ရမယ်။ တချို့ယောကျ်ားတွေဆိုရင် သူတို့အတွက် အလုပ်ကြီးစားတာကိုတောင် ဂရုတစိုက်ရှုကြည့်မိ၊ သတိထားမိကြတာမဟုတ်ဘူး။ ဒါပေမယ့် အဲဒါကို မချစ်ဘူးလို့တော့ ပြောလို့မရဘူး။ အမြဲတ ကိုယ့်ကို စိတ်ဆင်းရဲမှုတစ်စုံတစ်ရာမပေးခဲ့ဘူးဆိုရင် ချစ်တယ်လို့ပြောလို့ရပါတယ်။

Q **မိန်းမတစ်ယောက်ရဲ့ ဘဝမှာ ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်တည်းဖြစ်ဖို့အတွက် အရမ်းခဲယဉ်းတယ်နော်။ အဲဒီလိုဖြစ်ဖို့အတွက် ဘာလုပ်ရမလဲ။**

A ချစ်တဲ့သူနဲ့ လက်ထပ်ချင်တဲ့ဆန္ဒဟာ တိုင်းမိန်းမသားတွေမှမဟုတ်ပါဘူး။ တကယ်ချစ်တတ်တဲ့ ယောကျ်ားတွေ

လည်းလေးစားတဲ့ချစ်ကြတဲ့အနေနဲ့တွေ့ရှိပါတယ်။ ဒီလိုကိစ္စတွေ ဟာ တမင်တကာလုပ်ယူရန်မဟုတ်ဘဲရှိရာသလို ကံကြမ္မာရဲ့ အလှည့်အပြောင်းကြောင့် ဖူးစာဆုံတာကြောင့် လေးသွားရ တဲ့ ချစ်သူတွေလည်း ရှိကြတယ်။ ကိုယ်မှာ လုပ်နိုင်တာကို လို့ ဖူးစာရေးနတ်ရာသောက်ဖို့ရယ်၊ နှစ်ဖက်အသိုင်းအဝိုင်း ကြားမှာရေတာက် တိုင်တတ်စကားပြောတတ်ဖို့ရယ်၊ ကိုယ် ချစ်တဲ့သူ့အပေါ် အကောင်းဆုံးဖြစ်အောင် သစ္စာစောင့်ရည် မှုနဲ့ ထုံးမြဲသိက္ခာတွေ ရှိတတ်ဖို့ပါ။

Q **တချို့ယောက်ျားတွေက ထက်ထက်မြက်မြက် မိန်းမမျိုးဆိုရင် မကြိုက်တတ်ကြဘူး။ အဲဒါဘာဖြစ်လို့လဲ။**

A လူဆိုတာ သွက်လက်ဖြတ်လတ်ဖို့တော့ အရေးကြီး တယ်။ ဒါပေမယ့် ကိုယ့်မှာသာယင်လောက်ပဲ ကိုယ်ပိုင်အမြင် အစ အမြည်အစေ့ရှိရှိ အိမ်ထောင်ဘက်နဲ့ ယှဉ်ရင်တော့ အဲဒီအရာတွေကို အားလုံးတော့ တင်ပြဖို့မလိုအပ်ဘူး။ အိမ်ထောင်ဦးစီးဆိုတဲ့နေရာမှာ ဝင်နေတဲ့သူတို့အတွက် ကိုယ်ကနေရာပေးတတ်ရမယ်။ သူတို့ရဲ့ ထင်မြင်ချက်ကို အနည်းဆုံးတော့ နာခံပေးရမယ်။ ဘယ်သူ့နဲ့မဆို ကိုယ်သိ ကိုယ်တတ်တာတွေကို နေရာပေးသင့်ပြီး ပြောဆိုတတ်ဖို့ လိုပါတယ်။

❑



## အမေးအဖြေ (၂)

**Q ချစ်သူနဲ့တွေ့ဖို့အတွက် ချိန်းဆိုထားတဲ့နေရာမှာ ရောက်ရှိနေလေ့ရှိတော့ အချိန်တိကျဖို့လိုတယ်နော်။ အပြဲနောက်ကျတတ်တဲ့သူကို စိတ်ပျက်ပြီး ချစ်သူအဖြစ်က ရုန်းထွက်လိုက်မယ်ဆိုရင် အမှားတွေ့နိုင်မလား။**

A အချိန်ဆိုတာဟာ လေးစားဖို့ တိကျဖို့အရေးကြီးပါတယ်။ ချစ်သူနဲ့တောင် အချိန်ကို မလေးစားဘူးဆိုရင် တခြားအရေးကြီးတဲ့ကိစ္စတွေမှာ သူ့အနေနဲ့ ဘယ်လိုနေအောင် ရှက်မလဲ။ ဒါပေမယ့် တစ်ခုရှိတာက သူကတခြားကိစ္စတွေမှာတော့ အချိန်ကိုလေးစားပြီး ကိုယ်နဲ့တစ်ယောက်တည်း အပေါ်မှာမှ အချိန်မတိကျတာရှိရင်တော့ မြန်မြန်သာ အဆက်အသွယ်ဖြတ်လိုက်။ မှားတယ်။ သူက ကိစ္စတိုင်းကို အချိန်မလေးစားတတ်တာဆိုရင်တော့ နားလည်ပေးအောင်

ပြောပြီး ညှိနှိုင်းကြည့်ပေါ့။

**Q အချစ်ဆိုတာ ဘယ်အရွယ်မှာစတင်ဖူးပွင့်နိုင်မလဲ။ ယောက်ျားမိန်းမ နှစ်ဦးစလုံးပေါ့။**

A သေချာခိုင်မာတဲ့အချစ်ကတော့ အသက် (၂၀) ကျော်လောက်မှ ဖြစ်နိုင်လိမ့်မယ်။ စိတ်ကစားတတ်တဲ့ အရွယ်ကတော့ ဘာပဲဖြစ်ဖြစ် စိတ်လှုပ်ရှားပြီး စမ်းသပ်ကြည့်ချင်တဲ့သဘောပါ။ အသက်အရွယ်ရင့်ကျက်လာတာ နဲ့အမျှ သူ့ရင်မှာပေါက်ဖွားလာတဲ့ အချစ်ကလည်း များသော အားဖြင့် ရင့်ကျက်လာမှာပဲ။ အချစ်ကို ဘယ်အရွယ်မှာ စတင်ဖူးပွင့်လာသလဲဆိုတဲ့ မေးခွန်းကတော့ လူတစ် ယောက်နဲ့တစ်ယောက် စိတ်ချင်းမတူညီတဲ့အတွက် ခန့်မှန်း ရခက်ပါတယ်။ တချို့လည်း အသက်ငယ်ငယ်ရွယ်ရွယ်မှာ အချစ်စစ်ကို စတင်ဖူးပွင့်သွားပြီး ခိုင်မာတဲ့သစ္စာတရားတွေနဲ့ တည်ဆောက်တာတွေ့ရပါတယ်။

Q သားသမီးရလာတဲ့အခါ အချစ်တွေလျော့သွားတတ် တယ်ဆို။ တစ်ဦးနဲ့တစ်ဦး စေးလျော့သွားတယ်ဆိုတာ ဟုတ်ပါ သလား။

A အချစ်လျော့သွားတယ်လို့တော့ မဟုတ်ပါဘူး။ သားသမီးက ငယ်သေးတဲ့အချိန်လေးမှာဝေယျာဝစ္စပေါင်းများစွာနဲ့ ဆိုတော့ လင်ယောက်ျားအတွက် အချိန်ပေးရတာတွေ လျော့သွားတယ်။ ဥပမာဆိုပါတော့ ခါတိုင်းနှစ်ယောက်သား လမ်းထွက်ရင် လက်ကလေးတွဲပြီးလျှောက်လို့ရပေမယ့် ကလေးတွေရလာတဲ့အခါ အဲဒီလိုလက်ကလေးတွဲပြီး လျှောက်ဖို့အခွင့်အရေးက ဘယ်လိုနည်းနဲ့မှ မရနိုင်တော့ဘူး လေ။ ကလေးရဲ့အလုပ်အကိုင်တွေကတစ်ဖက်၊ သူတို့အတွက် စဉ်းစားပေးရတာတစ်ဖက်နဲ့ ဖြတ်သန်းကြရတာ။ အင်း

ပေါ့။ နည်းနည်းတော့ ရည်းစားလွှာဆန်မှာပေါ့နော်။

**Q မိန်းမသားအိမ်ရှင်မတစ်ဦးဟာ သူ့ရဲ့အိမ်ထောင်ဘက်အပေါ်မှာ တာဝန်ကျေပြွန်လွန်းနေတာကို အဲဒီယောက်ျားက အသိအမှတ်ပြုပါ့မလား။**

A သူတို့ သိချင်မှသိလိမ့်မယ်။ တန်ဖိုးတစ်ခုကို နားလည်ချင်မှ နားလည်လိမ့်မယ်။ ပြီးတော့ ဒါဟာတာဝန် တစ်ရပ်ပဲလို့ ယူဆချင်ယူဆမှာပေါ့။ ဒါပေမယ့် အဲဒီမိန်းမရဲ့ လုပ်ဆောင်ချက်တွေထဲမှာ အားတွေ၊ ချွေးတွေ၊ အချိန်တွေ၊ အကြင်နာတရားတွေနဲ့ ဖြည့်နှက်နေတယ်ဆိုတာကိုတော့ မသိတဲ့သူကိုသိအောင် ပြောပြဖို့လိုမယ်။ တချို့ယောက်ျား တွေကျတော့ သိကိုမသိတာ။

**Q ဒါဆိုရင် အိမ်ထောင့်တာဝန်မထမ်းတတ်တဲ့ မိန်းမမျိုး ရထားရင်ရော အပြစ်ထင်မှာလား။**

A ဘယ်လိုပြောရမလဲ။ ကျွန်သဘောရနေပြီပေါ့နော်။ အပြစ်ကြီးတစ်ခုရှိသလိုတော့ ပြောဆိုနေမယ်မထင်ပါဘူး။ ပြီးတော့ချစ်တဲ့စိတ်၊ သံယောဇဉ်တွယ်တဲ့စိတ်နဲ့ ဘာမှ မပြောတာလည်းဖြစ်မှာပေါ့။ တချို့ဆိုရင် အိမ်ထောင်သက် (၃၀)ကျော်တာတောင် ဘာအိမ်မှုကိစ္စမှ မလုပ်တတ်တဲ့ ပေါင်းသင်းနေကြတဲ့သူတွေ အများကြီးပါ။ ဒါပေမယ့် တစ်ခု တော့ ရှိတယ်နော်။ အိမ်မှာနေချင်တဲ့စိတ်ရှိအောင် ဆွဲ ဆောင်မှုအားတော့ နည်းမှာ သေချာတယ်။

❑



## အမေးအဖြေ (၃)

**Q ယောက်ျားတစ်ယောက်ရဲ့ စိတ်ဓာတ်တည်ကြည် ရှိသောအမူဟာ သူ့ရဲ့အပြောအဆိုကို ကြည့်ရုံနဲ့ သိနိုင်ပါ သလား။**

A လူတစ်ယောက်ရဲ့ စိတ်ဟာ အပြောင်းအလဲအပြောအဆို ကို ကြည့်ရုံနဲ့ အလုံးစုံမသိနိုင်ပါဘူး။ တချို့က အပြော တစ်မျိုး အလုပ်တစ်မျိုးလုပ်တဲ့သူတွေ ရှိတတ်တယ်လေ။ ဒါပေမယ့် များသောအားဖြင့်ကတော့ "စကားသည်ကား စိတ်ကို ပြ" ဆိုသလို အပြောအဆိုကို နားထောင်ရုံနဲ့မှန်းဆ၍ရပါ တယ်။ ပြီးတော့ စိတ်အပြောင်းအလဲမြန်မြန်ဆိုတာကလည်း ရှိသေးတယ် မဟုတ်လား။

**Q ချစ်သူနဲ့ ရည်းစားကွာတယ်လို့ တချို့က ပြောကြ တယ်။ အဲဒါ ဘယ်လိုကွာသလဲ။**

A ရည်းစားထားတယ်၊ ရည်းစားထားကြည့်လိုက်ဦးမယ် ဆိုတဲ့အတွေးမျိုးတွေပေါ့ပေါ့ပါးပါးရှိတယ်။ ဘာမှစိတ်ထဲမှာမရှိ မလိုက်ဘူးပေါ့။ ချစ်သူကျတော့ အဲဒီလိုမဟုတ်ဘူး၊ သူ့အပေါ် ကို စိတ်ထဲက လေးနက်မြတ်နိုးပြီးသားဖြစ်နေတာ၊ တန်ဖိုး ကြီးမားတဲ့ရတနာတစ်ခုကို ရထားသလိုမျိုးခံစားကြည့်လိုက်ရမှု စိတ်အရ မှု ခံစားချက်တွေ တန်ဖိုးကြီးရှိရတဲ့အရာ။

Q **အဲဒါဆိုရင် ပူပင်သောကတွေ တစ်ခုခု ကြီးကြီး ဖြစ်ရ မှာပေါ့နော်။**

A အချစ်ဟာ များသောအားဖြင့်တော့ အမှုကြီးရောက်တတ် တာပဲ။ ချစ်လေ နိုးရိမ်လေ သောကများရလေပဲ၊ ဒါပေမဲ့ မှန်ကန်တဲ့အချစ်မျိုးတွေရှိရင်တော့ သေချာပေါက်တွေကို လည်း ပိုင်ဆိုင်ရပါတယ်။ ဥပမာ ချစ်သူက ကိုယ့်ကို ဂရု တစိုက်ရှိတတ်တဲ့အရာလေးတွေက ပြန်တွေးမိရင် ကြည်နူး စရာလေးတွေရှိတာပေါ့နော်။

Q **လောကကြီးနဲ့မိန်းမအချစ်ပြိုင်ဘက်လုပ်ရင် ဘယ်သူ က အနိုင်ရမလဲဟင်၊ မိန်းမတွေက အနိုင်ရမှာပဲ မဟုတ် လား။**

A ဘာလဲ … ပြိုင်ပွဲလုပ်ကြည့်မလို့လား။ ဒါဆိုရင် နိုင်ဖို့ကြီးက ဘယ်သူလုပ်မှာလဲ၊ တို့တွေသာဝင်တာကတော့ ချစ်တတ်တယ်၊ ချစ်ကြတယ်ဆိုတဲ့နေရာမှာ လောကကြီး မိန်းမပြိုင်ပြောမနိုင်ဘူး၊ လွှဲခိုင်တဲ့ တည်ကြည်ရှိသောမှုပဲ၊ သိပ်ချစ်တတ်ပြီး ရိုးသားတဲ့လောကကြီးမျိုးတွေမှုသာလို၊ သစ္စာရှိတဲ့မိန်းမမျိုးလည်း ရှိတတ်တာပဲလေ။

Q **ရှုတစ်လောက်ကို စပြီးချစ်မိသွားပြီဆိုတဲ့အခါက ကိုယ့်ကိုယ်ကို ဘယ်လိုစမ်းစစ်ပြီး သိနိုင်မလဲဟင်။**

A မသိစိတ်ကနေ ချစ်နေမိတာဆိုရင်တော့ တစ်ခုံ

တစ်ယောက်ရဲ့ လှုပ်ရှားမှုတွေမှာရော ကိုယ့်ကိုယ်ကို မသိနိုင်ဘူးပေါ့။ သိနိုင်တာကတော့ ဒီလူတစ်ယောက်ကို ချစ်မိတဲ့အချိန်ကစလို့ ကိုယ့်ရဲ့ အတွေးအခေါ်တိုင်းအချိန်တိုင်းမှာသူ့အကြောင်းတွေချည်းပဲဖြစ်နေပြီဆိုရင် ချစ်မိတာသေချာပြီလို့သိနိုင်တယ်။ ပြီးတော့ ပေးဆပ်ချင်တဲ့စေတနာတွေ ရှိနေတာမျိုးပါ။

❑



## အမေးအဖြေ (၄)

Q ယောကျ်ားတွေရဲ့ အကြိုက်က မိန်းကလေးတစ်ယောက် ခေတ်မီနေတာကို ကြိုက်သလား။ ဒါမှမဟုတ် ရိုးသားတဲ့ဝတ်စားဆင်ယင်ပုံကို ကြိုက်သလား။

A ဝတ်စားဆင်ယင်ပုံ ပိုင်းကတော့ ခေတ်နဲ့အညီ ဝတ်စားတာက မပြောသာပေမယ့် ခေတ်ရေစီးကြောင်း နောက်တော့ မကောင်းဘူးပေါ့။ ယောကျ်ားတွေဆိုတာက တခြားမိန်းကလေးတွေကို အပိုက်၊ အကွဲဝတ်ရင် ကြည့် ကြ ပေးကြတာ။ ကိုယ့်ချစ်သူမိန်းကလေးကိုဝတ်ရင်တော့ မကြိုက်တတ်ကြပါဘူး။ ဒီ မြန်မာနိုင်ငံရဲ့ အများစုက ဆံပင် ရှည်ရှည်လေးရဲ့ ခေတ်သိမ်းမော်ကွန်း မျိုးကွန်းတဲ့ပုံစံလေး ကိုပဲ သဘောကျလက်ခံကြတာပါ။ ဒါပေမယ့် မိန်းမတစ် ယောက်ရဲ့ အတွေးအခေါ်ကတော့ အမြဲတမ်းခေတ်မီနေဖို့

လိုအပ်ပါတယ်။

Q **ပညာတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်ပြုလိုက်ကြတဲ့အတွက် ရလာမယ့်အကျိုးသက်ရောက်မှုတွေက ဘာတွေဖြစ်နိုင်မလဲ။**

A ရရှိလာတဲ့ အကျိုးသက်ရောက်မှုတွေက အဆိုးရွားဆုံးတွေကို ရင်ဆိုင်ရမှာပဲ။ ပထမဦးဆုံး ကိုယ့်မှာ အိုးပိုင် အိမ်ပိုင် စီးပွားရေးမရှိတဲ့အတွက် နှစ်ဖက်မိဘမှာ လိုက်နေရမယ့် အခြေအနေတွေ၊ အဲဒီလိုလိုက်နေရတဲ့အခါမှာ သူ့မိဘ၊ ကိုယ့်မိဘ၊ ညီအစ်ကိုမောင်နှမတွေနဲ့ စကားများရတဲ့ ဒုက္ခတွေ၊ အနှိမ်ခံရမှာတွေ၊ ပညာတစ်ပိုင်းတစ်စလက်စနဲ့ လောကရဲ့အတုအယောင်၊ အလှည့်အပြောင်းတွေကြောင့် စိတ်ကျရောဂါတွေ ရလာကြပါတယ်။ ရင့်ကျက်မှုမရှိသေးတဲ့အချိန်ဆိုတော့ ဆုံးဖြတ်ချက်တွေကလည်း မှိုင်းမှုန် မှောက်သွားတော့ ဒါကြောင့်ဘယ်လိုပဲဖြစ်ဖြစ် အစ်မအနေနဲ့ကတော့ ချစ်သူ့ကိုလက်ထပ်မယ်ဆိုရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့အခြေအနေဟာ အကောင်းဆုံးလို့ ထင်တယ်။ ပညာလည်းစုံ၊ စီးပွားလည်းအသင့်အတင့်ရှိမှ အိမ်ထောင်ပြုတာကောင်းပါတယ်။

Q **များသောအားဖြင့် ဖြစ်လေ့ဖြစ်ထရှိတယ်နော်။ အိမ်ထောင်ပြုလိုက်ပြီဆိုရင် နှစ်ဖက်မိဘအရေးကြောင့် စကားများရန်ဖြစ်ရတတ်တယ်။ အဲဒါ ဘာကြောင့်လဲခင်ဗျ။**

A ချစ်သူနှစ်ဦး လက်ထပ်ပေါင်းသင်းလိုက်ပြီးတာ အဲဒီ ချစ်သူနှစ်ဦးတည်းနဲ့ပြီးပြတ်သွားတာမဟုတ်ဘူး၊ အသိုင်းအဝိုင်းနှစ်ခုပေါင်းလို့ ပတ်သက်ဆက်နွယ်ရပြီဆိုတာ သိထားသင့်တယ်။ အထူးသဖြင့် မိန်းမတစ်ယောက်အနေနဲ့ နှစ်ဦးနှစ်ဖက် ဖွဖွဖြာဖြာ တွေးတောနိုင်ရင် စကားများစရာ

အကြောင်းသိဝ်မရှိပါဘူး။

Q **အိမ်ထောင်ရေးမှာ ငွေကြေးပြည့်စုံမှုဟာ သာယာခိုင်မြဲတယ်လို့ ပြောကြတယ်နော်။ အဲဒါက ရာနှုန်းပြည့်ဖြစ်နိုင်ပါ့မလား။**

A ရာနှုန်းပြည့်တော့ မဟုတ်ဘူး။ ၇၅ ရာခိုင်နှုန်းလောက်တော့ မှန်တယ်။ တချို့အိမ်ထောင်ရေးတွေမှာကျတော့လည်း စိတ်ဆင်းရဲရေးအကြောင်းကိစ္စတွေရှိနေတတ်တာပဲလေ။ အရေးကြီးတာကတော့ သတ်မှတ်ထားတဲ့ကျင့်ဝတ်စည်းကမ်းကို မဖောက်ဖျက်မိဖို့ပါပဲ။ ပြီးတော့ မိသားစုအပေါ် တာဝန်သိတတ်တဲ့လူနှစ်ဦး ပေါင်းဖက်မိရင် မသာယာနိုင်စရာမရှိပါဘူး။

Q **အချစ်ဟာ စွမ်းအားတစ်ခုခုပေးနိုင်တယ်ဆိုတာ လက်ခံသလားဟင်။**

A လက်ခံပါတယ်။ ဘယ်လိုပဲလောကအမောတွေရှိရှိ အချစ်မသေဆုံးသေးရင် ရင်ဆိုင်နိုင်ပါသေးတယ်။ အဲဒီအချစ်ကြောင့် စိတ်ဓာတ်တက်ကြွတဲ့ အင်အားစွမ်းအားတွေရရှိသလို တစ်ခါတစ်ရံမှာလည်း အချစ်ကြောင့် စိတ်ဓာတ်ပျက်ပြားရတာတွေလည်း ရှိတတ်တာမို့ စွမ်းအားတစ်ခုခုရှိတယ်ဆိုရင် မမှားဘူးပေါ့နော်။

❑



အမေးအဖြေ (၂၅)

Q **မိခင်တစ်ယောက်အနေနဲ့ သားသမီးရဲ့ ခင်ပွန်းလောင်း လာရင် ဘယ်သူက ဦးစားပေးအဆင့်မှာ ရှိမလဲ။**

A ဦးစားပေးအဆင့်၊ ဝင်ပေါက်မှာကလည်း အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်၊ သားသမီးကလည်း ကိုယ့်ရင်က ဖြစ်တဲ့ သွေးသားအရင်း ကိုယ်စီမခွဲခြားပေးရမယ့် အရွယ်ဆိုတော့ မိခင်တစ်ယောက်အနေနဲ့ အိမ်ရှင်မကောင်းတစ်ယောက်အဖြစ်လဲ တာဝန်တွေပေးလိုက်ရအောင် မိခင်ကောင်းအဖြစ်လည်း သွန်သင်ညွှန်ကြားနိုင်ရအောင် နေပေးရမှာပဲ။ ဦးစားပေးဆိုတာကတော့ နှစ်ဖက်စလုံးအတွက် အချိန်တွေ၊ အားတွေပေးမိမှာပဲ။ အမေ့သာရှုံးကတော့ ကိုယ့်ကိုယ်ကို ထည့်မတွက်မိဘဲ သူတို့အတွက် အရာအားလုံးပေးအပ်ထားကြတယ်ဆိုတာပါပဲ။

Q **ဒါဆိုရင် အိမ်ရှင်မတိုင်း၊ မိခင်တိုင်း ဒီလိုစိတ်ဓာတ် ဖြစ်နိုင်တယ်ပေါ့။**

A ၉၀ ရာခိုင်နှုန်းလောက်ပြောနိုင်ပါတယ်။ တချို့ကျတော့ ကိုယ့်ကိုယ်ကို ချစ်တဲ့စိတ်ကများနေတတ်တယ်။ အတ္တကြီး တာပေါ့နော်။ နေရာတိုင်း အနိုင်လိုချင်တဲ့သူမျိုးပေါ့။ ဘယ်လိုပြောရမလဲ။ အိမ်ထောင်သာကျတယ်။ သားသမီး တွေသာရလာတယ်။ ဘဝမှာရင့်ကျက်မှုတွေမရှိသေးဘူးလို့ ဆိုရမလားပဲ။ တချို့မိန်းမသားတွေကျတော့လည်း စီးပွား ရေးအရ လူမှုရေးအရ မပြေလည်မှုတွေများတော့ အဲဒီလို ပေးအပ်မှုမျိုးတွေမရှိကြတာလည်း ဖြစ်ကောင်းဖြစ်နိုင်လိမ့် မယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ မိခင်မေတ္တာကတော့ မိခင်တိုင်း မှာ ရှိတော့ရှိမှာပါ။

Q **တစ်ခုသိချင်တယ်။ ယောက်ျားနောက်သွားလေတော့ရော တကောက်ကောက်လိုက်တတ်တဲ့ မိန်းမမျိုးကို သူတို့ ယောက်ျားတွေအမြင်၌ ဘယ်လိုမြင်မလဲ (သူတို့ မခေါ်ချင် ဘဲနဲ့ပေါ့)**

A နေရာတိုင်း မိန်းမက လိုက်လို့မသင့်ဘူး။ ဥပမာ နှစ် ယောက်စုံတွဲသွားမှ တင့်တယ်မယ့်နေရာမျိုးဆိုရင်တော့ သွားရမယ်။ လိုက်ရမယ်။ မိသားစုအတွက် သီးသန့်အချိန် ပေးထားတာမျိုးဆိုရင်တော့ စည်းစည်းလုံးလုံးနဲ့ ခရီးထွက်ရ မယ်။ တချို့ကတော့ မဟုတ်ဘူး။ ကိုယ်နဲ့ ဆိုင်ဆိုင်၊ မဆိုင် ဆိုင် သွားလေရာလိုက်ချင်တော့တာပဲ။ အဲဒီလိုဆိုရင် ကိုယ့်ယောက်ျားရဲ့ လွတ်လပ်မှု ဂုဏ်သိက္ခာတွေကို ထိခိုက် စေတာပေါ့။ သူတို့ကလည်း စိတ်ထဲကမခေါ်ချင်၊ ကိုယ်က လည်း အတင်းလိုက်ဆိုရင် သေချာတယ် အဲဒီလမ်းခရီး ပျော်စရာကောင်းမှာ မဟုတ်ဘူး။ စိတ်ထဲမှာလည်း သူတို့

မခေါ်ချင်တဲ့ လမ်းကိုအတင်းလိုက်ရကောင်းလားဆိုပြီး မကျေနပ်ချက်ရှိနေမှာပေါ့။ ကျိန်ဆဲနေမှာပေါ့။

Q **အဲဒါဆိုရင် 'မခေါ်ချင်ဘူး' လို့ ပါးစပ်က ထုတ်ပြော လိုက်ရင် ပြီးတာပဲမဟုတ်လား။**

A ဩော် ခက်တော့တာပဲ။ မိန်းမကြောက်ရတဲ့ ယောက်ျားတွေရဲ့အဖြစ်ကိုပြောတာ။ ကြောက်ရတဲ့သူက 'မိန်းမရှေ့ဒီလမ်းတော့ လိုက်ခဲ့ဦးနော့' ဆိုရင် မိန်းမက လည်း နှစ်ခြိုက်နေခဲ့မှာပဲ။ သားသမီးတွေ ကလေးတွေလည်း ဒီအတိုင်းပဲ၊ သင့်တော်တဲ့နေရာမျိုးမှသာ ခေါ်သွားသင့်ပါ တယ်။

Q **အိမ်တွင်း အောင်းပြီးရှောင်တိမ်းလာရတဲ့ မိန်းမ တွေရဲ့ခံစားချက်ကရော။**

A တဖြည်းဖြည်းနဲ့ အကြိုက်တွေ အတွေးအခေါ် တွေတိုးလာမယ်။ အိမ်မှုကိစ္စတွေနဲ့ပဲ အချိန်ကုန်နေရတဲ့ အတွက် အပြင်လောကသုတတွေ ဘာမှမသိတော့ဘူး။ အဲဒီ မိန်းမသားတွေဟာ သမားရိုးကျကောင်းတာ၊ လင်ယောက်ျား ရဲ့ လှုပ်ရှားခြင်း၊ သားသမီးရဲ့ လှုပ်ရှားခြင်းကို ဘာမှမသိ ဘဲလိုဖြစ်ရတော့တာ။ ပြီးတော့ သူတို့ကိုယ်စိတ်ဖြစ်ရ ပြဿနာ တက်လာရင်လည်း ကူညီဖြေရှင်းပေးနိုင်တဲ့ အကြံဉာဏ်မှ မပေးတတ်တော့ပါဘူး။ ဒါကြောင့် အဲဒီလိုတဝဲမျိုးမဖြစ် အောင် အကကာလညီကာအကျပ်လုပ်ထားဖို့တော့ လိုပါလိမ့် မယ်။

❑



## အမေးအဖြေ (၆)

Q အများအားဖြင့်ပေါ့နော် ယောက်ျားတွေက မိန်းမနေထိုင်မကောင်းဖြစ်တဲ့အခါ ပြုစုတတ်ပါ့မလား၊ မိန်းမတွေဘက်ကတော့ လိုလေသေးမရှိ ပြုစုမှာသေချာတယ်နော်။

A နေထိုင်မကောင်းဖြစ်တဲ့အခါမှာ မိန်းမတွေဘက်က သူတို့အပေါ်ကကယ်ပဲပြုစုတတ်ကြပါတယ်။ မေတ္တာတရားတွေရော အကြင်နာတွေရောပုံပေးပြီး ယုယယုယလုပ်ပေးနိုင်ကြတဲ့မိန်းမအရေအတွက် ၉၀ ရာခိုင်နှုန်းလောက်ရှိမှာပါ။ အဲ ဒါပေမယ့် တချို့ယောက်ျားတွေကျတော့လည်း မိန်းမနေထိုင်မကောင်းဖြစ်တဲ့အခါ ကိုယ်တိုင်ရင်ဆိုင်ပြုစုတတ်ကြတဲ့သူမျိုးတွေလည်းရှိပြန်ရော။ ဥပမာ အစ်မတို့ ဘိုးဘိုးဆိုရင် အသက် (၇၀)ကျော်နေပြီနော်၊ ဘွားဘွားက ပေါင်ကျိုးလို့ နာတာရှည်ရောဂါသည်ဖြစ်နေတာပေါ့။ အဲဒါ အဘွားရဲ့ဆီး

ဝမ်းနည်းပူဆွေးစွ၊ ဒေါသထိုက်၊ ထခင်းမှုံ့ကာကာသေး ဘိုးဘိုးက ဘယ်သူမှမရှိဘဲ သူ့ကိုယ်ကိုယ် စနစ်တကျပြုနေလေတော့ တာကာလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်နေတယ်လေ။

**Q အဲဒီလိုမျိုးဖြစ်နေလေတော့တဲ့ ယောက်ျားရေတာ ကံကောင်းတာပေါ့နော်။ ဒါဟာအချစ်ရဲ့ စွမ်းအားကြောင့်လို့ ပြောလို့ရမလား။**

A အင်းပေါ့၊ ကံကောင်းတာပေါ့။ သူ့မှာသူ့ဆီမှာဖြစ်တာ ထက်စာရင် အရှုံးခံပြောရင် သားသမီးအရင်းဖြစ်တာ ထက်၊ ကိုယ့်ရဲ့ခင်ပွန်းရဲ့ အကြင်နာပေးပတာကိုပဲချင်ကြ တာ သဘာဝပဲလေ။ ရောဂါတစ်ခုကိုသက်သာစေတဲ့ သဘောပေါ့နော်။ ကြီးတော့ အချစ်ရဲ့စွမ်းအားကြောင့်ဆိုရင် လည်း မမှားဘူး။ အသက်အရွယ်ကြီးတဲ့လူတွေကျတော့ လည်း တစ်ယောက်နဲ့တစ်ယောက်အားကိုးအားထား ရှိလှယ်ရာအဖြစ်နဲ့ပေါ့နော်။ သံယောဇဉ်ကြီးတွေနဲ့ ရှိတတ် တာတဲ့ ဆေးမြစ်တွေပါတာရှုတွေပေါ့။

**Q တစ်ခုသိချင်တယ်။ ကျွန်မတို့ ပတ်ဝန်းကျင်မှာပေါ့ နော်။ အမြဲလိုလို မြင်တွေ့နေရတဲ့ဖြစ်ရပ်လင်ယောက်ျားရဲ့ အဖြစ် ပေါ့။ လင်ယောက်ျားက နေ့တိုင်းအိမ်ပြန်နောက်ကျတယ်။ မိန်းမက ညတက်တစ်ယောက်တည်းနေရတယ်။ သူမရဲ့ ခံစားချက်ဘယ်လိုရှိနိုင်မလဲဟင်။**

A အမြဲအတိအကျသိဖို့ဆိုတာက အဲဒီယောက်ျားဟာ ဘာကြောင့်နေ့တိုင်းအိမ်ပြန်နောက်ကျရတာလဲ၊ စီးပွားရေး ကြောင့်လား၊ ဒါမှမဟုတ် အပျော်အပါးကြောင့်လား၊ စီးပွား ကြောင့် ရှာရလို့ သူ့မှာ ဒီအချိန်ထိ အိမ်ပြန်ရတာဆိုတာ မျိုးကျတော့ အမျိုးသမီးအနေနဲ့ ခွင့်လွှတ်မယ်၊ နောက် ထောက်လည်း သူ့ကိုသူမစောင့်ကျန်တော့မယ်၊ ဘာအစေခံ

ချက်ရှိဖို့အတွက် သူ့ရဲ့ဝင်ပွန်းကြီးစားနေတာပဲရှိတဲ့ အတွေး ကောင်းမျိုးဝင်ပြီး နားလည်ပေးမယ်။ အဲ … အပျော်အပါး မက်ပြီး သောက်စား ပေါ့ပေါ့ပါးပါးနေ အချိန်ဖြုန်းပြီး အိမ်ပြန်နောက်ကျတာမျိုးဆိုရင်တော့ သူမရဲ့ရင်ထဲမှာ ဘယ်လိုနည်းနဲ့မှ ချမ်းမြေ့မှာမဟုတ်ပါဘူး။ ရန်မဖြစ်ချင်၊ စကားမများချင်လို့သာနေရစ်မယ်။ လျစ်လျူရှုထားပြီး နေနိုင်သလောက်၊ ခံစားနိုင်သလောက် လေ့ကျင့်ထားတာဖြစ် ကောင်းဖြစ်မယ်။

**Q အဲဒီလိုဆိုရင် ညှိမရမယ့်အတွေ့တွေ လမ်းခွဲလိုက်တာ မကောင်းဘူးလား။**

A ကြော် … ရွှေကနေဆိုတာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်နိုင်၊ ပုံဖော်ခွင့်ရတဲ့ကိစ္စမှမဟုတ်တာ၊ ပြီးတော့ ဝန်ကြောင်းတွေ၊ ပေးဆပ်ရဦးမယ့်အရာတွေကရှိသေးတယ်လေ၊ သေချာ တာကတော့ ဒီလူတစ်ယောက်အပေါ်မှာ သံယောဇဉ်အစ အနေလေးကျန်နေသေးသရွေ့ ဘာအပြစ်ကြီးဘဲလုပ်လုပ် ခွင့်လွှတ်စိတ်ကလေးကရှိနေသေးတာပဲ၊ မပြတ်နိုင်သေးတဲ့ လက်ကျန်အချစ်အပိုင်းအစလေးတွေပေါ့။

**Q ယောက်ျားတွေဟာ အိမ်ထောင်သက်တမ်းကြာလာ ရင် မိန်းမအပေါ်မှာ ရိုးသွားတတ်တယ်ဆို အဲဒါဘာဖြစ်လို့ လဲ။**

A ရိုးသွားမယ်၊ သေချာတာပေါ့။ ယောက်ျားအများစုရဲ့ သဘာဝအရ အိမ်မှာတွေ့ရ မမြင်ရရင် မြင်ချင်တွေ့ချင်မယ်၊ ဆန်းပြောနေမယ်၊ ပေ့ … တွေ့ရပါများတဲ့အခါ သိပ်ပြီး ရင်မခုန်တော့ဘူး။ ပြောရမယ်ဆိုရင် ထီပြန့်ဟင်းအမြဲစားနေ ရရင်တောင်မှ တစ်ခါတလေ ချဉ်ပေါင်ဟင်းလေးမြည်း ကြည့်ချင်တဲ့သဘောပေါ့ကွယ်။ တစ်ခါတလေအပြောင်း

အပေါ်သဘောကျမှုနဲ့ ပြည့်စားစေလောက်က ကိုစွမ်းရှိစေမယ် အမြဲတမ်းသုံးနေရင် ချစ်ခြင်းဖြစ်တတ်တယ်ဆိုတဲ့အတွေးမျိုး ရှိတတ်ကျရင်တော့ စိတ်ကိုနိုင်နင်းရင်တော့ သစ္စာစောင့်ဖို့ ဆိုတာ သိမ်ရှိစေတဲ့မယ် မဟုတ်ပါဘူး။ အရေးကြီးဆုံးက စိတ်တစ်ခုတည်းပါပဲ။ ဘယ်လောက်ပဲ ရှိနေသွားစေဦးတော့ ယမ်းမြှားလို့မရတဲ့ကြိုးတွေကတော့ သူတို့ကိုချည်နှောင်ထား တဲဦးမှာပါ။

❑



အမေးအဖြေ (၄)

Q ဆိုကြပါစို့ အစ်မရယ်၊ ယောက်ျားနှစ်ယောက်က မိန်းမတစ်ယောက်ကို ပြိုင်ကြိုက်ပြီးချစ်ကြတယ်။ ဒါပေမယ့် တစ်ယောက်က အိမ်ကြီးရာကြီးရှိတဲ့သူ။ တစ်ယောက်ကတော့ အရမ်းကိုကြင်နာပြတတ်တယ်။ ချစ်တာချင်းတူပေမယ့် အခြေအနေချင်းကွဲပြားနေတယ်။ အဲဒါဆိုရင် ဘယ်သူ့ကို ရွေးချင်သင့်တော်မလဲ။

A လူတစ်ကိုယ်မှာ အကြိုက်တစ်မျိုးစီပဲညီမရဲ့။ တချို့က ကြင်နာတတ်တဲ့အပေါ်မှာ စီးမျောသွားသလို တချို့ကတော့ ကိုယ့်ကိုရှစ်ကိုက်တာကို လွတ်လပ်တယ်ထင်ပြီး ကြိုက်တတ်ကြတယ်။ အစ်မဆိုရင်တော့ ကြင်နာတတ်တဲ့သူ၊ ကိုယ့်ကိုအစိုးမကြည့်တဲ့သူကို ရွေးမှာပဲ။ ပါ ညီမရဲ့ အကြိုက်ပေါ့။

**Q အိမ်ထောင်သည်ဘဝကိုရောက်သွားရင် ယောက်ျား တွေက အချစ်တွေလျော့သွားတတ်တယ်နော်။ အဲဒါဘာဖြစ် လို့လဲ။**

A အဲဒီပြဿနာဟာ မိန်းမတွေအများစုခံစားနေရတဲ့ ဒုက္ခပဲ။ အချို့တွေကြားဘူးတာနဲ့အမျှ 'ငါ့ကိုချစ်ပါ့မလား။ အရင်လိုမဟုတ်တဲ့ ပစ်သွားတော့မှာလား' ဆိုပြီး အချို့ရှိ သချ္ချ တွေးပြီးပူနေကြတာ။ တကယ်တမ်းတွေးကြည့်ရင် သူတို့မှာလည်း တစ်ခြားစီးပွားရေး၊ လူမှုရေးတွေ၊ အချို့ လုပ်စရာတာများတော့ ကိုယ့်ကို အရင်တုန်းကလို အရေး မစိုက်နိုင်ကြတော့တာပါ။ မေးရင် 'အရင်လိုချစ်သေးရဲ့လား လို့' မေးကြည့်ပါလား။ 'ချစ်တယ်'ဆိုတဲ့ စိတ်ချမ်းသာစရာ စကားလေးတော့ ကြားရမှာတော့ သေချာတယ်။

**Q ယောက်ျားအချစ်ကို ခံရတဲ့မိန်းမတစ်ယောက်ရဲ့ ဘဝနဲ့ ယောက်ျားရဲ့ ဥပေက္ခာပြုတာကိုခံရတဲ့ မိန်းမဘဝ ဘယ်ဟာကပိုပြီးကံကောင်းတယ်လို့ ယူဆသလဲ။**

A လင်ယောက်ျားအချစ်ကို အလုံးစုံရရှိတဲ့မိန်းမ၊ အချစ် လွှမ်းခံရတဲ့မိန်းမဟာ တစ်နည်းအားဖြင့် ကံကောင်းသလို တစ်ဖက်ကကြည့်ရင်လည်း လွတ်လပ်မှုတွေဆုံးရှုံးတယ်။ သူတို့က အရုပ်လေးတစ်ရုပ်လို တန်ဖိုးထားနေတဲ့အတွက် သူတို့စိတ်နဲ့ပဲ အသက်ရှင်နေရတော့တယ်။ သူတို့ရဲ့ အချစ်လွှမ်းနေတဲ့ ချုပ်ချယ်မှုအောက်မှာ ရှင်သန်နေရတဲ့ သဘောပေါ့။

အဲ... ဥပေက္ခာ ပြုတာခံတဲ့ယောက်ျားကတော့ ကိုယ့်မိန်းမ ဘယ်သွားသွား၊ ဘာဝတ်ဝတ် အိမ်က ဂရုစိုက် မိဘူး။ ချုပ်ချယ်ရကောင်းမှန်း သဝန်တိုရကောင်းမှန်းလည်း မသိဘူး။ ချစ်လို့ မဟုတ်ဘူးနော်။ သူတို့ရဲ့ ပင်ကိုစိတ်က

အဲဒီအကျင့် ရှိနေတာ။ ဟဲ . . . အဲဒီနှစ်ချိုးနှစ်စားထဲသော မိန်းမထဲမှာကိုယ်က ဘယ်နေရာမှာရပ်တည်ချင်တာလဲ။

**Q အိမ်ထောင်ဘက်ရွေးချယ်တဲ့နေရာမှာ ကိုယ်နဲ့ ပါသနာတွေကို ရွေးချယ်ရင်ပိုသင့်တော်မယ်လို့ထင်ပါတယ်။ အဲဒီအတွေး အခေါ်လေးအတွက် အစ်မရဲ့အမြင်ကရော ဘယ်လိုရှိလဲ။**

A ကိုယ်နဲ့ပါသနာတူ စရိုက်တူရင်တော့ အကောင်းဆုံး ပေါ့ကွယ်။ များသောအားဖြင့် "အကျင့်တူမှုသည် အိမ်သူ ဖြစ်တတ်ပါတယ်" ဆိုသောပါသနာပါတဲ့သူချင်း ဗီဇပါသနာ တူချင်း၊ အများသဖြင့်စရိုက်လက္ခဏာအမူအကျင့်တူရင် ညှိနှိုင်းရတာကို အဆင်ပြေတာပေါ့။ နားလည်မှု ပိုရှိတာပေါ့။

**Q အချစ်ကိုတန်ဖိုးထားတဲ့သူ၊ အချစ်ကြီးတဲ့သူကတော့ ခံစားချက်ပြင်းထန်တယ်နော်။ အဲဒီလို ခံစားချက်မျိုး မခံစား ရအောင် ဘယ်လိုနေရမလဲ။**

A အချစ်ကြီးရင် အချက်လည်းကြီးတတ်တယ်လေ။ ကိုယ့်မှာ သူ့အတွက်ပေးဆပ်လိုက်ရတဲ့အရာတွေကို နား မလည်ဘူး၊ တန်ဖိုးမထားဘူးဆိုရင် ခံစားရတဲ့ဝေဒနာ တွေက အများကြီးဖြစ်မှာ သေချာတယ်လေ။ ဒါပေမယ့် အဲဒီ တန်ပြန်တဲ့မေတ္တာတွေက ပြန်ပြီးရှုရတတ်ပါတယ်။ အဲဒီ ကိစ္စတွေက တခဏလုပ်လို့ မပြီးလို့မရဘူး။ တကယ်ချစ် တတ်တဲ့သူနဲ့တွေ့မှ ခံစားတတ်ကြတာပါ။

❑



အမေးအဖြေ (၈)

**Q ကိုယ့်ချစ်သူဆီ မိန်းကလေးတစ်ယောက်အနေနဲ့ တစ်ခါဖုန်းဆက်မိတာကို အပြစ်ပြောခံရသလား။**

A ဖုန်းဆက်တာ ဘာပြစ်မှုမှ ကျူးလွန်တာမှမဟုတ်တာ။ အရှင်းဆုံးပြောရရင် လူချင်းမတွေ့နိုင်လို့တွေ့တာကမှ လှုပ်ရှားခဲ့ဦးမယ်။ ဖုန်းလေးဆက်ပြီး စကားလေးပြောရတာဟာ အပြစ်မဟုတ်ပါဘူး။

**Q တချို့ဆိုရင် အိမ်ထောင်သက်တွေကြာနေပြီ၊ ယောက်ျားကို စိတ်မရှုပ်တာတို့ ရုံးကိုဖုန်းမဆက်မရတာတို့ ရှိတတ်ကြတယ်။ အဲဒါကရော။**

A အချစ်ဟာ အသက်ကြီးခြင်း၊ ငယ်ခြင်းနဲ့ဆိုင်သလား။ ဘယ်လောက်အိမ်ထောင်သက်ကြာကြာ မိန်းမသားအများစုကတော့ ချစ်ကြတာချည်းပဲ။ ယောက်ျားတွေ

အမေနဲ့ကလည်း မတွေ့ကြဘူးပေါ့၊ တချို့ကတော့ ကိုယ့်ကို အချိန်မရွေး ရှုစိုက်နေတာ၊ ဖုန်းလေးဆက်နေတာကိုပဲ ကြိုက်ကြသလို တချို့ကလည်း အဲဒီလိုမိန်းမက လိုက်လှုပ် နေတာကိုပဲ အနေကျဉ်းကြပ်တယ်ထင်နေကြတယ်။ အစ်မ အမျိုးသားနိုင်ငံ သူ့ကိုသဝန်တိုတာကို သဘောကျသလို ဖုန်းဆောဆောဆက်တာကိုလည်း ကြိုက်တယ်၊ အကောင်း ဆုံးကတော့ ဘယ်တော့ထိမ်းတောင်းသက်ကြာကြာ အသက်ကြီးကြီး အချစ်ရှိမှုရင်ခုန်နေတာမျိုး အခင်မပြေမှု ပိုမျှားတယ်။ သာဓကတွေအများကြီးပေါ့။

Q **အချစ်မှာ မာနတို့ အတ္တတို့ ထားသင့်သလား။**

A မာနဆိုတာ အချစ်မှာမှ မဟုတ်ဘူး၊ သူ့နေရာနှင့်သူ ထားသင့်တယ်။ အတ္တကတော့ လူတိုင်းနဲ့ကင်းတာမှ မဟုတ်တာ၊ ဒါပေမယ့် အဲဒါတွေလွှတ်ထိန်း အချိုး လွယ်မှ မာနတို့ အတ္တတို့ထားတာကောင်းပါတယ်။ အိမ်ထောင်ရေး မှာတော့ အတ္တနဲ့မာနဟာ အချစ်နဲ့ရောမသွားစေချင်ဘူး။ အိမ်ထောင်ရေးသာယာဖို့ဖြစ်ဖို့အတွက် အဓိက ကတော့ မိမိရဲ့အတ္တနဲ့မာနတွေကို နောက်ပို့ထားလိုက်ပါ။

Q **ဒါဆိုရင် အမြဲတမ်းအရှုံးနဲ့ရင်ဆိုင်ပြီး လျှော့ပေးနေရ တော့မှာလား။**

A မဟုတ်ဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ်အိမ်ထောင်ရေး မှာ ကိုယ့်ရဲ့အတ္တနဲ့မာနကို မထားဘဲနေကြည့် စိတ်ချမ်းသာ ရလောက်တယ်။ အဲဒီအတွက် ကိုယ်ကအနိုင်ရနေတာ၊ ကိုယ့်ရဲ့အပြောဆိုအတိုက်အခံလှုပ်ပေးတာမှာ ယောက်ျား နဲ့ကလေးတွေဟာ အသာတကြည်နဲ့ လက်ခံနေကြတာ၊ ကိုယ်ပေးအပ်လိုက်ရတဲ့ အရာအတွက် လေးစားမှုရှိတဲ့ အရာတွေပြန်ရခဲ့တာ၊ လုံးဝမရှုံးဘူး။

Q လူတွေကပြောကြနော်။ ကိုယ့်ရဲ့အိမ်ထောင်ဘက်ပေါ်မှာ ချစ်မြတ်နိုးကရုဏာထားတာကို ကြောက်ရတယ်လို့ ပြောကြတယ်။ အဲဒီအပေါ်မှာ ဘယ်လိုမြင်ရမလဲ။

A အစ်မပြောပြီးပါပြီဗျာ။ ကိုယ်အချစ်မခံရလို့ နော လို့ လို့ပြောကြတာ။ လူ့နာလို့ ဂျီကြိုက်တာပြောနေကြတာ ထက်စာရင် ချစ်ချစ်ခင်ခင်ရှိတာ ပိုကောင်းသွားတယ်။ အကြင်နာတွေရှိနေတာ ပိုကောင်းသွားတယ်။ အဲဒါကို ကြောက်ရတယ်လို့မခေါ်ဘူးလို့ လိင်ကိစ္စမှုလည်း မဟုတ်သလိုဘူး။ အဲဒါက မတွေ့တာရှားပါ။

❑



အမေးအဖြေ (၉)

Q **ချစ်သူတစ်ယောက်ရှိခဲ့ရင် ဘယ်လိုမိတ်ဆက်ပေးမလဲ။**

A မိန်းမသားတစ်ယောက်ရဲ့ အမြင်ပြောရရင်တော့ ချစ်သူရသွားတဲ့ မိန်းမဟာ နှင်းဆီရောင်ပါ တောက်ရှိတော့မယ် ဆိုတာပါပဲ။ ထပ်ဆင့်ပြီးတော့ အိမ်ထောင်ကျသွားခဲ့ရင် နှင်းဆီရောင်နဲ့အတူ ငွေရောင်ပါ ရောနှောရှိလာမှာပါ။

Q **ဒီလိုဆိုရင် ယောက်ျားတိုင်းက မိတ်မရှုရတဲ့သဘော လား။**

A ယောက်ျားအားလုံးကိုတော့ မဆိုလိုပါဘူး။ သူ့မှာရှိ မှန်တာ ယောက်ျား၊ မိန်းမနဲ့မှမဆိုင်တာပဲ။ အဓိက လူ အပေါ်မှာပဲ မူတည်ပါတယ်။ ဒါပေမဲ့ယောက်ျားတိုင်းကိုတော့ ကြိုးပမ်းမှုမိန်းမလောက်တော့ ပြည့်ဝသူ ကြည့်တတ်ကြ တာသဘာဝပဲ မဟုတ်လား။

**Q 'အချစ်မှာသစ္စာရှိမှုက အဓိကကျတယ်' ဆိုတဲ့အပေါ် ခံယူချက်ကလေး။**

A ဟာ သစ္စာမရှိမှုက အဓိကကျတာပေါ့။ သစ္စာမစောင့် ရည်းတဲ့သူကို ကျွန်မကတော့ အချစ်ဆိုတဲ့ အရာနဲ့ မယှဉ်ချင်ဘူး။ 'ကာမ'ရဲ့ကျေးကျွန်တွေလို့ မြင်တယ်။

**Q အိမ်ထောင်ရှင်ယောကျ်ား၊ မိန်းမတွေမှာ ဖောက်ပြန် တတ်တဲ့တာများတွေကရော။**

A ယောကျ်ားတွေကိုတော့ ကျွန်မ မပြောတတ်ပါဘူး။ အိမ်ရှင်မတိုင်းကတော့ အိမ်ထောင်ဘက်တစ်ယောက်ကို တည်တံ့ခိုင်မြဲဖို့ကြိုးစားကြမှာပါပဲ။ သားကိုသခင် လင်ကိုဘုရားဆိုတဲ့စကားပုံလည်း ရှိခဲ့ပါတယ်။

**Q အချစ်ဆိုတာ အိုသွားတယ်၊ ဟောင်းသွားတယ်ဆိုတာမရှိဘူးဆိုတာကိုရော လက်ခံပါသလား။**

A ကျွန်မအနေနဲ့ကတော့ လက်ခံတယ်။ ဘယ်အသက်အရွယ်မဆို အချစ်ရှိနေမှ စိတ်ချမ်းကိုယ်ချမ်းနေမယ်။ ကျွန်မဆိုလိုတာက တစ်ယောက်ပြီးတစ်ယောက်အချစ်ရှာတာကို ပြောတာမဟုတ်ဘူးနော်။ ကိုယ်ပိုင်ဆိုင်ထားတဲ့ အချစ်တစ်ခုတည်းအပေါ်မှာ ကြည်နူးနေဖို့ကိုဆိုလိုတာ။ အရွယ်ရောက် လင်ထပ်ပြီးတဲ့မိန်းမတွေမှာ ကိုယ့်ယောကျ်ားရဲ့အချစ်ကို ရချင်ကြတယ်။ ရည်းစားဘဝကထက် ပိုပြီးတော့ ယုယမှုကို တောင့်တတတ်ကြတယ်။ Marride Woman Loves ပေါ့နော်။

**Q ဒါဆိုရင် အိမ်ထောင်ကျပြီးသားကရော အိမ်ထောင်အပေါ် ရှုမြင်ရဲ့လား။**

A ဟင်း ဟင်း ထင်ရတာပဲလေ။ ကျွန်မက ကိုယ့်စိတ်ကိုပဲပြောတာ။ သူ့ရင်ထဲက အကြောင်းအရာတချို့

လျှော့မထားသင့်ဘူးလို့မြင်မိမှုလည်း ချစ်မှုပါ။ ချစ်တာမသင့်ဘူးလို့ ယူဆ ထားပါတယ်။

**Q နောက်ဆုံးမေးခွန်းအနေနဲ့ မိန်းမတစ်ယောက် ကံကောင်းဖို့ဆိုတာ အိမ်ထောင်ရေးက အဓိကကျပါ သလား။**

A မြေတို့ကောင်းတဲ့မေးခွန်းလေးပါပဲ။ မိန်းကလေး တစ်ယောက်ရဲ့ဘဝတစ်ခု (၃)ပုံ ပုံရင် (၂)ပုံဟာ သူ့ရွေး ချယ်မယ့် အိမ်ထောင်ဘက်အပေါ်မှာ မူတည်နေပါတယ်။ အတွေ့နဲ့ဆုံအသက် (၂၀)၊ (၂၅)ထိသာ မိဘရင်ခွင်မှာနေခွင့်ရ ပြီး နောက်ပိုင်းဘဝတစ်လျှောက်လုံး သူ့ရဲ့ခင်ပွန်းက ပိုင် ဆိုင်မှုလဲ။ သူတို့ရဲ့ လက်ထဲမှာ ကိုယ်အသက်မွေးဝမ်းကြောင်း နေရမှာလေ။ ဒီယောက်ျားရဲ့ဆိုးမှု၊ ကောင်းမှုတွေကို သူပဲ ခံစားရမှာပေါ့။ ဒါကြောင့် သူ့ရဲ့ကံကောင်းခြင်း ကံဆိုးခြင်း က အိမ်ထောင်ဘက်အပေါ် အဓိကကျပါတယ်။

□



အမေးအဖြေ (၁၀)

Q **စိတ်ဆိုးစိတ်ကောက်နေတဲ့ ချစ်သူကို ဘယ်လိုချော့မလဲ။ မချော့တဲ့စိတ်ထားလိုက်ရင် ပိုကောင်းမလား။**

A ဘယ်သူမဆို ကိုယ်စိတ်ကောက်နေတာကို အချော့ခံချင်ကြတဲ့သူချည်းပါပဲ။ စဉ်းစားကြည့်လိုက်ပေါ့။ ကိုမူ တစ်ခုက ကိုယ့်မှာအပြစ်ရှိသလား မရှိဘူးလားဆိုတာကို ကိုယ့်ဘက်က အမှားတွေများနေရင်တော့ ကိုယ့်ချစ်သူ ပေါ်တော့ ဘယ်သူ့ကိုမဆို အကျိုးအကြောင်းရှင်းပြပြီး ချော့မော့ပြောရတော့မှာပဲ။ ဒါပေမယ့် တချို့ယောကျ်ားတွေ ကျတော့လည်း အချော့ခံချင်တာရဲ့ ရှုကြီးစိတ်ကောက်ချင် ယောင်ဆောင်တာတွေလည်း ရှိတယ်နော်၊ အချော့ကြိုက် တွေပေါ့။

Q **အိမ်ထောင်ကျသွားပြီးရင် ယောကျ်ားတွေက အချစ်**

**လျော့ကျသွားသလားလို့ မိန်းမသားတွေက ပိုပြီးချစ်တတ် သလိုပဲ။**

A သူတို့တက်ကြွချိန် ရှိသွားတာတည်းဖြစ်မှာပေါ့လေ။ မိန်းမတွေကတော့ ပိုပြီးသဲ့ယောနည်းတွယ်တာတတ်ကြတာ သဘာဝပဲ။ ဒါပေမယ့် ယောကျ်ားတိုင်းတော့မဟုတ်ပါဘူး။ တချို့ဆိုရင် မိန်းမကို မျက်စိအောက်က အပျောက်မခံနိုင်၊ သားသမီးကို မျက်စိရှေ့အောက်က အပျောက်မခံနိုင်တဲ့ ယောကျ်ားတွေလည်းရှိပါတယ်။ သူတို့မှာလည်း တစ်ဖက်ကစီးပွားရေးဘက် နယ်ပယ်လုံးရ၊ လူမှုရေးကိစ္စတွေ ဆောင်ရွက်ရဲ့ဆိုတော့ ချစ်သူရည်းစားဘဝတုန်းကလို အရှိန်ပြည့်ကြည့်ရှုမကြိုက်နိုင်တာကို မိန်းမသားတွေက နားလည်ပေးရမှာပေါ့။ အရေးကြီးတာ သစ္စာတရားရှိဖို့ပြီး မောက်ဖြန့်ရှိပဲ။

Q **တကယ်လို့ အိမ်ထောင်ကျပြီးရင် ငွေကြေးရှာတာ မိန်းမက ဦးစီးရင်ကောင်းသလား။ ယောကျ်ားက ရှာကိုင်ရင် ကောင်းသလား။**

A ဒါကတော့ ညှိရမယ် ကိုယ့်အပေါ်မှာတည်တယ်။ မိန်းမအများစုက ကိုယ့်ယောကျ်ားရှာဖွေတဲ့ငွေစီးပွားကို အလကားမဖြစ်စေချင်ကြပါဘူး။ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်းပေါ့။ စုဆောင်းတတ်ရင် စီးပွားဖြစ်တယ်။ ဒါက ငွေကြေးကို ယောကျ်ားကိုင်မှ မိန်းမကိုင်မှမဟုတ်ပါဘူး။ တချို့ဖြုန်းတီးတဲ့ယောကျ်ားတွေရှိသလို၊ မစုဆောင်းတတ်တဲ့မိန်းမတွေလည်း ရှိတယ်။ ဦးနှောက်နဲ့ စဉ်းစားဉာဏ်ရှိပြီး ချင့်ချိန်တတ်ရင် ဘယ်အရာမှ မပျက်စီးတတ်ပါဘူး။

Q **ချစ်သူဘဝတုန်းက အမှတ်တရနေ့တွေမှာ လက်ဆောင်ပေးတာတို့ လျှောက်လည်တာတို့ ရှိတာပေါ့နော်။**

**အခါဆိုရင် အိမ်ထောင်ကျသွားရင်ရော အဲဒီလိုအမှတ်တရ တွေက လိုသေးလား။ မိန်းမတွေအနေနဲ့ကရော လိုအပ် မယ်ထင်တာလဲ။ အခါဘယ်လိုပဲပြောမလဲ။**

A မှန်တယ်။ အမှတ်တရဆိုတာအမြဲတမ်းရှိနေတာ ဘယ်တော့မှ ပျောက်ပျက်မသွားတဲ့ အမှတ်တရနေ့တွေကို မမေ့ဘဲ တသသရှိနေမယ်။ အိမ်ထောင်ကျပြီးသွားရင် မိန်းမ တွေအနေနဲ့ ပိုပြီးလိုအပ်တယ်။ ရှေ့နေ့ကို အိမ်ထောင်သက် တစ်နှစ်ပြည့်လို့နေ့မြို့မှာ ကိုယ်ချစ်သူ ကိုယ့်ခင်ပွန်းဆီက လက်ဆောင်အသေးလေး (သို့) အမှတ်တရအနမ်းလေး တစ်ပွင့်တော့ လိုချင်ကြတာချည်းပါပဲ။ မေ့မနေတွေ ဂရု တစိုက်ရှိတဲ့ ယောကျ်ားကိုရတာတဲ့ မိန်းမဟာကံအကောင်း ဆုံးပေါ့။

Q **စိတ်ကူးထဲကတဲ့ ချစ်သူပုံစံနဲ့ တကယ်လက်ထပ်ရမှာ ရတဲ့ ချစ်သူပုံစံတင်တွေဖြစ်အောင် ဘယ်လိုကြိုးစားမလဲ။**

A ဘယ်သူမဆို ကိုယ့်စိတ်ကူးကို လှုပ်လှုပ်လယ်လယ် ပုံဖော်လို့ရတယ်။ ဖိုက်ဆံပေးရတာမှ မဟုတ်တာ။ လူဆို တာ အကောင်းဆုံးကိုဖြစ်ချင်တဲ့ သူချည်းပါပဲ။ ကိုယ် လေ့လာချင်ရသလောက် အချိန်ပေးပြီးလေ့လာနိုင်ရင် အကောင်းဆုံးကို လေ့လာချင်ရရှိမှာပါ။ အချိန်တိုအတွင်း ဆုံးဖြတ်လိုက်ရတော့ တစ်ဦးသဘောတစ်ဦးမသိဘဲ ညှိနှိုင်း ရခက်တဲ့ ပြဿနာလေးတွေ ရှိလာနိုင်တာပေါ့။ လူတစ် ယောက်ရဲ့ စိတ်သဘောထားဟာ အချိန်ကြာကြာလေ့လာမှ တကယ်အတွင်းစိတ်၊ စာရိုက်ကလေးပေါ်လာတာလေ။ မိန်းမ သားတွေရဲ့ဘဝအတွက် အချိန်ပေးလေ့လာတာအကောင်း ဆုံးလို့ထင်တယ်။

Q **လူတစ်ယောက်ကို တစ်ခက်သတ်ချစ်ရတဲ့ရက္ခာ**

**တော်တော်စိတ်ညစ်ရတယ်ဆိုး အဲဒါဟုတ်လားခင်ဗျ။**

A အချစ်ဆိုတာ အရူး အဆေးတွဲနေတဲ့အရာလို့ ထင်တာပဲ။ စိတ်ကြည်နူးအေးချမ်းနေရတဲ့ အချိန်ရှိသလို ဒေါသကလည်းရတဲ့ အချိန်လည်းရှိတာပဲလေ။ တစ်ဖက်သတ် ချစ်ရတဲ့ဒုက္ခကတော့ ပိုဆိုးမှာပေါ့။ လူတစ်ယောက်ကိုချစ်ရတာ အရမ်းပင်ပန်းတယ်လို့ အစ်မထင်တယ်။ အထူးသဖြင့် ပေးဆပ်ခြင်းနဲ့ ချစ်ရတဲ့တစ်ဖက်သတ်အချစ်၊ တစ်ဖက်သတ် ချစ်ရတဲ့အချစ်က ပိုပြီးဒုက္ခများပါတယ်။

**Q အချစ်ဆိုတာ ရယူပိုင်ဆိုင်ဖို့အတွက်လား၊ စွန့်လွှတ် အနစ်နာခံဖို့တဲ့အရာကို အချစ်စစ်လို့သတ်မှတ်ပါသလား။**

A အစ်မက အချစ်ဆိုတာ ရယူပိုင်ဆိုင်ရမယ်လို့တွက်တယ်။ ကိုယ်ချစ်ရတဲ့သူရဲ့ အရာအားလုံးမဟုတ်တောင် ရနိုင်သမျှလေးတွေပဲဖြစ်ဖြစ်တော့ ပိုင်ဆိုင်ချင်တယ်။ ကိုယ့်အတွက် အချိန်ပေးစေချင်တယ်။ ညီမလေးရဲ့ ရည်းစားကြည့်ပါ။ အချစ်စစ်ဆိုတာ စေ့စပ်လက်ထပ်ပြီးတာညမှာ အနာဂတ်အတွက် ရည်မှန်းချက်တွေထားရမယ်။ ဘာမှမလုပ်ရသေးဘူး။ စွန့်လွှတ်ဖို့ အမြဲပေးဖို့ဦးစားပေးရင် ဘယ်လိုလုပ်တောင်နိုင်မှာလဲ။ ကံကြမ္မာကြောင်းတရားမလို့ မှုဇာပေါ်လို့ စွန့်လွှတ်လိုက်ရတာကတော့ တစ်မျိုးပေါ့။ စွန့်လွှတ်ခြင်းကို အချစ်စစ်လို့မခေါ်နိုင်ဘူးတော့ ထောရှာပါတယ်။

**Q အိမ်ရှင်မကောင်းကောင်းတစ်ယောက်ဖြစ်ဖို့ အိမ်မှုကိစ္စကျွမ်းကျင်ရမယ်ဆိုတာ ဟုတ်ပါသလားခင်ဗျ။**

A ဟုတ်တယ်ပေါ့။ အိမ်အကျွမ်းကျင်ကြီးမဟုတ်တာတောင်မှ တတ်နိုင်သလောက်လုပ်ပေးတတ်ရမယ်လေ။ သူတို့က ကိုယ့်ရဲ့ ပြုစုမှုလေးကို လိုချင်တာကိုး။ ညီမတို့ရဲ့ မချက်တတ်၊ ချက်တတ်လက်ရာလေးကိုလည်း သဘောကျ

ကြီး စားမှာပဲ။ နှင့်ဘီစေးအရောင်တွေကြောက်နိုင်းတာထက် သူ့အဝတ်အစားလေးတွေကို ကိုယ်တိုင်လျှော်ပေးရင် ပိုကောင်းတာပေါ့။ သူတို့တက်ကြွ ညွှန်တော့လည်း သူတို့ဟော်တွဲမော်ရွှေချည်တာတဲ့ မိန်းမတစ်ယောက်ရဲ့ မြေ့မှုကိုခံချင်တာမဟုတ်ပါဘူး။ ယောက်ျားကိုလုပ်ပေးရင် ကောင်းကျတယ်ဆိုတဲ့ အစွဲမျိုးတော့မထားကြပါနဲ့။ ဒီယောက်ျားတစ်ယောက်အိမ်မှာနေပြီး အိမ်မြို့ ဆွဲဆောင်တဲ့အထဲမှာ အဲဒီလိုအချက်အမြှုတ်ကျွန်ကျင့်မှုကလည်း အရေးပါတယ်ဆိုတာ သိထားဦး။

Q **မိန်းမတစ်ယောက်ရဲ့ တစ်သက်မှာမင်္ဂလာပွဲရှိတယ်ဆိုတော့ ကိုယ်မင်္ဂလာဆောင်ရင်ကြီးကျယ်ခမ်းနားမှ ဖြစ်မှာပေါ့နော်။ အဲဒီလိုကြီးကြီးကျယ်ကျယ်ဖြစ်ဖို့အတွက် ဘာတွေလိုအပ်မလဲ။**

A မှန်ပါတယ်။ မိန်းမတစ်ယောက်အတွက် တစ်မင်္ဂလာပဲရှိမယ်။ ဒါပေမယ့် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်နိုင်မှ အိမ်ထောင်ရေးသာယာနိုင်မြဲတာမဟုတ်ပါဘူး။ အဲဒီလို မင်္ဂလာဆောင်ဆိုတာကြီး ကိုယ့်ဘဝတစ်ခုလုံးအတွက် အဓိကအရေးကြီးတဲ့အရာတော့မဟုတ်ဘူး။ လူဆိုတာ အကောင်းဆုံးကိုမျှော်ကြ ဖြစ်ချင်ကြပေမယ့် တကယ်တမ်းကျတော့ ဟော်ဆွေသကိုပဲကြည့်ရ ကျေနပ်ရမှာပါ။ ဒါဆိုရင် ငွေကြေးပြည့်စုံမှ အိမ်ထောင်ရေးသာယာနိုင်မြဲမယ်လို့ ဆိုချင်တာလား။ အဲဒီလိုတွေးရင်တော့ မှားသွားလိမ့်မယ်။ အဓိကက လက်ထပ်ကြမယ့်သူနှစ်ဦးရဲ့ အချစ်နဲ့စိတ်ဓာတ်တွေက အရေးကြီးဆုံးပါ။

❑



## အမေးအဖြေ (၁၁)

Q **မိန်းမသားတစ်ယောက်ရဲ့ဘဝမှာ စိတ်ထဲမှန်းကျခဲ့ပြီး အခက်အခဲတွေ ရင်ဆိုင်နေရတဲ့အချိန် ချစ်သူဖြစ်စေတော့ ဘက်ကို အနားမှာရှိနေစေချင်တဲ့စိတ်တွေက ဘာကြောင့် ဖြစ်လာရတာလဲ။**

A စိတ်ထဲမှန်းကျခဲ့ပြီး ထွက်ပေါက်ပိတ်နေတဲ့အခါ ပြဿနာနဲ့ရင်ဆိုင်ကြရပြီရတဲ့ အချိန်မှာ မိန်းမသားမှမဟုတ်ဘူး၊ ယောက်ျားသားတောင် အားကိုးရမယ့်သူကို ရှာချင်တယ်။ ကိုယ့်ရဲ့ခံစားချက်တွေကို ရင်ဖွင့်တိုင်ပင်ချင်ကြတယ်။ ဒီ့ပြင်မိန်းမသားတွေအဖို့ကတော့ ချစ်သူအနားမှာရှိရင်ပဲ အားစေတောက်ရင်အဖြစ် ရပ်တည်ချင်ကြတယ်။ တချို့မိန်းမတွေဆိုရင် ဘယ်လိုအခက်အခဲတွေနဲ့ပဲ ရင်ဆိုင်ရပါစေ ကိုယ့်ရဲ့ချစ်သူသင်ယောက်ျားက ကိုယ့်ဘက်ကနေ မားမား

စိတ်မတိုရစ်တည့်ပေးရင်ပဲ ဘာမဆိုရင်ဆိုင်ဖြေရှင်းရဲတဲ့ သတ္တိတွေရှိလာတတ်ကြတယ်။

Q **တချို့ယောက်ျားအထင်မကြီးတတ်တဲ့ မိန်းမတွေကတော့ ယောက်ျားကောင်းကြောင်းအမြဲပြောတတ်ကြတယ်နော်။ အဲဒါ ဟုတ်ရှာသလား။**

A လူဆိုတာ ရိုက်သာဘာဝအမျိုးမျိုး၊ မိမိကျင်လည်လှုပ်ရှားသောက်ရှုခွင်ရှိတဲ့ ပတ်ဝန်းကျင်ဒါတွေက ပြောင်းလဲနေတော့ အမြင်ချင်း၊ အယူအဆချင်းမတူကာ မရှားပါဘူးလေ။ သူတို့ ကြုံတွေ့နေရတဲ့ ယောက်ျားတွေရဲ့စရိုက်က ဆိုးသွမ်းတာတွေမြင်နေရ၊ ခံစားနေရတော့လည်း မကောင်းကြောင်းပဲ ပြောကြမှာပေါ့။

Q **ဒါဆိုရင် အမ်းမအများဆုံးကြုံတွေ့ရတဲ့ယောက်ျားတွေရဲ့အကြောင်းကို ပြောပြပါလား။**

A အမ်းမ ပတ်ဝန်းကျင်မှာ မြင်တွေ့ရတဲ့ယောက်ျားတွေကတော့ အကောင်းအဆိုးရှိပါတယ်။ အဓိကတော့ အပျော်အပါးကို တမ်းတတ္တ၊ ကိုယ့်မိသားစုရဲ့ စီးပွားရေးအခြေအနေကို မြည့်တည်းပေးရတဲ့အမျိုးက တမ်းတတ္တ ခြိုးခြံသိနေရင်ဘာမှ ပြဿနာမရှိပါဘူး။ ညီမတို့သိတဲ့အတိုင်းပဲလေ အမ်းမတို့မိန်းမတွေဆိုတာက အလကားနေရင်း ကိုယ့်ချစ်သူဝင်ယောက်ျားကို ပုံကြည့်မှုတွေပိုလွန်နေတာ။ နောက်ဆုံးမဟုတ်တာလုပ်တာကို သိနေရင်တောင် မသိချင်ယောင်ဆောင်ပြီးချစ်နေတတ်ကြတာက များပါတယ်။

Q **သူတို့ကျတော့ လုပ်ချင်တာလုပ်ပြီး ညီမတို့ကိုကျချုပ်ချယ်တယ်နော်။ အဲဒါမတရားဘူး။**

A သူတို့က ယောက်ျားလေးဆိုတော့ ဘာလုပ်လုပ်အစစတာဝန်ယူတယ်လေကွယ်။ တို့တွေက သူတို့ပြင်

မိုက်ရင် နှစ်မှာပေါ့။ ဒေါက်တာကြီးကို မိန်းမသားတွေကောက် က အစေအနှံ့ပေးရမှာ နိုင်ငံသားကြီးတစ်ယောက်ဖြစ်နေပြီလေ။ သူတို့ဖြိုးမနှစ်ယောက်မှတ်ပိုင်း ကိုယ်လိုက်မှတ်ပါ့ ဘယ်ရှေ့ မလဲ။

Q **ရည်းစားများနဲ့တာ၊ ရွေ့ခဲ့တာကိုသိပါရဲ့။ အချစ်ကို မတွေ့နိုင်ခဲ့ဘဲ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မိခဲ့ရင် နိုးကျိုးတွေရင်ဆိုင်ရတတ်သလား။**

A ဒါကတော့ ပုံသေပြောလို့မရဘူး ညီမရဲ့။ အရင်တုန်း က ဘယ်လောက်ပဲမုန်း ကိုယ်နဲ့ကျွမ်း ချစ်ခဲ့တာပြီး နိုင်ခဲ့သွားတာရှိသလို အရင်တုန်းကတော့ ဒေါပေါ်ရဲ့ ကိုယ့်လက်ထဲကျမှ ရွေးကောက်သလောက်တာတွေလည်း အများကြီးပဲ။ ဘယ်မိန်းမဆို ကိုယ့်ချစ်သူယောက်ျားအပေါ်မှာ ယုံကြည်အားကိုးမှုတွေ ရှိကြတာပဲလေ။ တချို့ယောက်ျား တွေကျတော့လည်း အားကိုးမှုရဲ့ တန်ဖိုးကို အလေးမထား ဘဲ လှမ်းဖိုက်တတ်ကြဘူး။

❑



အမေးအဖြေ (၁၂)

Q **မောင်တစ်ရွာ မယ်တစ်မြို့နေကြရတဲ့ ချစ်သူတွေအဖို့ အပြတ်တမ်းသစ္စာရှိဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။**

A များသောအားဖြင့်တော့ မိန်းမတွေက ပိုပြီးစောင့်ထိန်းတတ်ကြပါတယ်။ အဝေးမှာရှိနေတဲ့ ကိုယ့်ချစ်သူကို စိတ်ကူးနဲ့မှန်းပြီး ချစ်နေတတ်ပေါ့။ ယောကျ်ားလေးဆိုတာကတော့ အပျော်အပါးကြောင့်၊ အပေါင်းအသင်းကြောင့် တစ်ခါ တစ်ရံမှားယွင်းတတ်ကြတာကို တွေ့ကြုံရတတ်ပါတယ်။ တကယ် ချစ်တဲ့ချစ်သူတွေကတော့ ဘယ်လောက်ဝေးဝေး သစ္စာ တရားကို စောင့်ထိန်းတတ်ကြပါတယ်။ အချစ်ရဲ့အကြီး မားဆုံးအရာက သစ္စာရှိမှုပဲလေ။

Q **တစ်ခါတလေ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမရှိတဲ့ စိတ်တိုင်းမကျစရာလေးတွေဖြစ်လာရင်တော**

ဘယ်လိုဖြေရှင်းမလဲ။

A ဗေဒ လူဆိုတာမျိုးက ကိုယ့်ဝတ်စောင်း အတို အရှည်သို့ကာမှ မဟုတ်ဘဲ၊ ကိုယ့်ကိုမွေးတဲ့မိဘ၊ မောင်နှမ သားချင်း အရင်းချင်းတောင် စိတ်အခန့်မသင့်တာရှိသေး တာပဲ၊ ချစ်သူအိမ်ထောင်ဘက်ဆိုတာ သူ့ စိမ်းတေ။ အဖြေ တမ်းကြီး စိတ်သဘောတာချင်း ဘယ်တိုက်ဆိုင်နိုင်ပါ့မလဲ၊ ဒါပေမယ့် ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အလျှော့အတင်းလေး လျှော့ပစ်ရင်း ဒီလိုပဲညှိလုပ်ရတာပေါ့။ ဘယ်သူ့နဲ့မဆို စိတ် ရှည်ရှည်ထားပြီး ညှိနှိုင်းဆွေးနွေးရင် အဆင်ပြေတာများပါ တယ်။

**Q ဘာပဲဖြစ်ဖြစ်ပေါ့နော်။ ချစ်ဦးသူနဲ့ပဲ ဘယ်သူမဆို လက်ထပ်ချင်ကြတာချည်းပါပဲ။ အချစ်ဦးနဲ့ ဘဝလက်တွဲ ဖော် တစ်ယောက်တည်းပဲဖြစ်ချင်တယ်။ အဲဒါ ဘယ်လိုမှ ဖြစ်နိုင်မှာလဲ။**

A ဒါပေါ့ညီမရေ။ ရည်းစားတစ်ယောက် ထားလိုက် ပြီဆိုကတည်းက ဒီတစ်ယောက်နဲ့ပဲ ထာဝရနိုင်ဖြစ်ချင်တယ်၊ မပေးချင်ဘူး။ လက်ထပ်ရင်လည်း ဒီတစ်ယောက်တည်းပဲ ဖြစ်ချင်ကြတဲ့ဆန္ဒဟာ မိန်းမသားတွေရဲ့အကြီးမားဆုံး ဆန္ဒပေါ့နော်။ ဒါပေမယ့် တွေ့ကြုံတွေ့နေရတာတွေက တော့ အချစ်ဦးနဲ့ပဲ ဖူးစာဆုံတယ်ဆိုတာ ရှားသလောက်ပဲ၊ အကြောင်းကြောင်းကြောင့် ဝေးသွားရတာ၊ ခွဲသွားရတာ က များနေပါတယ်။ အရမ်းကိုက်စကောင်းကြတဲ့ ချစ်သူတွေ အဖို့ကတော့ ဖူးစာရေးနတ်မင်းကြီးက အချစ်ဦးနဲ့ ဖူးစာဆုံ အောင် ဖန်တီးပေးမှာပေါ့။ အဲဒီတော့ အချစ်ဦးနဲ့ပဲ လက်ထပ် ချင်တယ်ဆိုရင်တော့ သစ္စာပါလာစေ ဖူးစာရေးနတ်မင်းကြီး ကို တိုင်တည်ရမှာကောင်းမပေတော့။

**Q တချို့က အချစ်ကြီးပြီး ယုယကြင်နာတတ်တဲ့သူကို ရွေးတယ်လို့ပြောကြတယ်။ အဲဒီကိစ္စကို အမေးအဖြေကတော့ ဘယ်လိုလဲဟင်။**

A ဘာဖြစ်လို့လဲ၊ ကိုယ့်ချစ်သူကို ကိုယ်ချစ်ကြတာ၊ ဂရုစိုက်ကြတာ၊ ကြင်နာယုယတာတော့ ကောင်းတဲ့ကိစ္စ မဟုတ်ဘူးလား။ မျက်နှာကြီးတင်ပြီး အလကားနေ ပေါက်ရနေတာမျိုးတော့ ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတာ ဖြစ်ကောင်းဘူးလား။ တေးလူဖြစ်ရတာလည်း စိတ်ချမ်းမြေ့ စရာကောင်းတယ်လေ။ ချစ်ပြတာ၊ ချစ်တတ်တာကို ရှာ တယ်ပြောတဲ့လူတွေကတော့ သူတို့ကိုယ်တိုင် အချစ်မခံရ လို့နေမှာပါကွယ်။

**Q မိန်းမသားတစ်ယောက်အနေနဲ့ အိမ်ထောင်ဖက် ရွေးချယ်တဲ့နေရာမှာ ကိုယ့်ထက်အသက်ကြီးတဲ့သူ၊ ငယ်တဲ့ သူ၊ ရွယ်တူပေါ့ ဘယ်လိုမျိုးကို ရွေးသင့်သလဲ။**

A တကယ်တော့ အသက်အရွယ်က အဓိကမကျပါ ဘူး။ ကိုယ်ရွေးချယ်လိုက်တဲ့ အိမ်ထောင်ဖက်ဟာ ကိုယ့် အပေါ်တစ်သက်လုံးချစ်ဖို့ အိမ်ထောင်ဦးစီးတာဝန်ကျေဖို့ သားသမီးကို ဂရုစိုက်တတ်ဖို့တွေက အဓိကပါ။ ငွေရှာပေး ရင်ပြီးရောဆိုတဲ့ယောကျ်ားမျိုးလည်း မဖြစ်စေနဲ့ပေါ့။ အိမ် ထောင်ဦးစီးတစ်ယောက်ရဲ့မေတ္တာ၊ အကြင်နာတွေဟာ မိသားစုတစ်ခုလုံးကို သာယာချမ်းမြေ့စေတာ အမှန်ပါပဲ။ တချို့ငွေကြေးတော့ သိပ်ပြည့်စုံလှတယ် မဟုတ်ဘူး။ ဒါပေမယ့် မိသားစုဘဝထဲမှာ အေးချမ်းမှုတွေရှိတော့ ကိုယ့်ဘာကိုယ် ကျေနပ်ပျော်ရွှင်နေကြတဲ့သူတွေ အများ ကြီးပါ။

❑



Q **အိမ်ထောင်သည်အများစုမှာ ပြဿနာအနေနဲ့တွေ့ ရတတ်တော့ နယ်လှကြတဲ့ကိစ္စတွေပဲနော်။ အဲဒီအခါ ဘယ်လိုမျိုး ဖြေရှင်းသင့်ပါသလဲ။**

A ဟုတ်တယ်။ အိမ်ထောင်ပြုလိုက်ပြီဆိုတာနဲ့ သူ့ ဘဝကိုယ့်ဘဝလိုက်နေရင်တော့ အခြင်းပွားရတော့တာပဲ။ တစ်ဦးတည်းသော သားသမီးတွေမှာ ပြဿနာဖြစ်များတတ် ပါတယ်။ ဒါပေမယ့် ရေရှည်မှာတော့ ဘယ်လိုမှမဖြစ်နိုင်တဲ့ အရာတွေအများကြီးပါ။ အကောင်းဆုံးကတော့ ကိုယ့်ထိုး ကိုယ့်အိမ်ကိုယ်ခွဲနေတာက အကောင်းဆုံးပဲ။ နောက်ဆုံး အဆင့်ထိ မနေနိုင်ဘူးပဲထားဦး လူတွေရဲ့စိတ်သဘောထား ကို ဖြည့်ပေါင်းပြီးသည်းခံနေလိုက်ရင် စိတ်သက်သာရာ ရစေမှာပါ။

Q **ဘယ်လိုပြဿနာမျိုးဖြစ်ဖြစ် အချစ်ရှိရင် အားလုံး အဆင်ပြေစေတယ်ဆိုတဲ့ စကားအပေါ် ရော။**

A ဒီလူတစ်ယောက်ကို ကိုယ့်စိတ်ထဲမှာ ချစ်နေသေးတယ်ဆိုရင် အဲဒီလူဟာ ဘယ်လောက်ပဲဆိုးဆိုး၊ ဘယ်လောက် ယုတ်မာမာ အပြစ်ကိုမမြင်တော့ဘူး။ အမှားတွေကို ခွင့်လွှတ်နိုင်တယ်။ ပြဿနာဟာ ဘယ်လောက်ကြီးထွားပါစေ အဲဒီလူကိုချစ်တဲ့အချစ်စိတ်တစ်ခုတည်းနဲ့ ရင်ဆိုင်ဖြေရှင်းဖို့ သတ္တိတွေ၊ အားတွေအများကြီးသားဖြစ်နေပါရောလား။

Q **အဲဒါမျိုးအချစ်ရှိတာ ယောက်ျားနဲ့မိန်းမဦးရေ ဘယ်လောက်အတိုင်းအတာထိများပြားမလဲဗျ။**

A အင်း ဘယ်လိုပြောရမလဲ မိန်းမသားအများစုက တော့ ရိုးရိုးချစ်တတ်မယ်ထင်တယ်။ ဒါပေမယ့် တချို့ ယောက်ျားတွေလည်း သံယောဇဉ်ကြီးတတ်တာ မြင်တွေ့ နေရပြန်တယ်။ အချစ်ဆိုတဲ့အရာကလည်း ပြောရခက်သား ပဲ။ ဒီလူတစ်ယောက်မချစ်တတ်ပါဘူးလို့ ထင်ထားပေမယ့် တကယ်တမ်းအတွင်းကျကျစိတ်ရေးရာတွေကို ဖော်ကြည့်တဲ့ အခါ အချစ်ကြီးတဲ့လူဖြစ်ချင်ဖြစ်နေပြန်ရော။

Q **ဒီလူတစ်ယောက်အပေါ် ရင်ခုန်နေသေးသမျှ အချစ် မသေဆုံးနိုင်ဘူးဆိုရင် ရင်မခုန်တော့တဲ့အချိန်က အချစ် မရှိတော့တဲ့ သဘောပေါ့နော်။**

A ဖြစ်နိုင်ချေ အများဆုံးပေါ့နော်။ ဘယ်အချိန်မဆို ဘယ်အသက်အရွယ်မဆို ကိုယ်ချစ်တဲ့လူမိတ်ဆွေဟောင်းဘက် နဲ့ ရင်ခုန်လှုပ်ရှားဆိုတာ တစ်ဦးနဲ့တစ်ဦးမတူနိုင်ဘူးလေ။ ဥပမာ ကိုယ့်ရဲ့အမျိုးသားဖြစ်တဲ့သူဟာ အလုပ်ပြင်ပြီးပြန်ရောက်ရ တံခါးခေါက်သံကြားရင် ကျက်သရေရှင်လုပ်ရတဲ့မိန်းမမျိုး ရှိသလို အိမ်မှုလေ့ကျင့်စေ့ချိန်းဘောင်ထဲ ရင်ခုန်ခြင်းမပြော

နဲ့ အခုရုံထဲ တောင်အချိန်ပိုင်းမထည့်သွင်းရသေးတဲ့ မိန်းမတွေ လည်းရှိကြတယ်လေ။ ဒါပေမယ့် ဘယ်အချိန်ထဲမဆို တစ်ရေးနိုးမနေလည်း "ချစ်ပါတယ်" ဆိုတဲ့ အကြောင်းတော့ မတူညီတဲ့ မိန်းမနှစ်ယောက်စလုံးဆီက ကြားရမှာတော့ သေချာပါတယ်။ အစ်မပြောခဲ့ပြီပါပကော။ မချစ်တော့ရင် အဲဒီလူနှစ်ဦးဟာ ဘယ်လိုမှ လက်တွဲမနေနိုင်သလို ဘာကိုမှလည်း ငဲ့ညှာထောက်ထားကြမှာ မဟုတ်ပါဘူး။

**Q အချစ်ရဲ့အစက ရုပ်ရည်လို့ဆိုတော့ရော အစ်မလက်ခံ သလား။**

A လက်ခံပါတယ်။ ရုပ်ရည်ကလတ်တစ်ခု နှလုံးသားကို အချက်ပေးလိုက်တာမဟုတ်လား။ စိတ်ဝင်စားမိပြီဆိုရင် တစ်ခါကြည့်မိမယ်။ နောက်ထပ်ထပ်ရုပ်လုံချင်းဆုံကြ မယ်။ အကြည့်တွေများလာတာနဲ့အမျှ အချစ်တွေလည်း ပိုပြီးရှေ့ရှုလာတာပေါ့နော်။

❑



အမေးအဖြေ (၁၄)

**Q နှလုံးသားနဲ့ ရွေးချယ်ခဲ့တဲ့ချစ်သူနဲ့ ဦးနှောက်နဲ့ရွေးချယ်ခဲ့တဲ့ချစ်သူ ဘယ်ဟာက ပိုပြီးသာယာသောအတွက် ခိုင်မာမှုရှိနိုင်မလဲ။**

A ဘဝအတွက်ရင်းနှီးရမယ်ဆိုတာ လွယ်လွယ်ကူကူနဲ့ ဆုံးဖြတ်ချက်ချလို့မရဘူးလေ။ အထူးသဖြင့် မိန်းမတွေရဲ့ ဘဝသုံးချိုး နှစ်ချိုးက ကိုယ့်ရဲ့အိမ်ထောင်ဘက်အပေါ်မှာ မူတည်နေတယ်။ ဒီတော့ ဖြစ်နိုင်ရင် နှလုံးသားရော ဦးနှောက်ပါ ရွေးချယ်ခွင့်ရရင် အကောင်းဆုံးပေါ့။ မိမိဘဝ လုံခြုံရေးအတွက် ကိုယ့်ရဲ့ ချစ်သူအိမ်ထောင်ဘက်ဟာ ရင့်ကျက်မှုပြည့် အရေးပါတဲ့ပုဂ္ဂိုလ်ဆိုတာ သိထားသင့်တယ်။

**Q အချစ်ဟာလေးနေရင် လေလွင့်သွားတယ်ဆို၊ အဲဒီလိုမျိုး အကြောင်းတစ်စုံတစ်ရာကြောင့် ဝေးခဲ့ရင် ဘယ်လိုလုပ်မလဲ။**

A တချို့ကပြောကြတယ်။ "ချိတ်ဆိုတာ မီးနဲ့ဝေးသွား ရင် မလောင်သွားတော့ဘူးတယ်" တဲ့။ အဖြေတစ်ခုတော့နိုင်၊ ဖြစ်နိုင်ရင် တော့ ပိုကောင်းတာပေါ့။ သံယောဇဉ်ဖြစ်တာချင်းကလည်း မတူဘူးလေ။ အကြောင်းကြောင်းကြောင့် ဝေးနေရရင် လည်း အရည်းရဲ့တစ်ချက်တစ်ခါ ဖုန်းလေးတော့ဆက်သင့် ပါတယ်။ ပြီးတော့ စိတ်ချင်းကိုတော့ ပြီး အကုန်အမြဲအမှတ် နေကြည့်လည်းလိုတယ်။ မေ့ရင်တော့မကြည့်ပါလား။ သူ့ရဲ့စိတ် ကိုယ့်ဆီအမြဲရောက်နေတဲ့ နည်းတစ်မျိုးပေါ့။

**Q အိမ်ထောင်ရေးနိုင်ငံမြို့အထဲမှာ ရုံ့ထောင်မှုတစ်ခုခု ရှိရို့ လိုတယ်ဆိုတာဟုတ်ရော။**

A ရုံ့ထောင်မှုရှိရမယ်၊ လိုအပ်တယ်။ မိန်းတောင် ယောက်မှာ ရုပ်အားဖြင့်၊ စိတ်ပိုင်းဆိုင်ရာအားဖြင့်၊ အပြော အဆိုအနေအထားဖြင့် ရုံ့ထောင်မှုတစ်မျိုးမျိုး ပိုင်ဆိုင်ထား ရမယ်။ ကိုယ့်ရဲ့အိမ်ထောင်ဘက် ဘာကြိုက်တတ်လဲ၊ အလှအပကြိုက်ရင် အလှဖြင့်၊ အစားအသောက်ကြိုက်ရင် အချက်အပြုတ်ကျွမ်းကျင်အောင်လုပ်။ စကားပြောချိုသာ နည်းတာမျိုးတွေနဲ့ပေါ့။ ပြီးတော့ သူတို့ရဲ့အကောင်းအဆိုးတွေကို လည်း မိမိတတ်အားသလောက်ကူညီဖြေရှင်းပေးရပါမယ်။

**Q သူတို့ရဲ့ အကောင်းအဆိုးကို မပြောတွေးဆိုရင် ကူညီဖို့ ဘယ်လိုလုပ်သိနိုင်မှာလဲ။**

A အမယ်လေး။ မသိမှာကိုမပူနဲ့။ သူတို့မပြောတွေးဆို ရင်တောင် ကိုယ့်ဟာကိုယ်သိမှာ။ သူတို့ယောကျ်ားတွေက စိတ်ပျော်ရွှင်နေရင်လည်း မျက်နှာသိသာသလို၊ စိတ်အ နှောင့်အယှက်တွေများနေရင်လည်း မျက်နှာမှာပေါ်နေတာ။ တို့တွေလို ဟန်ဆောင်မကောင်းဘူး။ မျက်နှာကြီးမှုန်ပြီး ငြိမ်နေပြီဆိုရင် တစ်ခုခုတစ်ခုခု စိတ်ထိခိုက်နေပြီလို့သာ မှတ်

လိုက်တော့။ ဒါကြောင့် သူတို့ခြေလှမ်းမျက်ရင် ပိုက်ဆံတော မလိုဘဲ သူတို့ကိုကြည့်လိုက်ရုံနဲ့တင်သိတာ။

**Q တချို့ကိစ္စတွေကိုပေါ့နော် မိန်းမတွေက သိသိကြီးနဲ့ သူတို့ကို မပြောရင် "အ"တယ်လို့ထင်ကြတာကို မခံနိုင်ဘူးဘဲ။**

A ဒါပေါ့။ တချို့မိန်းမတွေဆိုရင် လင်ယောက်ျားကို စိတ်ဒုက္ခမပေးချင်တဲ့အတွက် ဒုက္ခနဲ့သူမှ ရောက်လာလည်း နေ ဖိုင်ခံဖြေရှင်းတယ်။ တွေ့ရတဲ့အမျိုးသမီးတွေမှာ စိတ် သောကရောက်စရာတွေကို ပြန်မပြောပြဘဲစိတ်ချမ်းသာ အောင် ဂရုစိုက်ပြုမူပေးတယ်။ အဲဒီတော့ သူတို့က တို့တွေရဲ့ အစွမ်းအစကို မမြင်ဘူး။ မသိလိုက်ဘူး။ ဒီတော့ "မိန်းမတွေ ဟာ အလကားပါ၊ ဘာမှသိကြတာမဟုတ်ပါဘူး" ဆိုပြီး လွယ်ရာမှာလေလုံးပစ်နေကြတာလေ။ လွှတ်ထားလိုက်။ "အ"တယ်ထင်ရင် "အ"တယ်လို့သာနေပေးလိုက်။ "အ" တယ်ဆိုပြီး လျှော့တွက်ထားမှ တစ်နေ့သူတို့ကျ မြင်ကြမှာ။

❑



## အမေးအဖြေ (၁၅)

**Q အိမ်ထောင်တစ်ခုမှာ မိန်းမကစီးပွားရှာနိုင်တယ် ဆိုပါစို့။ အဲဒီအပေါ်မာန်တက်ပြီး ကိုယ့်အိမ်ထောင်ဘက် အပေါ်နှိမ့်ချတဲ့မိန်းမမျိုးကို ဘယ်လိုမြင်လဲ။**

A ခင်ဗျားရဲ့ ဒီအိမ်ထောင်ရေးဟာ နှစ်ဦးသဘောတူ ချစ်လို့ယူထားတဲ့ အိမ်ထောင်ရေးလား။ ဒါမှမဟုတ် ငွေရေး ကြေးရေးပိုင်းကို ဦးစားပေးပြီး ရွေးချယ်ခဲ့တာလား။ မိဘ တွေစီစဉ်လို့ လက်ခံလိုက်ရတာလားဆိုတဲ့ အချက်တွေပဲ။ နှစ်ဦးသဘောတူ သိပ်ချစ်ကြလို့တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးမှာတော့ မိန်းမကပိုက်ဆံရှာနိုင်လို့ ယောက်ျားအပေါ်မာန်တက်တယ်ဆိုတာ လုံးဝမကောင်းတဲ့ အကျင့်ပါ။ စတင်လက်တွဲကတည်းက မိန်းမကပိုက်ဆံရှိ အသိုင်းအဝိုင်းထဲက ယောက်ျားလေးဘက်ကတော့ ချို့တဲ့

တယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ တကယ်ချစ်တတ်ရင် သူသာတကိုယ်နှာတာ ဘယ်သူမှ တည့်မတွက်ပါဘူး။

Q **မိန်းမတွေအနေနဲ့ ကိုယ့်ရဲ့အိမ်ထောင်ဘက်အပေါ် စိတ်ချမ်းသာစေချင်တာများတယ်နော်။ အဲဒါဘာကြောင့်လဲ။ သူတို့ကရော မိန်းမအပေါ် စိတ်ချမ်းသာစေချင်ရဲ့လား။**

A အိမ်ထောင်ရှင်မိန်းမသားတွေများစုက မိမိရဲ့ခင်ပွန်း အပေါ် စိတ်ချမ်းသာစေချင်ကြပါတယ်။ တချို့မိန်းမသား တွေဆိုရင် ပြဿနာတစ်ခုခုကိုတောင် ခင်ပွန်းကို အသိ မပေးဘဲ ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်တဲ့သတ္တိတွေ အင်အား တွေရှိတတ်ကြပါတယ်။ ကိုယ့်ရဲ့အမျိုးကို ကျေနပ်စေချင်တဲ့ သဘောပေါ့။ အတတ်နိုင်ဆုံးလည်း စိတ်ချမ်းသာစရာ ကောင်းတဲ့အရာတွေကိုပဲပြောပြီး ဖန်တီးဖြည့်ဆည်းပေးချင် ကြပါတယ်။

Q **ဒါဆိုရင် အတွေ့ကြုံတဲ့မိန်းမ၊ အစ်မပြောခဲ့သလို ပြောင်းပြန်ဖြစ်နေတဲ့မိန်းမမျိုးကိုရတဲ့ယောက်ျားက ကံဆိုး တာပေါ့နော်။**

A လောကလူ့အမြင်နဲ့ကြည့်ရင်တော့ ကံဆိုးတာပေါ့နော်။ သူ့အနေနဲ့ကတော့လည်း ဝဋ်ကြွေးပါလာလို့ပေးဆပ်နေရ တာလည်း ဖြစ်ချင်ဖြစ်မယ်။

Q **နှလုံးသားနုတဲ့ယောက်ျားနဲ့ စိတ်မာတ်မာတဲ့ ယောက်ျား ဘယ်ဟာကပိုပြီး မိန်းမတစ်ယောက်အတွက် သင့်တော်မလဲ။**

A အချစ်မှာတော့ နှလုံးသားနုတာပိုကောင်းတာပေါ့။ ဒါမှလည်း ချစ်တတ်တဲ့စိတ်တွေက ပိုပြီးရှိမှာလေ။ အဲ… ဒါပေမယ့် ကျန်တဲ့အပိုင်း၊ အခြားကိစ္စတွေမှာတော့

စိတ်ဓာတ်ကြံ့ခိုင်တတ်ဖို့လိုပါတယ်။ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာမားမားမတ်မတ်ရပ်တည်ပေးဖို့ အရေးကြီးဆုံးပါ။ ကိုယ်နဲ့မိသားစုတစ်စုလုံးရဲ့ ဘဝလုံခြုံရေးဟာ သူတို့ရဲ့စိတ် ပေါ် မူတည်ပါတယ်။ မိန်းမသားတစ်ယောက်ရဲ့ ရှေ့၊ သား သမီးတစ်ယောက်ရဲ့ရှေ့မှာ ခင်ပွန်းကောင်း၊ ဖခင်ကောင်းဖြစ် ဖို့ဆိုတော့ စိတ်ဓာတ်တည်ကြည်ခိုင်မာမှု ဖြစ်မှာပါ။ အရာရာ တိုင်းရေမျောနေလို့ မရပါဘူး။

**Q** **လူတစ်ယောက်ဟာ အမြဲတမ်းချစ်ဖို့ဆိုတာ ဖြစ်ပါ့ မလား။**

A လူ့ဘဝမှာ အကောင်းဆုံးက အမြဲတမ်းပေါင်းနေဖို့၊ အမြဲ ချစ်တတ်ဖို့ပဲ။ အမြဲချစ်တတ်ဖို့က လူတစ်ဦးတစ်ယောက် တည်းကို အမြဲတွေးမြင်ပြီး နားလည်မှုလျှော့ချတွေနဲ့ ချစ်နေဖို့ကို ပြောတာနော်။ အချစ်တွေအများကြီး ချစ်တတ် နေတာကို ပြောတာမဟုတ်ဘူး။ ကဲ ဒီလိုဆိုတော့ ခင်ဗျား တာရဦး။ မိန်းမသားအများစုရဲ့ ရင်ထဲခံစားချက်တွေကို အကောင်းနိုင်ဆုံးပြောပြပေးဦးမယ်နော်။

❑



အမေးအဖြေ (၁၆)

**Q အချစ်ဆိုတာ အမြဲတမ်းရှင်သန်နေပြီး အတော်စဲပယ်ဦး တယ်ဆိုတာဟုတ်ပါသလား။**

A ကိုယ့်တွေအမြင်မှာတော့ ရင်ထဲမှာ အချစ်ရှိတယ်ဆိုတာ အမြဲရှင်သန်နေမှာပဲ။ အချစ်ကတော့ အမြဲရှင်သန်တယ်။ ခဲယဉ်းတယ်ဆိုတာကတော့ အဲဒီအချစ်ရဲ့အနောက်မှာ ရှိတဲ့ အကျိုးဆက်တွေအပေါ်မူတည်တာပဲ။ ဥပမာ ကြေကွဲရေး၊ စိတ်ပျက်ရေး၊ အညှိုးအတေးအာဃာတတွေ၊ အဲဒါကြောင့်အချစ်ဟာ အရောင်တွေပြောင်းလဲကုန်တာပါ။ ရင်ထဲကအချစ်ကတော့ အသက်မရွေး၊ အချိန်အခါမရွေး ရှိနေတတ်ကြတာချည်းပါပဲ။

**Q အသက်မရွေးအချစ်ရှိတယ်ဆိုတော့ အသက်ကြီးကြီးတွေမှာလည်း အချစ်ကရှိတာပဲပေါ့။ ဟုတ်လား။**

A ပေါ့ရင် အိမ်ကလေးတွေနဲ့ အမောင်းမကြည့် ရှက်ပြီး တော့ မချစ်တော့ပါဘူးလို့ ပြောကြလိမ့်မယ်။ အဲဒါ ညာတာ။ မချစ်တဲ့ သံယောဇဉ်ဆိုတာ ဖြစ်မလာဘူး။ ဘယ်လို အကြောင်းအရာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲအဆိုးပါးနဲ့တွေ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ အခုထက်ထိမကျဲ့ကျွာတဲ့ မေ့လော့နိုင် တာကိုက ချစ်လို့ပဲပေါ့။ ဒီလူတစ်ယောက်နဲ့တစ်ယောက် လုံးဝမချစ်ကြတော့ဘူးဆိုရင် ဘာသံယောဇဉ် အမျှင်အနဲ့ မှ ရှိမလာကြတော့ဘူး။

**Q ဒါဆိုရင် တချို့ကျတော့ သံယောဇဉ်ဖြစ်ပြီးတော့မှ ချစ်သူတွေဖြစ်သွားတာကြတာရော့။ အဲဒါ ကောင်းပါသလား။**

A ချစ်သွားပြီး သံယောဇဉ်ဖြစ်တာထက်စာရင် တစ်ယောက်နဲ့တစ်ယောက် သဘောထားတွေ၊ နားလည်မှုတွေ ရပြီး သံယောဇဉ်ဖြစ်ရင်နဲ့ ချစ်သူဘဝရောက်သွားတာ ပို ကောင်းသလားလို့ ထင်မိတယ်။ တို့မြင်တော့ အဲဒီအချစ် ကပိုပြီးတော့များ စေချစ်မှုရှိလာလေမလဲဘူး။ အိမ်ထောင် သည်ဘဝတည်ဆောက်ရင်တောင်မှ အချစ်ထက်သံယော ဇဉ်ကပိုပြီးအားသာနေတဲ့အတွက် ပိုပြီးလုံခြုံမှုရှိမယ်လို့ မြင်တယ်။

**Q မိန်းကလေးတစ်ယောက်အနေနဲ့ ချစ်သူပဲဖြစ်ဖြစ် အိမ်ထောင်ဖက်ပဲဖြစ်ဖြစ်၊ ရွေးချယ်တဲ့နေရာမှာ မိဘရဲ့ဆန္ဒ ရှုမလား၊ ကိုယ်ရှိရမယ့်အခွင့်ကိုပဲ ရွေးရမလား။**

A ဘာလဲ "ကြိုရင်မိုး ပေါ့ရင်ရှိ" တောင်းဆိုကိုမေးချင် တာလား။ ကိုယ်က ကလေးလိုဆိုရင်ပြီး ခွဲချင်တာလား။ ဒါမှ မဟုတ် ရေရာတကာဘဝရောတုန်းမှ ကိုယ့်ပြဿနာမကြီးကြဲ့ ထွေရှိလား။ အဲဒီက ကိုယ့်အပေါ်နားလည်မှုရှိဖို့က အဓိကပါ။

ကိုယ်ကအကောင်းဆုံး စိတ်ပြီးရွေးချယ်ပေးမယ့် ကံကြမ္မာ ကရှိသေးတယ်လေ။

Q **လူတစ်ယောက်ကို မေ့ပျောက်ဖို့ကြိုးစားတာ အချိန် ကြာပြီးရှိတာတယ်ဟာ ဖြစ်ကောင်းသလား။**

A ကိုယ်ပြောသလို "ဇာတ်လမ်းကြီးဟာ လှကိုမိဖြစ်စေကဲ့ ပေးတော့ကိုး" လို့ ဒါပေမယ့် တကယ်မချစ်တတ်တဲ့သူအတွက် ကတော့ အခွဲအလမ်းမကြီးတော်ဘူး။ တကယ်ချစ်ကို ရင်ထဲမှာ အချစ်ချစ် အချစ်ကြီးနဲ့ဖေးကြိုဆိုရင်တော့ အခွဲအလမ်းကြီး သလောက်တာပဲ။ ဘယ်ကိုရွှေဆို သိပ်ပြီးစိတ်အခွဲအလမ်း မထားရင်တော့ ကိုယ့်ဟာကိုသက်သာစေတယ်။ စိတ်တွေ ကို မြေ့မြေ့ပါးပါးထားနိုင်ရင် လှကိုမိနိုင်စေတယ်။ ဒီလိုရင်ထဲ က ပြောလာတာတွေဆိုတာဘာမှလုပ်မှုလိုမရတဲ့အတွက် ခံစားရတာပါပဲ။

❑



အမေးအဖြေ (၁၇)

**Q "ချစ်တိုင်းမညား ညားတိုင်းမချစ်" ဆိုတဲ့ စကားရှိ ပေါ့ ဒီစကားမှာမလေးတော့ဘူးလို့ရှိသလဲ။**

A မိန်းမသားဖြစ်တဲ့ ကျွန်မကတော့ လက်မခံဘူး။ ယောက်ျားတစ်ယောက် ချစ်ခွင့်မရခြင်းအပေါ် အတွင်စလို့ မဆုံးဖြတ်တဲ့ ဘဝတစ်လျှောက်လက်တွဲဖော်အဖြစ် ကိုယ်နဲ့ သင့်တော်မယ်သော် အချိန်ယူလေ့လာစဉ်းစားပြီးမှ အဖြေပြန် ပေးခဲ့ရင် "ချစ်ရင်ညား"ရမှာပေါ့။ မိဘတွေပေးစားလို့ မတတ်သာလို့ညားဖြစ်ကြတဲ့ အိမ်ထောင်ဘက်တွေလည်း ရှိကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းမသားတစ်ယောက် အိမ်ထောင်ရှင်ဖြစ်သွားပြီဆိုတာနဲ့ ကိုယ့်ရဲ့လင်ယောက်ျား အပေါ်သစ္စာရှိရမယ်၊ ကြင်နာရမယ်၊ နောက် ချစ်လာနိုင်ရ မယ်၊ "ညားရင်ချစ်" ရမှာပဲ၊ ဒီတော့ ... "ချစ်ရင်ညားရမယ်"

"ညားရင်ချစ်ရမယ်" ဆိုတဲ့စကားရပ်ကို မိန်းမသားတွေရှိပြီး လက်ခံသင့်တယ်။ "မိန်းမကောင်းသန့်ပြန့်တစ်ခွင့်ဝန်" တဲ့ လေ။

**Q အိမ်ထောင်ရှိတွေရဲ့ အရေးပါဆုံးအရာတော ဘာများ ဖြစ်မလဲ။**

A လူရယ်လို့ ဖြစ်လာရင် အမှားကင်းတဲ့သူဆိုတာ မရှိ သလောက်ပါပဲ။ ဒါပေမယ့် ခွင့်လွှတ်နိုင်တဲ့အရာနဲ့ ခွင့်မ လွှတ်နိုင်တဲ့အရာဆိုပြီး ခွဲခြားခြားသိထားဖို့တော့လိုတယ်။ "လူမှုရေး ဖောက်ပြန်မှု" ဟာ အိမ်ထောင်ရှင်တွေရဲ့ အရေးပါး ဆုံးအရာပဲ။ အဲဒီလို အမှားမျိုးမဖြစ်အောင် ကိုယ့်ဘက် သူ့ဘက် "စည်း" ကို နားလည်ထားရင် ရေသောက်ယံ့ကြည်မြို့ တဲ့အိမ်ထောင်ဘက်တွေအဖြစ် လူ့ဘဝသက်တမ်းတိုတိုကို ကျော်ဖြတ်နိုင်ပြီပေါ့။ "စည်း" ဆိုတာကော့ "စည်း" ရမယ် ကိုယ်ကျင့်သိက္ခာ အဓိကပါဝင်တယ်။ အဲဒါအပြင် ကိုယ် မကြိုက်တာသူမလုပ်ဖို့၊ သူမကြိုက်တာကိုယ်မလုပ်ဖို့ မှန်မှန်ကန်ကန်ဝေးဝေးပြောပြီးထားတဲ့ "စည်း" ကို ဆိုလို တာလေ။

**Q အိမ်ထောင်တစ်ခုမှာ အရေးပါပြီး ဦးဆောင်ဦးရွက်ပြု နိုင်တာ ယောကျ်ားလား၊ မိန်းမလား။**

A အချစ်နဲ့မတဲ့မေးခွန်းကို မေးလိုက်ပြန်ပြီနော်။ အိမ် ထောင်တစ်ခုသာလာဖို့ အခြေကျကျခိုင်ခိုင်မြဲမြဲဖြစ်ဖို့ နှစ်ယောက်စလုံးဟာ အရေးပါတဲ့နေရာမှာရှိတယ်လေ။ တစ်ယောက်နဲ့တစ်ယောက်ဆွေးနွေးတိုင်ပင်ရမယ်။ ကြည်လင်ပြတ်သားစေတဲ့ နားလည်မှုထားရမယ်။ စိတ်ဝမ်း ကွဲမှုမဖြစ်ဖို့ မိမိလုပ်နိုင်မယ့် စီလားစုဘာဝန်ကို ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်နိုင်ရမယ်။ သူ့အရေးပါတယ်။ ငါ့အရေး

ပါတယ်။ သူဦးဆောင်နိုင်တယ်၊ ငါဦးဆောင်နိုင်တယ်ဆိုတဲ့ အတွေးမျိုးတောင် မထားသင့်ပါဘူး။ ယောက်ျားမိန်းမ နှစ်ယောက်စလုံးဟာ အိမ်ထောင်ရှင်တွေဖြစ်ပြီးတဲ့နောက် နှစ်ယောက်စလုံး မိသားစုအတွက် အရေးပါသလို ကိုယ်နိုင်ရာ မိသားစုတာဝန်အတွက်လည်း ဦးဆောင်နိုင်ရမှာပေါ့။

**Q တချို့အိမ်ထောင်တွေက သာသာယာယာနဲ့ကြာပြီး တချို့ ကြတော့ စိတ်မချမ်းမြေ့ဖွယ်ရာတွေနဲ့ ကြုံတွေ့နေကြရတယ်။ အဲဒါဘာကြောင့်ပါလဲ။**

A အိမ်ထောင်ရေးမှ မဟုတ်ပါဘူး၊ ဘယ်နေရာမှာမဆို အကောင်းနဲ့အဆိုး အမြဲတွဲနေတတ်ကြတာပဲ။ အဲဒါ သဘာဝတရားကြီးက မေ့တီးထားတာလေ။ ပြီးတော့ ... လူတွေရဲ့စိတ်ကလည်း ခန့်မှန်းရခက်သား မဟုတ်လား။ အိမ်ထောင်တစ်ခုပြုတယ်ဆိုတာ ဆွေသားမတော်စပ်တဲ့ လူစိမ်းနှစ်ယောက် ဘဝတစ်ခုကို လက်တွဲတည်ဆောက်ရတာဆိုတော့ သူ့အလိုင်းအရိုင်း ကိုယ့်အလိုင်းအရိုင်းပေါ် ပေါ်ထက်အကျုံးဝင်တတ်ပြီလေ။ ဒါပေမယ့် စိတ်ချင်းညှိပြီး စိတ်ချင်းညှိပြီး တယောက်ချင်းနှစ်ယောက် အဓိကပါ။ အိမ်ထောင်တစ်ခုမှာ နားလည်မှုလွဲချော်ခြင်းဟာ စိတ်မချမ်းမြေ့ဖွယ်ရာတွေကို ကြုံတွေ့နိုင်ခြင်းအစပေါ့။ ဒီတော့ သာယာတဲ့ အိမ်ထောင်ရေးတည်ဆောက်ဖို့ရဲ့ နားလည်မှုကို တစ်လွဲအသုံးမချသင့်ဘူးပေါ့။

❑



အမေးအဖြေ (၁၈)

**Q အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့အခါ ဦးနှောက်နဲ့ဆုံးဖြတ်ရမလား။ ဒါမှမဟုတ် နှလုံးသားနဲ့ ဆုံးဖြတ်ရမလား။**

A ဘယ်အရာကိုမှ ရှေ့တန်းမတင်ပါနဲ့။ နှလုံးသားနဲ့ ဦးနှောက်အပြိုင်အတူညီမျှစွာချိန်ဆတတ်ရင်း ဆုံးဖြတ်သင့်ပါတယ်။ နှလုံးသားက လက်ခံပေမယ့် ဦးနှောက်က လက်မခံတဲ့အကြိမ်မျိုး၊ ဦးနှောက်က သဘောတူပေမယ့် နှလုံးသားက သဘောမတူတာမျိုးကို လက်တွေ့ဘဝတွေမှာ ကြိမ်ဖန်တွေ့ကြုံ ရတတ်တာပါ။ မိန်းကလေးတစ်ယောက်အတွက် ကိုယ့်အိမ်ထောင်ဘက်ရဲ့ အကောင်းအဆိုးကို တစ်ဘဝလုံးခံစားရမှာ မို့ နှလုံးသားနဲ့ဦးနှောက်ပေါင်းစပ်ညီညွတ်တဲ့ အခြေအနေတိုင်း၊ ချင့်ချိန်ရွေးချယ်သင့်တယ်လေ။

**Q ဒါဆို ဦးနှောက်နဲ့နှလုံးသား မျှမျှတတစဉ်းစားရင်း ကိုယ့်ကိုယ်ကို မလိမ်မညာဘဲ အိမ်ထောင်ဘက်ရွေးချယ်ခဲ့ ရင် သေတာနဲ့သက်တမ်းဆုံး ဖြူဖြူကြွေပေါင်းသင်းနိုင်မယ်လို့ ဆိုလို့ရနိုင်တာပေါ့။**

A အဲဒီလိုမျိုး တစ်ဖက်သတ်ကျိုးကြောင်းလောက်လို့ မရပါ ဘူး။ အိမ်ထောင်တစ်ခု ထူထောင်လိုက်ပြီဆိုတာနဲ့ မမြင် ရတဲ့ ပြဿနာတွေကို ကာယကံရှင်နှစ်ယောက်စလုံးပေါင်း ညှိနှိုင်းဖြေရှင်းဖို့ ပိုရှိပါတယ်။ အဲဒီတော့ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှုလွဲတာတွေကြောင်းကို နည်းပါးစေတာပေါ့။ ချမ်း၊ ချကြိုက်၊ ချလိုက်၊ ချယူကြတဲ့ အိမ်ထောင်ဘက်တွေ ထက်စာရင် စိတ်ချင်းညှိနှိုင်၊ စိတ်ချင်းညှိနှိုင်းဖို့ဖြစ်ခြင်းဟာ လည်း အိမ်ထောင် ရေသက်ပန်တာညှိမြဲခြင်းကို ဖြစ်စေနိုင် တယ်လေ။

**Q တချို့ အိမ်ထောင်တွေမှာ ချစ်ကြတဲ့ လူချင်းလည်း ဖြစ်၊ ဦးနှောက်နဲ့လည်း စဉ်းစားဆုံးဖြတ်ရက်နဲ့ စိတ်မချမ်းမြေ့ ဖွယ်ရာ အိမ်ထောင်ရေး အကွဲအပြဲတွေ တွေ့နေရတတ် တယ်။ အဲဒါ ဘာကြောင့်ပါလဲ။**

A ဟုတ်ပါတယ်။ အဲဒီရုပ်ဝတ်ပန်းကျွန်မှုလည်း တွေ့ နေရပါတယ်။ အဲဒါ အိမ်ထောင်ရှင်ယောက်ျား၊ ဒါမှမဟုတ် မိန်းမတစ်ယောက်က ဆောင့်ရည်းစေတဲ့တရား၊ ပြုသင့်တဲ့ ဝတ္တရားတစ်ခုခုပျက်ကွက်ကြလို့ပါ။ အများအားဖြင့် ယောကျ်ား တွေဘက်က ပိုပြီးပျက်ကွက်တာကို တွေ့နိုင်တယ်လေ။ ကိုယ့်က မိန်းမသားရဲ့ ကိုယ့်ဘက်ကိုယ်ယက်ချကြခြင်းမျိုး မဟုတ်ပါ၊ တွေ့ရတာသေသတ်ကို ဆန်းစစ်ရင်းတွေ့ရတာ တာဖြစ်တယ်။ 'တည်မှီတဲ့တရား လေးပါးနဲ့အညီ' ဆိုတဲ့ စကားမှာလည်းရှိတယ်။ မိန်းမသားတိုင်းဟာ အိမ်ထောင်

တစ်ခုကို 'တစ်ဘဝမှာတစ်ကြိမ်' အဆုံးသတ်စေချင်ကြတယ်လေ။ မိန်းမတွေဟာ အတတ်နိုင်ဆုံး လိုက်လျောညီဖြစ်နေမယ့် အချိုးအကဲကို ဦးတည်သွားတတ်တဲ့ အိမ်ထောင်ရေးအတွဲအဖြေတွေ အတွက်ကတော့ အဖြေထုတ်ရာ တစ်ခုတည်းပဲရှိပါတယ်။ ကံတရားကြောင့်ပေါ့ကွယ်။

**မ    အိမ်ထောင်ရေးမှာ ကံတရားအကြောင်းဆိုတာကြီးကို ကျွန်မတော့လက်မခံဘူး။ တစ်ခါတလေ အရာကို အရာမှန်းသိရက်နဲ့ ဝန်ခံချက်မထုတ်ချင်ဘဲ ဖုံးကွယ်ထားချင်လို့ ဒါမှမဟုတ် ထုတ်ဖော်ဝန်ခံရမှာ ဝန်လေးလို့ ကံကိုလွှဲချခြင်းဖြစ်တယ်။ 'ကံဆိုတာ မိမိရဲ့ ပြုလုပ်မှု' ဆိုတော့ ကိုယ်ရဲ့ ပြုလုပ် ချက်ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်အတွက် ကိုယ် တိုင်ပဲခံစားရတော့မှာပေါ့။ တချို့အိမ်ထောင်ရှင်တွေ သာသာယာယာချမ်းမြေ့တဲ့ဘဝကို ပိုင်ဆိုင်နေကြတယ်။ အဲဒါ ကိုယ် ရဲ့ ပြုမူလုပ်ဆောင်ချက်ဟာ မိသားစုအတွက် ထိခိုက်နစ်နာ စေမှုကို ရှောင်ရှားနိုင်ဖို့ နှစ်ဘက်စလုံးက (ယောက်ျား၊ မိန်းမ) ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ မိသားစုဘဝကို ပိုင်ဆိုင်ထားသူတွေလည်း အများကြီးရှိပါတယ်။ သူတို့ မှန်ကန်တဲ့ အိမ်ထောင်ရေးသဘောတရားတွေကြောင့်ပေါ့ကွယ်။**

❑



အမေးအဖြေ (၁၄)

**Q အိမ်ထောင်တစ်ခုတည်ထောင်ဖို့ အချစ်က အဓိက ကျပါသလား။ ဒါမှမဟုတ် စီးပွားရေးက အဓိကကျသလား။**

A ပြောရရင်တော့ နှစ်ခုစလုံး အဓိကကျပါတယ်။ ဒါပေမယ့် အဖြူချစ်တတ်ဖို့ကလည်း လိုသေးတယ်။ စီးပွားရေးအဆင်ပြေတယ်ဆိုပြီး လက်ထပ်ခဲ့ရင်လည်း အချစ်မပါတဲ့အိမ်ထောင်ရေးကြီးကို ဖြတ်သန်းရမှာပါပဲ။ အချစ်ပါမှ အရာရာအဆင်ပြေနိုင်မယ်ဆိုရင် မှားပါဘူး။ အဲဒီ အချစ်ကတော့ ထာဝရမြဲဖို့ အဖြူတစ်လက်ဆက် နေဖို့က အရေးကြီးဆုံးပေါ့။

**Q ကိုယ့်ရဲ့အိမ်ထောင်ဘက် လင်မယားကြား အလုပ်က ဖြစ်လာရင် မိန်းမလုပ်သူက အမေမပြေအောင် တစ်ခုလော အဆင်မပြေမှုတွေကို အလေးတကြီးပြောဖိတ်ကာရော။**

A ဒါက လူရဲ့စိတ်သဘောထား၊ စရိုက်ပေါ်မူတည်ပါတယ်။ တချို့ကတော့လည်း ဘာမှန်းမသိဘဲ ကိုယ့်ရဲ့ ခံစားချက်တွေကို မစောင့်စည်းနိုင်ဘဲ အကျယ်တကြီး ပြောမိတာပေါ့လေ။

A တချို့မိန်းမတွေကျတော့လည်း ကိုယ့်ခင်ပွန်း အပေါ်အမုန်းပြေလောက်တဲ့ အချိန်၊ စိတ်ကြည်သာတဲ့ အချိန်ကျမှ ရင်ဖွင့်တင်ပြတတ်တာတွေလည်းရှိတယ်။ အကောင်းဆုံးကတော့ အိမ်ထောင်ဘက်ရဲ့ မိသားစုတာဝန်တွေကို အဓိကထမ်းထားတဲ့ အိမ်ထောင်ဦးစီးကို တော်ရုံကိစ္စ အနှောင့်အယှက်ဖြစ်စေမယ့် အသေးအဖွဲ့တွေကို အရေးတကြီးပြောပြနေရမလိုပါဘူး။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဆိုသလို အတူတူမျှဝေပြီး ခံစားနေထိုင်ကြတာ ပိုကောင်းပါတယ်။

Q **အိမ်ထောင်သက်တမ်းကလည်း နှစ်ရှည်လာပြီဆိုတော့ သားသမီးဝေယျာဝစ္စတွေနဲ့ပဲ အချိန်ကုန်နေရတဲ့ အိမ်ရှင်မတစ်ယောက်အဖို့ အလှအပဆိုတာကရော လိုအပ်သလား။**

A အမယ်လေး ကျွန်မအမြင်တော့ လိုအပ်တယ်။ အရမ်းကိုလိုအပ်တယ်။ ငါ အိမ်ထောင်သည်ပဲ၊ ကလေးအမေပဲဆိုပြီးတော့ ပစ်စလက်ခတ်တွေနေမယ် ဝိတ်မကျနဲ့ မလှတော့ရင် ပစ်ပြေးသွားမှာ ၉၀ ရာခိုင်နှုန်းလောက်က သေချာတယ်။ အချိန်လေးကို ပေးတော့ သူ့အသက် အရွယ်နဲ့ သူကတော့ တင့်တယ်အောင် နေနိုင်ရမယ်။ ယောက်ျားတစ်ယောက်ကို ဆွဲဆောင်နိုင်မှုထဲမှာ အဲဒီအလှ အပက တစ်ခန်းတစ်ကဏ္ဍပါဝင်တယ်။

Q **တချို့ယောက်ျားတွေဆိုရင် အိမ်ရှင်မ ဝီသတဲ့မိန်းမ**

**မျိုးကို ပိုသဘောကျတယ်နော်။ သူတို့သဘောကျအောင် မိန်းမပီသပြီး အချက်အပြုတ်ကျွမ်းကျင်ဖို့ လိုသလား။**

A ဒါကလည်း လူပေါ်မူတည်တာပဲ။ အချို့အမျိုးသားကြ တော့ ကိုယ့်အပေါ်ဂရုတစိုက်ချက်ပြုတ်ကျွေးမွေးတဲ့ မိန်းမ ကိုပဲလိုချင်ကြမှာပဲ။ လူတိုင်းက သူ့ဘဝကိုယ်ကိုယ် ဂရုစိုက် ခံ၊ အချစ်ခံချင်ကြတာချည်းပါပဲ။ ဒါပေမယ့်တချို့ယောကျ်ား တွေကလည်းမချက်တတ်တဲ့ အိမ်ထောင်ဖက်ကို ဆိပ်မနိုင် နင်းလည်း ချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်နေကြတာလည်းရှိတာပါ ပဲ။

**Q အိမ်ထောင်တစ်ခု နိုင်မြဲဖို့ဆိုတဲ့နေရာမှာ သားသမီး ရှိမှ ပိုသေချာတယ်ဆိုတာကိုရော ဘယ်လိုမြင်ချင်သလဲ။**

A ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ အိမ်ထောင်သည်ဖြစ်လာ ရင်တော့ အနည်းဆုံး သားသမီးတစ်ယောက် နှစ်ယောက် လောက်တော့ ရှိရင်ပိုကောင်းပါတယ်။ ဒါမှလည်း တာဝန် တွေက ပိုပြီးလေးနက်လာမယ်။ မိဘမေတ္တာကို ကိုယ်ချင်းစာ နိုင်လာတတ်တယ်။ ပြဿနာအကြောင်း တစ်ခုခုတစ်ခု ပေါ်လာရင်တော့ သားသမီးမျက်နှာတွေ ထောက်ပြီးညှိနှိုင်း ဖြေရှင်းခွင့်တွေရမယ်။ ကျန်းမာရေးအရ သားသမီးမရ မယ့် သေတယ်နဲ့သက်တမ်းဆုံး နိုင်မြဲသွားတဲ့ အိမ်ထောင် ရေးတွေလည်းရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့က အဓိကပါ။

❑



## အမေးအဖြေ (၂၀)

**Q မိမိရဲ့ စိတ်အာရုံတစ်ခုလုံးဟာ ဒီလူတစ်ယောက်တည်းပေါ်မှာပဲရှိနေမယ်ဆိုရင် အချစ်လို့ခေါ်ကြလို့ရမလား။**

A ဒါဟာ ချစ်လို့ဖြစ်တယ်ဆိုတာသေချာပါတယ်။ ချစ်တော့ တွေ့ချင်နေတယ်။ ခွဲခွာနေရတဲ့အခြေအနေတိုင်းကို သတိတရနဲ့ ခေါင်းထဲရှိနေတတ်တယ်။ သူ့အတွက် စိတ်ပူတာ၊ သူ့အတွက်ပေးဆပ်ချင်တာ၊ သူ့အတွက် သူ့အတွက်ဆိုပြီး ဖြစ်နေတာမျိုးဟာ အချစ်ကြီးတယ်လို့ခေါ်မှာပေါ့။ ပြီးတော့ တကယ်ချစ်ရင်ခွင့်လွှတ်တဲ့စိတ်ကို အလိုလိုဖြစ်တတ်တယ်။ စိတ်ထဲအလိုမကျတာရှိလည်း ချစ်သူမျက်နှာလည်းမြင်ရော ဘာမှမပြောဖြစ်တဲ့ အပြစ်မမြင်ဖြစ်တာမျိုးတွေလည်း ရှိတတ်ပါတယ်။

**Q အချစ်ဆိုတာ ရင်ခုန်စေတယ်ဆိုတာ ပြောပြောနေကြ**

တာကာစေရေး။

A ရှင်မဲ့ ရင်ပြည့်နေတာရှိသလို ဗိုက်ဆာတာမျိုးလည်း ဖြစ်တာပဲ။ ဥပမာ တစ်ခုတစ်ခုကို စိတ်ပူပန်နေရင် သူ့ အတွက် သောကကာလ်နေတာကြိုရရင် ရင်ထဲမှာပြည့်ပြီး ဘာမှမစားချင်သလိုဖြစ်တတ်တယ်။ ကိစ္စအားလုံးပြေလည် သွားပြီဆိုရင်တော့ ဗိုက်ဆာလာတာပဲ မဟုတ်လား။ တချို့ ကျတော့လည်း ချစ်သူ မျက်နှာတိုင်ကြည့်ရင် ဗိုက်အတိုင် ပြည့်နေတာမျိုးလည်း ရှိတာပဲ။ အဲဒါကြီးကတော့ ကြာရှည် တော့ မဖြစ်နိုင်ဘူးထင်တယ်။

Q **အချစ်နဲ့အိပ်ရေးပျက်ခြင်းလို့ ယှဉ်တွဲပြောရင်ရပါ သလား။**

A ဒါက ခံစားရတဲ့သူတွေအပေါ်မှာတည်ပါတယ်။ စိုးရိမ် ကြီးတဲ့သူတွေအဖို့ကတော့ ညဘက်အိပ်မပျော်တာတို့ အိပ် မရတာတို့ဖြစ်တတ်သလို တချို့ကလည်း အမှုအခင်း မှာ့ ဘာကြီးဖြစ်နေဖြစ်နေ ခေါင်းဦးအုံးလိုက်တာနဲ့ အိပ်ပျော် တတ်သူတွေလည်း ရှိတာပဲ။ အိပ်ရေးပျက်တယ်ဆို တာကတော့ ကိုယ့်ရဲ့ချစ်သူ ထင်းသောက်ရုံပေါ ညဘက် အတော်မိုးချုပ်မှ ပြန်ရောက်တတ်တဲ့သူ ဆိုရင်တော့ သူ့ စောင့်ရတာနဲ့တင် အိပ်ရေးပျက်ပြီပေါ့။ စောင့်တယ်ဆိုတာ ကလည်း ချစ်လို့ရှိတာ အသိသာကြီးပဲ။

Q **တစ်ယောက်ချစ်ရင် အပြစ်တင်လေ့ရှိတာကိုလည်း ခံရ မယ်ဆိုတာကိုရော လက်ခံလို့ရပါသလား။**

A ကိုယ်တစ်ယောက်ချစ်ရင် အဲဒီလူရဲ့ စကားကို နားထောင် ချင်တာပါပဲ။ ဆိုဆုံးမတာပဲဖြစ်ဖြစ် အပြစ်တင်ပြောဆိုတာပဲ ဖြစ်ဖြစ် တော့ကျော့နိုင်ကြီးကို ခံယူချင်ပါတယ်။ ကိုယ့်ရဲ့ အမှားအယွင်းကို ဝေဖန်ပိုင်းခြားပေးတဲ့ချစ်သူ ပိုင်ဆိုင်ထား

ဖြင်းပေါ့ ဒီမိန်းမအတွက် ကံကောင်းခြင်းတစ်မျိုးပဲလေ။ ကိုယ့်ရဲ့ရှေ့ဆောင်လမ်းပြဖြစ်ကြတဲ့ချစ်သူကို မိန်းမသား တိုင်းပိုင်ဆိုင်ချင်ကြတာချည်းပါပဲ။ ကိုယ်ချစ်တဲ့သူက ဘာပဲ ပြောပြော အဲဒီအချစ်တစ်ခုတည်းနဲ့တင် ဘယ်အရာမဆို နားထောင်ချင်၊ လေးနက်ချင်ကြပါတယ်။

Q **ဒီလူတစ်ယောက်ကို တကယ်ချစ်တယ်၊ မချစ်ဘူးဆို ကိုယ့်ကိုယ်ကို မေးခွန်းမေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။**

A အချစ်ဆိုတာ တကယ်တော့ ဆန်းကျယ်တာပဲ။ တစ်ခါတလေ ကိုယ်ကချစ်တယ်လို့ထင်ပေမယ့် တကယ် တမ်းကျတော့ မဟုတ်ဖြစ်ဘူး။ အချစ်မှာမမြင်ရတဲ့အစွမ်း သတ္တိတွေရှိနေတယ်။ လေလေလာလမြဲသလိုမျိုးပေါ့။ တကယ်ချစ်မိပြီဆိုရင် ဘာကိုမှမကြောက်တော့သလို အဲဒီလူဟာကြီးပဲဖြစ်ဖြစ်နေ ချစ်ကိုချစ်နေတာ၊ ချစ်သူရဲ့ မျက်နှာကိုတစ်ချိန်ချိန်ကြည့်နေရင်းနဲ့ကို ပီတိဖြစ်နေမိတာ၊ အထင်ကြီးနေမိတာ၊ အသံလေးကြားရုံ မျက်နှာလေးကို မြင်တာနဲ့မြင်လိုက်ရုံနဲ့ ပျော်ရွှင်လာတာမျိုးတွေပေါ့။ အဲဒီ လိုခံစားရပြီဆိုရင် ချစ်တယ်၊ မချစ်ဘူးဆိုတာ ခွဲခြားလို့ရပါ တယ်။

❑



အမေးအဖြေ (၂၀)

Q **မိန်းမတွေဟာ ယောက်ျားရဲ့ ဦးစားပေးခြင်းခံရအောင် ဘယ်လိုနေထိုင်ရပါမလဲ။ ဦးစားပေးခံချင်တယ်ဆိုတာကရော တကယ်ဟုတ်ပါသလား။**

A လူဆိုတာကိုဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဦးစားပေးရချင်ကြခြင်းကိုခံချင်ကြတာချည်းပဲ။ ကလေးဘဝတုန်းကလေးဘဝရှိ ဖောင်နေချင်တယ်ဆိုရင် ကိုယ့်ကိုဦးချင်တာကြီးတော့လည်း အပေါင်းအသင်းအပေါင်းကို ပတ်ဝန်းကျင်မှာ ကိုယ့်ကိုဦးစားပေးရင် သဘောကျတာပဲ။ ဒါပေမယ့် အခီထဲမှာ မိန်းမတွေဆိုတာက ကိုယ့်ရည်းစားက ကိုယ့်လင်ယောက်ျားက ဦးစားပေးရင် အိမ်ထိုင်ကျပြီးဖြစ်ဖြစ်တာလေ။ ရောက်နေတဲ့တစ်ဘဝလုံးက ဂရုစိုက်ချင်နေပါစေ။ ကိုယ့်ချစ်သူလင်ယောက်ျား ဦးစားပေးဂရုစိုက်ရင်

ပြည့်စုံနေတာပဲ။ ဘယ်လိုနေထိုင်ရမလဲဆိုတာကတော့ ကိုယ့်ဘက်က မှန်ကန်နေဖို့၊ ဝတ္တရားကျေပွန်နေဖို့၊ အပြေ ပေးတတ်ဖို့ (ဆရာလုပ်ခြင်းမဟုတ်ပါ) ကိုယ့်ဘက်ကသာ ဒီအတိုင်းဖြစ်နေဖို့ကတော့ သူတို့ရဲ့ ဂရုစိုက်၊ ဦးစားပေးတာ ကို ခံရမှာသေချာပါတယ်။

**Q ယောက်ျားတွေဟာ မိန်းမတွေအပေါ်အိမ်ထောင် သက်ကြာလာရင်ငြီးငွေ့လာတတ်တယ်ဆိုတာကရော တကယ် မှန်ပါသလား။**

A အဲဒီလို ပြောတာကြားဖူးပါတယ်။ ရိုးသွားတာလား၊ ငြီးငွေ့သွားတာလားဆိုတာ ခွဲခြားကြတော့ လိုပါလိမ့်မယ်။ ဒီလူတစ်ယောက်ကို ပြောရဆိုရတာ မဆန်းသစ်တော့တဲ့ အတွက် ရိုးသွားတာမျိုး၊ ဒါမှမဟုတ် စိတ်ပျက်စိတ်ကုန်စရာ ကောင်းအောင် နေတတ်တဲ့ မိန်းမမျိုးကို ငြီးငွေ့စိတ်ကုန် သွားတာမျိုးတွေဖြစ်ရအောင် မိန်းမတွေဘက်က ပညာ သားပါပါသုံးသပ်ဖို့က အရေးကြီးပါတယ်။

**Q ပညာသုံးရမယ်ဆိုတာ ဘယ်လိုဆိုလိုတာပါလဲ။**

A ဆောင်ရန်၊ ရှောင်ရန်တွေပေါ့။ တစ်ချိန်လုံးအများ ကပ်ပြီး ချွဲနေပြန်ရင်လည်း ရိုးလွယ်ပြီးစိတ်ညစ်သွားရော၊ အဲ သူတို့အပေါ်ကပဲ ကိုယ့်အလုပ်ကိုယ်လုပ်နေပြန်ရင်လည်း သူတို့ကို မချွဲတော့ဘူးထင်ပြီး အသစ်ရှာချင်ပြန်ရော၊ ဒါ့ ရယ်လို့ဖြစ်လာရင် အချိန်တန်တော့ ဒီမိန်းမကောင်းနေရတဲ့ အရေးကြီးက လှတိုင်းနိုင်ပါ။ တွေ့ ကြုံရတာပဲလေ။ အဲဒီနေရာ မှာ မိန်းမတွေက အချုပ်ကိုင်ရကြိုးလေတော့ မနိုင်ချင်ရင် နေပါစေ အချုပ်ကိုင်နိုင်ဖို့အတွက် ကကြွယ်ဖို့ဉာဏ်တွေ ပညာတွေတတ်ထားဖို့ လိုကိုလိုအပ်ပါတယ်။ ဒါဟာ မသေ မဟုတ်ဘူး။ ကိုယ့်မိသားစု တည်မြဲဖို့နှုန်းမျှခြင်းနေချင်လို့

လှုပ်ရှားတဲ့အရာတွေပေါ့။

Q မျက်ရည်ကျပြလိုက်ရင် ယောကျ်ားတွေရဲ့စိတ် အရည်ပျော် ပြောင်းလဲသွားတတ်တယ်ဆိုတာ အမှန်ပဲလား။

A အများအားဖြင့်တော့ မှန်တယ်လို့ပြောရမှာပါပဲ။ မျက်ရည်ကျလိုက်ရင် သနားသွားတဲ့စိတ်ကအရင်ဖြစ်တာ ကိုး။ ဒါပေမယ့် ဘာမဟုတ်တာလေးကို မျက်ရည်လွှက်နေ ရင်တော့ ကြာရင်စိတ်ပျက်လာလိမ့်မယ်နော်။ ကိုယ်တကယ် ခံစားရလို့ ၊ ကိုယ့်မှာအကယ်အခက်အခဲရှိလို့ ကျတဲ့ မျက်ရည်နဲ့ လှုပ်ယူတဲ့ မျက်ရည်က ကွဲပြားတယ်။ ဒါကို သူ တို့ ကလည်း သိ ပါ တယ်။ မျက် ရည် ကျ ပြ တို င်း ကိုယ့်အပေါ် ရှေ့ရှုနေလိမ့်မယ်တော့မထင်နဲ့။ မှားသွားမယ်။

Q မိမိရဲ့စိတ်အာ ရုံက အမြဲလိုလို သူ့ဆီရောက်နေ တာဟာ အချစ်လို့ခေါ်မလား။

A တကယ်ချစ်တယ်၊ ချစ်မိပြီဆိုရင် မျက်ချက်လုံးစ ဖွင့်ကတည်းက သူ့အပေါ်စိတ်ရောက်နေပြီလေ။ ပြီးတော့ စိုးရိမ်ပူပန်စိတ်တွေ၊ ဘာဖြစ်ဖြစ်ပေးဆပ်အနစ်နာ ခံချင်စိတ် တွေ ရှိနေတာရှိသေးပါ။ ဒီလူတစ်ယောက်ရဲ့ အချစ်ကို ဘာမှ ညာချုန်းမသိ လက်ခံခဲ့ပေမယ့် စိတ်ကလဲမရောက်ဘူး၊ စိုးရိမ်ပူပန်စိတ်လည်းမရှိဘူးဆိုရင် အဲဒါ တကယ်မချစ်လို့ဆို တာသေချာတယ်။ တကယ်ချစ်ရင် အဲဒီစိတ်တွေဖြစ်ကို ဖြစ် ပါတယ်။

❑



## အမေးအဖြေ (၂၂)

**Q တကယ်ချစ်ရင် နားလည်မှုရှိရမယ်တဲ့။ အဲဒီ နားလည်မှုမှာ အတိုင်းအတာရှိသေးလား။**

A အတိုင်းအတာဆိုတာ နေရာတိုင်းမှာရှိတယ်။ သူ့ နေရာနှင့်သူ ရည်ရွယ်ချက်ကလည်းရှိတယ်။ ဘယ်လောက် ပဲချစ်ချစ်၊ နားလည်မှုဘယ်လောက်ပဲရှိရှိ ကိုယ့်ချစ်သူကို တခြားသူလက်ထဲထည့်ပိုက်ရအောင်တော့ သဘောထား မကြီးနိုင်ပါဘူး။ မပြေရက်တို့သော ကျိတ်မှိတ်ခံစားနေရ မယ်။ ခွင့်လွှတ်နိုင်တော့ အားမရှိဘူး။ ကျိတ်မှိတ်နေတယ်ဆို တာကလည်း တို့မိန်းမသားတွေမှာသာရှိတယ်။ ယောကျ်ား တွေကတော့ သည်းခံတယ်၊ နားလည်ပေးတယ်ဆိုတာ ရှားပါတယ်။

**Q ကိုယ့်ချစ်သူကို အမြင့်ဆုံးမှာ ထားချင်တဲ့စိတ်ဖြစ်နေ**

တချို့ကာစေရေး။

A ဒါက သဘာဝပဲလေ ကိုယ့်ချစ်သူကို မေ့ပစ်နိုင်စေချင် ဘူး။ အကောင်းဆုံးနေရာမှာထားချင်တယ်။ အဲဒီအတွက် ကြိုးစားကြတာပါပဲ။ ကံကြမ္မာရေ ကြိုးစားတိုင်းမဖြစ်တော့ မကျေနပ်စိတ်တွေဝင်လာတယ်။ ဒေါသတွေထွက်ရတယ်။ အငြိုးအာဃာတတွေ များလာတာပေါ့နော်။ လူဆိုတာ ကိုယ့်ချစ် တဲ့သူ၊ ကိုယ့်မိသားစု၊ သားသမီးကို အကောင်းဆုံးရဲ့ အမြင့် ဆုံးနေရာမှာ ထားချင်တာမဆန်းကြပါဘူး။

**Q အချစ်အတွက် သတ္တိရှိတယ်လို့ ပြောကြတော့ တဲ့လူငယ်တွေကို ဘယ်လိုမြင်လဲ။**

A ကဗျာလေး တစ်ပုဒ်ဖတ်ဖူးတယ်။ 'အချိန်တိုင်း နေရာတိုင်း ချစ်သူတိုင်း ချစ်တိုင်းလည်း ရနိုင်ရမယ်' တဲ့။ အရွယ်ငယ်သေး အချစ်အတွက်နဲ့တကြောတဲ့အရွယ်က လည်း ရှိတတ်တော့ ဒီအချစ်ကိုမကြာမကြာကြတာကို အမြဲ မမြင်ပါဘူး။ အချစ်ရှိမှသာသာမယ်၊ တက်ကြွမယ်၊ မျိုးဆက် သစ်တွေပေါ်လွန်းမယ်လေ၊ အဲဒီအချစ်မရှိခဲ့ရင် အရုန်းတွေပဲ ရှိခဲ့ရင် ကမ္ဘာကြီးမငြိမ်းမှာပေါ့ အသေချာဆုံးပဲ၊ အဓိက တော့ ချစ်ကြတဲ့သူတွေကို သဘောကျတယ်။ ကဲ့ရဲ့မှာကို လည်း မကြောက်ဘူး။ ကိုယ့်မိသားစုချင်း ကိုယ့်ပတ်ဝန်းကျင်ချင်း ကိုယ့်မိတ်ဆွေချင်း မတူညီတဲ့အချစ်တွေရဲ့ ချစ်ချေကြ ရှိ အရေးကြီးဆုံးပဲ။

**Q ခံစားချက်ပြင်းထန်ရင် လွယ်ပယ်ဖုံးတယ်လို့ ကြားဖူး တယ်။ အဲဒီလိုမဖြစ်အောင် ဘယ်လိုနေရင်ရမလဲ။**

A ခံစားချက်ပြင်းထန်တဲ့လူဟာ ရောဂါရလွယ်တယ်။ ရောဂါရတော့ လွယ်ပယ်ဖုံးတယ် ရှိပါလျှတယ်။ ပြီးတော့ ဒေါသတွေ၊ မာနတွေနဲ့ပြည့်နေတဲ့လူတွေဟာ မျက်နှာကိုက

မကြည့်တတ်ဘူး၊ မတွေးချင်ဘူးပေါ့နော်၊ အရှင်းဆုံးပြောရရင် မိန်းမသားတွေက ရုပ်ရည်နဲ့ဆွဲဆောင်ရတာလေ၊ ဒီရုပ်ကြီးကျတော့ရင် ကိုယ့်ချစ်သူကိုဆွဲဆောင်တဲ့နေရာမှာ အရည်အသွေးကောင်းရပြီ၊ အိမ်ထောင်ရေးကျေနပ်စေလိုဘူး၊ ရှုချင်စရာကောင်းရမယ်၊ အဲဒီလိုဖြစ်စေဖို့အတွက် အဓိကက ကိုယ့်စိတ်ပဲ၊ စိတ်ကိုပြုပြင်ထိန်းသိမ်း ကိုယ့်ချစ်သောသူကို နားလည် သူ့အားပြောတိုင်းတော်မခံချင် မဖြစ်ပါဘူးပေါ့ကွယ်။

Q ရုပ်မချောရင် ဆွဲဆောင်မှုမရှိဘူးလို့ ဆိုချင်တာလား။ အဲဒီလိုဆိုချင်တာလား။ အဲဒီလိုဆိုရုပ်ဆိုးနေတဲ့သူတွေ ဘယ်လိုလုပ်မလဲ။

A မဟုတ် … မပြောပါဘူး၊ ရုပ်ချောင်းသားလို့မှာရှိ မလိုဘူး၊ ပြီးတော့ အသား၊ အရှေ့အနောက်၊ ချောင်ပြောတဲ့နေရာ၊ ပြုမူပုံသဘောထားတဲ့နေရာမှာ ဆွဲဆောင်မှုတွေ အသီးသီးရှိနေတာပဲ၊ အချို့ကရုပ်ကောင့် စိတ်ကောင်းရှာတယ်။ စိတ်လှုလောက ချက်နားကြည်တယ်။ ကျက်သရေရှိနေရော၊ လောကမှာ အိမ်ထောင်သည်မိန်းမဖြစ်ဖြစ်၊ ချစ်သူရည်းစားရှိတဲ့မိန်းမပဲ ဖြစ်ဖြစ် ရုပ်လှဖို့ထက်ကိစ္စကောင်းဖို့က အရေးကြီးဆုံးပေါ့၊ ကိုယ်ကောင်းတယ်ဆိုတာ ကိုယ့်ကိုချစ်ပြီး လေ့ကျက်နေဖို့ကို ဆိုလိုတာ။

❑



အမေးအဖြေ (၂၃)

Q **အိမ်ထောင်ရှင်မိန်းမသားတစ်ယောက်ရဲ့ ရှင်သန်ခြင်းဟာဘာဖြစ်နိုင်မလဲ။**

A သူ့ရဲ့ခင်ပွန်းရဲ့ သားသမီးတွေဟာ သူ့ရဲ့ရှင်သန်ခြင်းတွေပဲပေါ့။ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဟာ မျက်စိနှစ်လုံးဖွင့်လိုက်ကတည်းကနေ မျက်စိနှစ်လုံးပိတ်တဲ့အချိန်ထိ သူ့ရဲ့ခင်ပွန်းရဲ့ သားသမီးကိစ္စတွေနဲ့ အချိန်ကုန်ကြတာများပါတယ်။ အဲဒီအတွက် ပင်ပန်းတာများပါတယ်။ အဲဒီ အတွက် ပင်ပန်းတယ်လို့လည်း ထောင်ဘဲဝိတ်တွေနဲ့ လုပ် ပေးနေမိတာပါ။ အဲဒါဘာဖြစ်လို့လဲမေးရင်တော့ သိပ်ချစ်လို့ ဆိုတဲ့ အဖြေကိုပြုံးပြုံးလေးနဲ့ပေးမှာပါ။

Q **အိမ်ထောင့်တာဝန်ကျေပွန်တယ်ဆိုတာ ဘယ်လို ရေးထိုက်တာမျိုးကို ခေါ်ပါသလဲ။**

A ယောက်ျားဘက်ကတော့ စီးပွားရေးကို ကံအား လျော်စွာရှာဖွေရမယ်၊ မိသားစုအတွက်အချိန်ပေးနိုင်ရမယ် ပေါ့နော်။ မိန်းမဘက်ကလည်း ဒီအတိုင်းပဲ၊ စုဆောင်းက ပိုက်ဆံရှာရတဲ့အလုပ်ပေါ့ မိန်းမတွေကလိုလားတာကိုး၊ ပြီး တော့ မိန်းမတွေဘက်ကကြည့်ရင် အချစ်ရှိရင်၊ ချစ်သူအနား ရှိနေရင်လို့ပြောမှတွေ့ရှိနေတယ်လို့ခံစားရပြီး ကြောက်စိတ် တွေအလိုလိုပျောက်သွားတတ်ပါတယ်။ စိတ်ညစ် ရော စိတ်ဆင်းရဲရောကြုံနေရင်တောင်မှ ချစ်သူရှိရင် အားတွေရှိနေတာကတော့ ပြင်းရတဲ့အကြီးမားဆုံး အား တွေပါပဲ။

**Q ချစ်သူတွေအပေါ်ပတ်ဝန်းကျင်ရဲ့ ရှုတ်ချတဲ့ ပြစ်ကို ခံရတာဘာကြောင့်ပါလဲ။**

A လူဆိုတာမျိုးက များသောအားဖြင့် ဇီဇွတ်ခံချင်ပါ တယ်။ သူကိုယ်တိုင်ဖြစ်နေတဲ့သူကို နေရာတိုင်း ထင်ပေါ်ချင်လို့ အရေးကြီးလှုပ်ရှားလို့ ပြောကြသလို ဘာမှ မပြောဘဲ ခင်ဆောဆောနေတဲ့လူကိုကျပြန်တော့လည်း တုံးလွန်း အရွန်းတယ်လို့ ဆိုကြပြန်ရော၊ ဒီလိုပါပဲ၊ ကိုယ့်ရဲ့ အိမ်ထောင်ဘက်ကို ချစ်ပြီးရနိုက်တဲ့သူဆိုရင် အရှင်းဆုံး ကိုယ်နှိမ်ကာ ရှုပ်တဲ့ရမယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သိပ်ပြီး ခေါင်းထဲထည့်ရိုမလိုပါဘူး။ အဓိက ကိုယ်ပေါ်မှာ သေချာစွာ လက်တွဲရမယ့် အိမ်ထောင်ရေးတာဝန် အဆင်ပြေသလားသာ စဉ်းပါတယ်။

**Q ချစ်သူပဲဖြစ်ဖြစ်၊ အိမ်ထောင်သည်ပဲဖြစ်ဖြစ် ချစ်စနိုး ခေါ်တဲ့ အခေါ်အဝေါ်တွေဟာ အရေးကြီးပါသလား။**

A အင်း ဘယ်လိုပြောရမလဲ၊ နာမည်ချိုတယ်ပေါ့နော်၊ ဥပမာ ကို၊ ကိုကို၊ မောင်၊ ချစ်၊ သဲလေး၊ ငယ် စသဖြင့်ပေါ့၊

တချို့ကလည်း နာမည်အတိုအရှည်ရှုတ်ပြီးခေါ်ကြတယ်လေ။ ဒါကချစ်လို့ဖွတ်ဗိုသာကလေး ချစ်လို့ဖြစ်ရင်အခေါ်အခေါ်ပါပြောင်းရမယ်ဆိုတဲ့ သတ်မှတ်ချက်ကြီးက ဘယ်က ဘယ်လိုစမှန်းမသိတဲ့ အရာကြီးလေ။ အရေးကြီးတယ်လို့ ပြောမရသလို အရေးမပါဘူးလို့လည်း ပြောမရပြန်ဘူး။

❑



အမေးအဖြေ (၂၄)

Q **အချစ်ဆိုတဲ့ ခံစားမှုအရသာကို သိချင်ပါတယ်။**

A အချစ်ဆိုတိုင်းလည်း ခံစားချက်ရှိချင်မှ ရှိတာပါ။ တကယ်ချစ်တတ်သွားမှ ခံစားရတဲ့စိတ်လှုပ်ရှားမှုတစ်မျိုးပေါ့။ မြတ်ကာ ရင်ခုန်သွားတာမျိုး ကြည်ကြည်နူးနူးခံစားနေရတာမျိုး စိတ်လှုပ်တတ်တာမျိုးစတဲ့ အရသာတွေကို ထိတွေ့ခံစားရတတ်ပါတယ်။ ပြီးတော့ရှိသေးတယ်၊ ဘဝလှလှပပဖြစ်စေမြင်စိမ်က အရမ်းတွေဆန်းတဲ့ ခံစားမှုမျိုးပဲ။

Q **ယောကျ်ားတွေဟာ မိန်းမတွေအကြောင်း ပြောဖြစ်ကြသလား။**

A ပြောဖြစ်တာပေါ့။ ကိုယ့်အိမ်ကမိန်းမအကြောင်းသာ မပြောဖြစ်ရင်နေတယ်။ တခြားလူတယောက်မိန်းမတွေ အကြောင်းကတော့ ပြောဖြစ်မှာသေချာပါတယ်။ တချို့

ယောက်ျားတွေကတော့ မိန်းမတစ်ချက်အပြစ်ကောင်း ကြောင်း၊ ပြုစုပေးတတ်ကြောင်းတွေကို ပြောကြပါတယ်။ အဲဒီလိုပြောတာကိုရှုး မိန်းမပြန်ကြားလို့ကတော့ ပင်ပန်း ချင်ပင်ပန်းပါစေ၊ အစွမ်းအစတွေကို ပိုပြတော့တာပါပဲ။ ချစ်တာကိုး။

Q **အိမ်ထောင်ရေးတစ်ခုမှာ မိန်းမတစ်ယောက်ဟာ ကံကောင်းဖို့အတွက် ဘာတွေလုပ်ပေးရပါမလဲ။**

A ကံဆိုတာကလည်း အခက်သားပဲ၊ ဒါပေမယ့် ဘယ်လူမျက်မျက် ကိုယ့်ဝတ္တရားမျောက်ရှိုကတော့ အရေးကြီး ပါတယ်။ အနေအထိုင်၊ အပြောအဆိုတတ်ဖို့ကတော့ အဓိကအရေးပါတဲ့အချက်ပဲ။ လောကမှာနေတတ်ထိုင်တတ် ပယ်၊ စကားအပြောအဆိုဆင်ခြင်နိုင်မယ်ဆိုရင် နေပျော်ပါ တယ်။ ပြဿနာဆိုတာကတော့ ရှိမှာပဲ၊ ရင်ဆိုင်ဖြေရှင်းရ မှာပါ။ ဒါပေမယ့် မိန်းမသားတစ်ယောက် အိမ်ထောင်ရေး ကံကောင်းဖို့အတွက်ဆိုရင်တော့ အပြောအဆို အနေ အထိုင်တတ်ဖို့လိုတယ်ဆိုတာတော့ ပြောချင်တယ်။

Q **ရုံးအလုပ်ဖြစ်လျှော့ပြီး အိမ်ထောင်သက်နိုင်ပြီနေတဲ့သူ တွေကိုကျတော့ ဘယ်လိုမြင်ပါသလဲ။**

A တချို့က တကျက်ကျက်နဲ့ စီးပွားတက်တတ်ကြ တယ်။ တချို့က နှုတ်ချိုးမတည့်ကြပေမယ့် အိမ်ထောင် ရေးတော့ ခိုင်မြဲနေမှာပဲ၊ တချို့ကျတော့လည်း ပြေကြီး ငြိုးရော၊ စိတ်ထဲမှာတစ်မကားတတ်ကြဘူး၊ အဲဒီလို ငြင်းခုံ ရှုပ်နေရတာကို သဘောကျနေတာ၊ တချို့ကျတော့ ရန်ဖြစ်ပြီး ပြန်ချစ်တာမျိုးကို သဘောကျတာ၊ အမျိုးမျိုးပေါ့ ချာ် မတူကြဘူးပေါ့၊ ဒါထက်ဆိုတာက ရန်ဖြစ်ပြီး ကွဲကွာ ချင်ပေမယ့် မျက်နှာမှာရှာရေး လောက်ထောင့်ညှာစရာ

တွေကြောင့် တစ်ဖက်မကြည်နေပြီး အိမ်ထောင်ရေးအဆင် မပြေသူတွေလည်း ရှိတတ်ကြပါတယ်။

Q **အိမ်ထောင်တစ်ခုမှာ အလုပ်တစ်ခုကိုလုပ်ဖို့အတွက် ကပ်နေတဲ့သူတွေဟာ ဘယ်လိုလူမျိုးတွေဖြစ်နိုင်မလဲ။**

A အလုပ်တစ်ခုကို တွက်ကပ်နေခြင်းဟာ ယောကျ်ား အလုပ်၊ မိန်းမအလုပ်ဆိုပြီးခွဲခြားနေလို့မရဘူး။ ဒါပေမယ့် မိန်းမအလုပ်တိုင်းကို ယောကျ်ားတွေက အမြဲလိုက်လုပ်ပေး ရတာတော့ လူကြည့်လို့မကောင်းဘူးပေါ့နော်။ ကူညီတာဆို တဲ့အတိုင်းအတာလောက်တော့ ကောင်းတယ်။ ဒဲ့ ဒီမှာရှိတာ မိန်းမ အလုပ်မဟုတ်ဘူး၊ ယောကျ်ားတွေလုပ်ဆိုင်တယ်ဆို တာမျိုးကျပြန်တော့လည်း မကောင်းပြန်ဘူး။ ဥပမာ အဝေး အရပ်ကိုသွားလေတော့ပေါ့နော်၊ ဒီးချွင်းတွေခံနေမယ်၊ ဒါကို ယောကျ်ားအလုပ်ဆိုပြီး စောင့်နေမယ့်အစား ကိုယ်တိုင် ထမ်းတတ်ရင်တမ်းလိုက်တာမျိုး၊ အဲဒီလိုပဲ မိန်းမလုပ်တဲ့လု နေမကောင်းဖြစ်လို့ ယောကျ်ားတစ်ယောက် ဟင်းချက်ပေး တာမျိုး တောတွေကိုပြောတာ။

❑



## အမေးအဖြေ (၂၅)

**Q အိမ်ထောင်ရေးတစ်ခုမှာပေါ့နော်။ မိန်းမလုပ်သူက ကိုယ့်ရဲ့ မကျေနပ်ချက်တွေကို တချွှတိုင်ပြောနေရင် ဘယ်လိုအကျိုးစံစားမှုရှိနိုင်မလဲ။**

A အဲဒီလိုမေးခွန်းမျိုးကို အစ်မကလည်းဖြေချင်ပါတယ်။ နံပါတ်တစ်အချက်ကတော့ ယောကျ်ားလုပ်တဲ့သူဟာနားညည်းလို့ အိမ်မပြန်ချင်၊ အိမ်မကပ်ချင်တာမျိုးဖြစ်တတ်ပါတယ်။ မိန်းမအနေနဲ့ကတော့ ကိုယ့်ရဲ့မကျေနပ်ချက်တွေကို ပေါက်ကွဲပြီးတစ်ချိန်လုံးထိုင်ပြောနေတာတွေပေါ့လေ။ ဒါပေမယ့် တစ်ခါတလေမှာ အသံကြောင့်ဖားသေဆိုသလိုပေါ့။ ကိုယ်က မှန်တာကိုပြောတာဆိုပေမယ့်ကို တစ်ခါတည်းလဲလဲပြောနေမှုများလာရင် ချပြီးတော့ နားထဲမဝင်ဘဲ လျှံထွက်သွားတတ်တယ်ဆိုတာ စဉ်းစားမိဖို့

လိုပါတယ်။ ကိုယ့်ရဲ့မှန်ကန်မှုကိုလည်း ထောက်ခံသူမရှိ တော့ဘဲ "ပြောနိုင်လွန်းတဲ့သူ" ဆိုပြီး ဝေဖန်သလို တစ်ဖက် လူကိုလည်း အပြောခံရတာ "သနားပါတယ်" လို့ တောင် ဖြစ်လာဦးမှာ။

Q **ဒါဆိုရင် ကိုယ့်ရဲ့မကျေနပ်ချက်တွေကို ထုတ်ဖော် မပြောရတော့ဘူးလား။**

A ပြောလို့ရပါတယ်။ တချို့အကြောင်းဆိုတာ ပြောပြမှ သိတတ်တာကိုး။ ကိုယ်ဒါကိုမကျေနပ်ဘူးလား၊ မကျေနပ် တာကို ထိထိမိမိနဲ့အကျိုးရှိအောင် ပြောပြတာ လိုတာ။ သူ့ဟာသူ အမှားအမှန်ကို ဝေဖန်ပိုင်းခြားလိမ့်မယ်။ နှစ်ခါထပ်ပြောစရာ မလိုအောင်ကို ပြောပြတာ၊ ဒါမကြိုက် ဘူး၊ ဒါကို မကျေနပ်ဘူး၊ ဒီလိုဖြစ်သင့်တယ်ဆိုတာ ကိုယ့်ရဲ့ အရင်းနှီးဆုံး လင်ယောကျ်ားကိုမှ မပြောရင် ဘယ်သူ့သွား ပြောမလဲ။ မဟုတ်ဘူးလား။ စကားတစ်ခွန်းကို တစ်ခါထပ်ခါ မပြောမိဖို့ကို ဆိုလိုတာပါ။

Q **တချို့ယောကျ်ားတွေက မဟုတ်တာ၊ မှန်တာကို သိပေမယ့်လည်း မိန်းမကပြောရင် လက်မခံတာ၊ မကြိုက် တာဘာကြောင့်ပါလဲ။**

A အဲဒါမျိုးက သူ့အမျိုးနဲ့ပတ်သက်ရင် မကြိုက်တတ်တဲ့ သူဖြစ်မယ်။ ရှေးမျိုးထိရင် မကြိုက်သူပေါ့လေ။ ကိုယ့်ရဲ့ ခေါင်းမှာလျှော့သောက ဒီမိန်းမအပေါ် ဟောရားအနိုင်ကျင့်ချ တာကို သိသိကြီးနဲ့မိန်းမဘက်မပေါ်ဘဲ အမျိုးဘက်ပါတဲ့ သူမျိုးလို့ဆိုရမှာပေါ့။ ဥပမာ တခြားအကြောင်းအရာတွေကို ပြောရင် လက်ခံပေမယ့် ကိုယ့်အမျိုးနဲ့ ပတ်သက်လို့ ဝေဖန် ရင်တော့ လက်မခံချင်တဲ့စိတ်ရှိတဲ့သူဆိုတာ ကိုယ်ကကြိုတင် သိထားရင်ပြောမနေတာအကောင်းဆုံးပဲ။ ဟုတ်တယ်လေ

ကိုယ်ကသာ အကုသိုလ်များပြီး ထိုင်ပြောနေတာ သူတို့က နားမဝင်ရှင်အလကားပဲပေါ့။

Q **အဲဒီလိုမပြောဘဲနေခဲ့လို့ တစ်ချိန်ချိန်မှာ ပေါက်ကွဲ ထွက်လာနိုင်မလား။**

A တစ်ချိန်ချိန်ဆိုတာ ရှိလာနိုင်တာပဲလေ။ ပေါက်ကွဲ မလာနိုင်ဘူးလို့ ပြောရမှာကို သည်းခံခြင်းပါရမီပြည့်နိုင်ပြီး အေးချမ်းတဲ့စိတ်မျိုးရှိနိုင်တဲ့လူလည်း ဖြစ်ချင်ဖြစ်သွားနိုင်ပါ တယ်။

Q **ယောက်ျားလေလွင့်သမျှကို မှန်တယ်ထင်နေတဲ့ မိန်းမ တွေဟာ အိမ်ချစ်လို့ဆိုတာ ဖြစ်နိုင်မလား။**

A မြကြီးလောက်စေတာပဲပေါ့။ ချစ်တဲ့စိတ်တွေနဲ့ အပြစ်တွေကို မြင်ရက်လျက်နဲ့မမြင်ဘဲနဲ့ ကြည့်နေနေတာ၊ ဥပမာ အရက်သောက်၊ သုံးဖြုန်း၊ ပိုက်ဆံမရှာနိုင်ဘဲ ကိုယ်ကရှာကျွေးပြီးတော့ကို ချစ်နေတာ၊ အပြစ်လည်း မတင်ဘူး။ ပြီးတော့ပေါ့ယောက်ျားသာဆိုရင် အကောင်းဆုံး အကောင်းဆုံးထင်နေကြတဲ့ မိန်းမတွေကလည်း အများကြီး ပါ။ ဒါက သူ့ရဲ့ကံတွေပေါ့လေ။



## အမေးအဖြေ (၂၆)

Q စိတ်အလိုမကျဖြစ်နေတဲ့ချစ်သူ (သို့)ထင်ယောကျ်ားကို ဘယ်လိုနည်းနဲ့ စိတ်ကြည်လင်အောင်လုပ်ပေးရမလဲ။

A ယောကျ်ားတွေက စိတ်အလိုမကျရင် မျက်နှာကြီးမှာ ပေါ်နေတတ်ပါတယ်။ သူတို့မျက်နှာထုတ်တိုင်း ကိုယ်က စိတ် မတိုဖို့အရေးကြီးပါတယ်။ သူတို့မျက်နှာထားနေကောင်းကို ကြည့်ပြီးရင် အေးအေးဆေးဆေး မေးမြန်းပြီးအကြံပေးနိုင်တာရှိရင်ပေးပေါ့။ အလုပ်အကြောင်းလား၊ သူ့မိသားစု အတွင်းရေးရေးကြောင့်လား၊ ပတ်ဝန်းကျင်ကြောင့်လား၊ မိမိကြောင့်လားဆိုတာတော့ ခွဲခြားသိဖို့လိုပါတယ်။ ကိုယ်က စကားများကနေ နားငြီးလောက်အောင် တတွတ်တွတ်ပြောနေတဲ့ အတတ်နိုင်ဆုံးစိတ်ရှည်ရှည်လေးထားပြီး အပြုံးလေးနဲ့ သူတို့ဖြစ်ပျက်နေတဲ့ ပြဿနာအကြောင်းအရာကို

**တကယ်နိုက်ပြီး ခြေရှင်းတော်မှီ ပညာတော်ရှိလို့ပါတယ်။**

Q **ယောက်ျားတွေဟာ မိန်းမတွေအပေါ် နားလည်မှု အပြည့်အဝရှိနိုင်ပါ့မလား။**

A ဒါဆို အစ်မကပြန်မေးလိုက်ဦးမယ်၊ မိန်းမတွေက ရော နားလည်မှုအပြည့်အဝ ယောက်ျားတွေအပေါ်မှာ ပေး နိုင်လို့လား။ 'အပြည့်အဝ' ဆိုတာ ဘယ်နေရာမှာမှ မရှိနိုင် ပါဘူး။ ဒီလိုပဲ ကိုယ့်လိုအပ်ချက် သူဖြည့်၊ သူ့လိုအပ်ချက် ကိုယ်ဖြည့်ပြီး ပေါင်းကြရတာပါပဲ။ ဥပမာ ယောက်ျားတစ် ယောက်ရဲ့လွတ်လပ်မှု တစ်စုံတစ်ရာကို အရမ်းကြီးချုပ်ကိုင် ဖို့ မလိုအပ်သလို၊ မိန်းမတစ်ယောက်ရဲ့ သိက္ခာကိုလည်း ယုံကြည်မှုရှိဖို့ လိုအပ်ပါတယ်။ တကယ်ချစ်ရင် သဝန်တို၊ ချုပ်ကိုင်တာမျိုးမလုပ်ဘဲ 'ယုံကြည်မှု'နဲ့ လက်တွဲကြတာပါ။

Q **ယောက်ျားတစ်ယောက်ဟာနေ့စဉ်နေ့တိုင်း ညဉ့်နက်မှ အိမ်ပြန်ရောက်တတ်တဲ့အပေါ်မှာ မိန်းမတစ် ယောက်အနေနဲ့ ဘယ်လိုခံစားရမလဲ။**

A ဘာကြောင့်ပဲ နောက်ကျနောက်ကျ မိန်းမအများစု ဟာ ယောက်ျားလုပ်သူကို အိမ်စောစောပြန်ရောက်စေချင် ကြတဲ့သူချည်းပါပဲ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျတတ်တာလည်း ဘာမှမပြောချင်တော့ဘူးလေ။ 'မဟုတ်တာမလုပ်ဘူး' လို့ယုံကြည်စိတ် အပြည့်ထားပြီး နေလိုက်တာက ကိုယ့်အတွက် စိတ်ချမ်းသာပါတယ်။ အဲဒီ လို ယုံကြည်မှုအပြည့်ရှိဖို့ဆိုတာကလည်း အင်မတန်မှ ခဲယဉ်းတယ်ဆိုတာ မိန်းမသားချင်းကိုယ်ချင်းစာပါတယ်။

Q **'ငယ်ကသာအချစ် အနှစ်တစ်ရာ မနေသာ' ဆိုတဲ့ စကားက အမှန်ပဲလား။**

A ဒါက လူအပေါ်မှာတည်တာပါ။ ဟုတ်တဲ့လူရှိသလို

မတွေ့တော့ဘူးဆိုတဲ့သူလည်း ရှိမှာပဲ၊ ဘာကြောင့်ချစ်တဲ့သူနဲ့ တွေ့ရသလောက် ဘာကြောင့်ခံစားရတာပါ၊ အချစ်ဦးကို မမေ့နိုင်ဘူးလို့ ကျွန်မပြောပြီး နောက်ထပ်အချစ်သစ်ကို ရှာတဲ့နေနိုင်ကြလို့လား။ အချစ်ဟာ အမြဲတမ်းသစ်လွင်ရှင်သန်နေတဲ့ အရာတစ်ခုပဲလေ။

**Q မချစ်ဘဲလက်ထပ်ရတဲ့ ရည်းစားဟောင်းကို တစ်နေ့ရောက်မှ ပြန်ဆုံတွေ့ခဲ့ရင် ဘယ်လိုခံစားမှုမျိုးဖြစ်ပေါ်လာနိုင်သလဲ။**

A အမြဲဆိုရင်တော့ ဘာမှမခံစားရပါဘူး၊ တွေ့တော့လည်း တွေ့တာပဲပေါ့၊ အခုလောလောဆယ် ကိုယ့်အနားရှိနေတဲ့သူဟာ ကိုယ့်အပေါ်ကောင်းတဲ့နဲ့ အချစ်ဆုံးဆိုတာ မှတ်ယူပြီးသားလေ၊ တချို့ကျတော့လည်း ရင်ထဲမှာ တွေပြန်ခုန်ပြီး ရှေးဟောင်းနောင်းဖြစ်တွေပြန်ပြောဖြစ်ကြတာပေါ့၊ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေက တစ်ခါတလေတော့လည်း ရယ်စရာကောင်းနေတာပေါ့၊ တချို့ကျတော့လည်း မိတ်ဆွေဟောင်းတစ်ယောက်ပြန်တွေ့ရသလို ဝမ်းသာသွားတာမျိုးတွေရှိတတ်ပါတယ်။

❑



## အမေးအဖြေ (၂၇)

**Q ချစ်သူကို အလိုလိုက်တတ်တဲ့ ချစ်သူယောက်ျားရခဲ့မယ်ဆိုရင် အဲဒီမိန်းမကံကောင်းပါသလား။**

A အလိုလိုက်တယ်ဆိုတိုင်းလည်း နေရာတိုင်းဆိုးသွမ်းလို့မရပါဘူး။ အခုအချိန်မှာ ကံကောင်းနေမယ့် တစ်ချိန်ချိန်မှာ အဲဒီလိုအလိုလိုက်မှုကို မခံယူတတ်တဲ့အတွက် ကံဆိုးခြင်းတွေ ရင်ဆိုင်ရတတ်ပါတယ်။ လူတိုင်းဟာ အလိုလိုက်အကြိုက်ဆောင်တတ်ရင် ကြိုက်ကြတာချည်းပဲ။ လူရဲ့စိတ်ဟာ တစ်သတ်မတ်တည်းရှိမနေတဲ့အတွက် ကိုယ်က အလိုလိုက်တတ်တဲ့သူကို ပိုင်ဆိုင်ခဲ့မယ်ဆိုရင် ခံယူတတ်ဖို့ အဓိကကျပါတယ်။

**Q လူတစ်ယောက်ကို ကြာရှည်ပြီးရှေ့တတ်တဲ့အကျင့်ရှိတဲ့သူဟာ** ဘယ်လိုလူမျိုးဖြစ်နိုင်မလဲ။

A  တစ်ခုခုကို ခွဲခွဲခြမ်းခြမ်း ကျိုးကြောင်းသုံးသပ်တတ်တဲ့သူမျိုးပေါ့။ ဥပမာ အလှပဆိုလည်း တစ်နေရာတည်းမှာ မမြဲချင်ဘူး။ အစားသောက်လည်း ပုံသေမကြိုက်ဘူးပေါ့။ အဲသည်လိုအချစ်ရွေးရင်လည်း ကြာရှည်မခိုင်မြဲဘူး။ အဲဒီလိုလူမျိုးဟာ ပေါ့ပေါ့နေ ပေါ့ပေါ့နေဖြစ်နေတယ်။ ပြုပြင်ရတဲ့စိတ်မျိုးပေါ့။ အဲဒီလိုယောက်ျားမျိုးကို ချစ်သူ့ဘက်ကနားလည်ခဲ့ရင် ကြိုတင်လမ်းခွဲရင်ရသလို ပြုပြင်လို့မှာခံရင်လည်းတစ်မျိုးပေါ့။ အိမ်ထောင်ကျပြီးမှ သူ့စိတ်မပြောင်းဘယ်လိုမြဲမလဲ။

Q  **ချစ်သူ့မျက်နှာ တစ်ရွာမှတ်တင်ဆိုတဲ့စကားဟာ တကယ်ပဲလား။**

A  တကယ်ပဲ။ အဲဒီလူကိုချစ်လွန်းလို့ အကောင်းဘက်ကြီးနဲ့ သူ့တစ်မျက်နှာတည်းကိုကြည့်ပြီး လိုက်ခဲ့ကြတာ။ ပိုဆိုတာကတော့ မိန်းကလေးဘက်က သဘောမတူခဲ့ရင် သူ့မှာစွန့်စားပြီးလုပ်ခဲ့ရတာ။ အဲဒီစွန့်စားမှုအတွက်မျိုး မိဘကို စိတ်ဆင်းရဲအောင် လုပ်ခဲ့ပြီးမှ ယောက်ျားဟာ ကိုယ့်အပေါ် မကောင်းတော့ဘူးဆိုရင် သွားပြီပေါ့။ ပြီးတော့ မိယောက်ျားလေးရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကြားသွားနေရရင် ပိုပြီး မျက်နှာငယ်ရတယ်။ ယောက်ျားက ကိုယ့်ကိုမစောင့်ရှောက်မှ အသက်ရှုချောင်တာ။

Q  **ဒါဆို မိန်းမတွေက ယောက်ျားတွေထက် အချစ်မှာ ပိုသစ္စာရှိတယ်ပေါ့နော်။**

A  အစ်မအမြင်ပြောရရင်တော့ ဟုတ်တယ်။ မိန်းမတွေက ချစ်ပြီဆိုရင် သိပ်ပြီးမစဉ်းစားတတ်ဘူး။ ဘယ်က ဘယ်လိုရောက်လာမှန်းမသိတဲ့ သစ္စာတွေလည်းရှိမြဲရော။ ပြီးတော့ ပိုပြီးကရုဏာဆန်ကြတယ်။ အချစ်ကို တိုးလှည့်ကြတယ်။ မိလူတစ်ယောက်ကို မကောင်းမှန်းသိသိကြီးနဲ့

ချစ်နေတတ်တာမျိုးတွေလည်းရှိတယ်။

Q ကိုယ်ချစ်တဲ့သူတစ်ယောက်ကို ဝန်တိုစိတ်တွေများပြီး ဒေါသတွေထွက်လာရင် ဘယ်လိုဖြေသိမ့်ရမလဲ။

A ဒါကဖြစ်တတ်ပါတယ်။ ဒေါသထွက်လာရင် ဘာမှ မမြင်တော့သလို စိတ်တွေကလည်း ရှုပ်လာတယ်။ အဲဒီ စိတ်တွေကိုရှင်းဖို့အတွက် သူ့ရဲ့ ကျေးဇူးတရားတွေကို အရင်မြင်အောင်ကြည့်တတ်ရတယ်။ ကျေးဇူးဆိုတာ တစ်နေရာမဟုတ် တစ်နေရာတော့ရှိတတ်တာပေါ့။ ကောင်းကွက်လေးကို မြဲမြဲမြင်ပြီး ကိုယ့်ရဲ့ဒေါသကို အရင်ထိန်းရမှာပါပဲ။ ချစ်သူနှစ်ယောက်တို့ သဘောထားတော့ စကားများကြ၊ စကားများရာကနေ မဖြစ်သင့်တဲ့ အမှားတွေဖြစ်တတ်ပါတယ် ဆိုတာလေးကို သတိရအောင်ကြိုးစားပါ။

❑



## အမေးအဖြေ (၂၈)

Q **မိန်းမတစ်ယောက်ဟာ သိက္ခာရှိဖို့အတွက် အဝတ်အစားဝတ်တာ အဓိကကျပါသလား။**

A တစ်စိတ်တစ်ပိုင်း ပါဝင်ပါတယ်။ အဓိကကျတာကတော့ ကိုယ်ကျင့်တရားပေါ့နော်။ သူ့အသက်အရွယ်အလိုက် ရာထူးနေရာအလိုက် အဝတ်အစားဝတ်တတ်ဖို့တော့ လိုပါတယ်။ အရင်ဆုံးက စိတ်ကိုမမြင်ဘဲ လူရဲ့အပြင်ပန်းသဏ္ဌာန် အဝတ်အစားကိုမြင်တာကိုး။ ဒီတော့ အဝတ်အစားဝတ်တတ်ဖို့ အရေးကြီးတယ်ဖို့က အဓိကကျတယ်လို့ ဆိုနိုင်ပေမယ့် အရေးတော့ကြီးပါတယ်။ မိန်းမတစ်ယောက်ဟာ ကြည့်လိုက်ရင် လေးစား၊ ခေါ်သကားတဲ့ရုပ်ရှင်ပြင်နေဖို့ ကိုယ့်ရဲ့ဘဝကို ရောင့်ရဲကျေနပ်နေဖို့က အလိုအပ်ဆုံးပါ။

Q **ကိုယ့်ဘဝကို ရောင့်ရဲကျေနပ်ဖို့ဆိုတာ ဘာကိုခေါ်**

တာလဲ။

A ဪ…ကိုယ့်ရဲ့လက်ရှိအခြေအနေလောက် ကျေနပ်နေနိုင်တာကို ပြောတာ။ ကိုယ့်ထက် မြင့်တဲ့သူတွေကို မကြည့်ဘဲ ကိုယ့်အောက်ကလူတွေကိုကြည့်ပြီး ဖြေနိုင်ရမယ်။ တစ်ခါတလေလူက ဘာဖြစ်ချင်ရှိရဲ့သားနဲ့ ဖြစ်နိုင်ချေရှိရဲ့သားနဲ့ ဘာမှမဖြစ်လာတွေရှိတတ်တယ်။ ဥပမာ ဒီလူတစ်ယောက်ဟာ အသံကောင်းတယ်၊ ရုပ်ချောတယ်၊ ဒီတော့ အဆိုတော်၊ ရုပ်ရှင်မင်းသမီးဖြစ်နိုင်ချေရှိတယ်။ သူ့ရေးလည်း ဝါသနာပါလွန်းလို့ ကြိုးစားရှာတာပဲ ဒါပေမယ့် ဖြစ်မလာခဲ့ဘူး။ ဒါတွေကြောင့် စိတ်ဓာတ်ကျနေလို့ မရဘူးလေ။ ရတဲ့နေရာလေးမှာ စိတ်ကိုချမ်းသာအောင်နေဖို့ အဓိကပေါ့။ အရေးကြီးတာ ကိုယ်စိတ်ချမ်းသာဖို့ပဲ။ အဲဒီစိတ်ချမ်းသာမှုကို ကိုယ်ကိုယ်တိုင်ဖန်တီးမှ ရတာ။

Q တချို့တွေရှိတယ်။ ကိုယ့်ရဲ့အိမ်ထောင်ရေးကို စိတ်ကုန်နေကြတာ။ အဲဒါ ဘယ်လိုပြေလည်အောင်နေရမလဲ။

A လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်သလိုပဲ။ အိမ်ထောင်ရေးဆိုတာကလည်း နှစ်ဦးပေါင်းမှ မိသားစုဘဝရှိကြတာ အထူးသဖြင့် မိန်းမတွေဟာ မိန်းမလို့နေတတ်ဖို့ပဲ။ အိမ်ထောင်တစ်ခုမှာ မိန်းမဟာယောက်ျားရဲ့နောက်လိုက် ဖြစ်နေရင် အိုကေတယ်။ အဲ… ဦးဆောင်ပြီး ဆရာလုပ်တတ် သူဆိုရင်တော့ ညှိစီညှိစီဖြစ်နေမှာ သေချာတယ်။ ပြေလည် ချင်ရင် စိတ်ချမ်းသာချင်ရင် ဦးဆောင်မယ့် နောက်လိုက် အဖြစ်ပဲ သူတို့ညီပါစေ။ ကိုယ်တတ်၊ ကိုယ်သိတိုင်း ယောက်ျားရှေ့ကို ဝင်ဝင်မပြောပါနဲ့။ ကိုယ့်ရဲ့အိမ်ဦးနတ် ကို ဆရာတင်ပြီး

ကိုးကွယ်ထားလိုက်ပါ။ အိမ်ထောင်ဦးစီး ကလည်း အိမ်ဦးနတ်အဖြစ်ကိုးကွယ်လိုက်တဲ့ယောက်ျား ဖြစ်ရိုးကတော့ ကိုယ်တိုင်ရွေးချယ်ခဲ့ကြတာပဲ မဟုတ်လား။

Q **အချစ်နဲ့ကြောက်စိတ် ရှုပ်ထွေးနေတယ်လို့ ပြောတဲ့ စကားအပေါ်မှာရော။**

A "ကြောက်တယ်" ဆိုတာ နှစ်မျိုးနှစ်စားရှိတယ်။ အချစ်ကျွံပြီး ချစ်သူက စိတ်ဆိုးသွားမှာကြောက်တာ။ ကိုယ့်ကိုယ်ကိုမပြီးတခြားလူနဲ့ အချစ်ရှုံးသွားမှာကိုကြောက်တာ။ ကိုယ့်အပေါ် ဂရုမစိုက်တော့မှာကို တွေးကြောက်တာ။ အဲဒါက တစ်မျိုး၊ တချို့က မဟုတ်တာလုပ်ထားမိလို့ ဖုံးကွယ်ထားပြီးကြောက်နေတာက တစ်မျိုးပေါ့။

Q **ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်၊ ရန်စကားစကားဖြစ်ခြင်းမှ အချစ်တွေခိုင်မြဲတယ်ဆိုတာရော လက်ခံပါသလား။**

A ကျွန်မကတော့ ရန်ဖြစ်ရတာကို လုံးဝကြိုက်ပါဘူး။ ရန်စကားစကားဖြစ်မှ အချစ်တွေခိုင်မြဲတယ်ဆိုတဲ့စကားကို လည်း သိပ်လက်မခံချင်ဘူး။ တကယ်ချစ်ရင် အပြစ်တွေ ဟာ အလိုလိုကွယ်ပြီးသားဖြစ်နေရမယ်။ အငြင်းအခုံတွေ ကလည်း ပျောက်နေရမယ်။ တစ်ယောက်တစ်ခွန်း စကား များအောင်ဟစ်နေရမယ့်အစား ပြေပြေလည်လည်ညှိညှိ နှိုင်းနှိုင်း ဆွေးနွေးတာမကောင်းဘူးလား။ ဒါကျွန်မအမြင်ကို ပြောတာပါ။ ရန်ဖြစ် စိတ်ကောက်ပြီး ပြန်ချော့ပြန်မော့ရတဲ့ အရသာကလည်း ဘာနဲ့မှမတူဘူးဆိုတာလည်း ရှိတော့ ရှိပါတယ်။

❑



## အမေးအဖြေ (၂၉)

Q **အိမ်ထောင်ရှင်မိန်းမတစ်ယောက်အနေနဲ့ ယောကျ်ား တစ်ယောက်ပေါ် "တာဝန်ကျေခြင်း" ဆိုတာ ဘာကိုခေါ်ပါ သလဲ။**

A မယားဝတ္တရားငါးပါးရယ်၊ ဒါ့ထက်ပိုတာကချစ်ခြင်း မေတ္တာတရားနဲ့လုပ်ဆောင်ပေးတာတွေကို တာဝန်ကျေပြီ လို့ မှတ်ယူရတယ်။ ခုခေတ်ကတော့ အချက်အပြုတ် ကျွမ်းကျင်လည်ရတယ်။ သူ့ရဲ့အဝေးထိတ် ဝေယျာဝစ္စ တွေကို မဆောင်ရွက်နိုင်ရင်လည်း သိပ်အရေးမကြီးဘူး။ အခုက မိန်းမ ယောက်ျားရင်ပေါင်တန်းပြီး စီးပွားရှာနေရ တာကိုး။ ဒီတော့ တစ်ဖက်ကို လုံခြုံလွတ်လပ်ရတာပေါ့။ အဓိကတော့ ကိုယ့်ရဲ့ချစ်သူကို စိတ်ချမ်းသာအောင်ထားပေး နိုင်ဖို့ စိတ်အနှောင့်အယှက်မပေးခဲ့ရင် ဒါတွေပဲတာလည်း

တာဝန်ကျေတဲ့သူလို့ သတ်မှတ်လို့ရနေပြန်ပါတယ်။

Q **အိမ်ထောင်တစ်ခုမှာ ယောက်ျားနဲ့မိန်းမ ဘယ်သူ့ တာဝန်ပိုများသလဲ၊ ဘယ်သူကပိုပြီးတာဝန်ကျေသလဲ။**

A အားမနာတမ်းပြောရရင် အများအားဖြင့် မိန်းမတွေက ပိုပြီးတာဝန်ဝတ္တရားကြီးများသလို စိတ်ဖိစီးမှုလည်းများပါတယ်။ ယောက်ျားတွေကတော့ စီးပွားရှာမယ်။ အိမ်ထောင်တစ်ခုကို ဘယ်လောက်ပဲပြည့်စုံအောင် ဖန်တီးနိုင်တယ်ပဲ ထားဦးတော့ မိန်းမတွေက အဲဒီစီးပွားရေးကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့တာဝန်၊ လင်နဲ့သားသမီးများရဲ့ စားရေးသောက်ရေးတာဝန်၊ သားသမီးရဲ့ ပညာရေး၊ ကျန်းမာရေးတာဝန်တွေ စတဲ့ မြောက်မြားစွာသော ခေါင်းစဉ်တပ်နိုင်တဲ့ တာဝန်တွေအများကြီးကို ပခုံးပေါ်တင်ထားရတယ်။ အဲဒီအထဲမှာမှ 'သားကိုသခင်၊ လင်ကိုဘုရား' လို့ ကိုးကွယ်တဲ့ မိန်းမမျိုးဆိုရင်တော့ နားချိန်တောင်ရှိမှာမဟုတ်တာသေချာတယ်။

Q **အဲဒီလိုမျိုးတာဝန်ကျေတဲ့မိန်းမမျိုးကို ရထားတဲ့ ယောက်ျားတွေရော သူ့ဘက်ကအခါတွေကို သိရှိနားလည်ရဲ့လား။**

A ကိုယ့်လို မိန်းမမျိုးဆိုရင်တော့ သူသိရဲ့ မသိရဲ့က အဓိကမဟုတ်ပါဘူး။ ကိုယ့်ရဲ့ဝတ္တရားကျေပြီးသူ့စိတ်ချမ်းသာဖို့ကအဓိကပါပဲ။ အသိအမှတ်ပြုခံရရင်တော့ ဝမ်းမြောက်စရာပေါ့။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ ကျေနပ်တတ်စရာမလိုသလို စိတ်ထဲမှာလည်း ရှင်းနေဖို့လိုတယ်။ များသောအားဖြင့် လူတွေက ကိုယ့်ဘေးနားမှာအနီးကပ်ရှိတဲ့ပစ္စည်းရဲ့တန်ဖိုးကို မသိကြတဲ့သူတွေများပါတယ်။ ဒါကြောင့် သူတို့ယောက်ျားတွေကလည်း မိန်းမတွေရဲ့

တာဝန်ကျေပွန်မှုတွေကို သိချင်မှသိပါလိမ့်မယ်။

Q **ဒါဆိုရင် အဲဒီလိုမျိုးကို ဗေဒင်ပြင်းနဲ့ချစ်တဲ့သူကို ပြောလို့ရတာပေါ့ နော်။**

A ဘယ်သူ့ဘက်ကပဲကြည့်ကြည့် တစ်ယောက်တစ်မျိုး စီ ဗေဒင်ကြရတဲ့သူတွေပါပဲ။ အနည်းအများလေးပဲကွာ သွားတာ။ ယောက်ျားတွေဘက်ကလည်း သူတို့ အတိုင်း အတာနဲ့သူတို့ ဗေဒင်လိုက်ရတဲ့ အခိုင်းတွေရှိတာပဲ။ မြန် တတအတွေးပေးလိုက်ရင် လောကကြီးမှာနေပျော်ရပေါ့။ အများကြီး ခံစားရတာမဟုတ်ဘူးလေ။ တစ်ယောက်နဲ့ တစ်ယောက်ချစ်ပြီး လက်တွဲကြပြီဆိုမှတော့ အရင်ဦးဆုံး ကိုယ်နဲ့ရင်းလိုသောအစ်ကိုကို ရင်းနှီးဗေဒင်လိုက်ကြရတာပဲ မဟုတ်လား။

Q **ကိုယ်နဲ့ရဲ့ဘဝ၊ ကိုယ်နဲ့ရဲ့အတွေ့ကိုပဲကြည့်ပြီးတော့ မိန်းမ မျိုးကို ရတတဲ့ယောက်ျားရဲ့ ရင်ထဲက ခံစားချက်ဟာ ဘယ်လိုဖြစ်မလဲ။**

A ယောက်ျားတွေရဲ့ ခံစားချက်ကိုတော့ မပြောတတ်ပါ ဘူး။ ကျွန်မပတ်ဝန်းကျင်မှာတော့ ဒီလိုယောက်ျားမျိုးကို တွေ့ဖူးတယ်။ ရင်ထဲတော့မသိဘူး။ အပြင်ပန်းကြည့်ရင် တော့ ဒီလိုပဲနေတတ်ကြတာပဲ။ ဘယ်သူမဆို အချိန်တန် ရင် ထမင်းစားချင်ကြတာရှည်ပဲ။ မောကျွေးတဲ့သူလည်း မရှိလည်း ဘယ်သူ့မှအတော်မခံကြပါဘူး။ ရှုကြီးစားတတ်ကြ ပါတယ်။ သူတို့စိတ်ထဲမှာ "အချစ်" ရှိရှိလည်း ဒီလိုသည်းခံ နေနိုင်တာလို့ ထင်တယ်။

❑



## အမေးအဖြေ (၃၀)

Q　**မိန်းမတို့လှပစေသောသူကို အပျော့ဆွဲ၍ စိတ်ဆင်းရဲ ဆောင်လှပ်တတ်တဲ့ယောက်ျားဆိုတာ ဘာကိုဆိုလိုတာပါ လဲ။**

A　အချို့ချို့ကတော့ ကျွဲပြားတတ်ပါတယ်။ တချို့ယောက်ျား တွေက အချစ်စကားလှနဲ့ကတိပြီး ဟိုဟာခိုက်ရေး ဒီဟာခိုက်ရေး ဖြစ်ပြီး ပါးစပ်က ခရားရေလွှတ်ဗွေလွှာကမ်းပြောနေတော့ ကြားတတ်တဲ့အခါ မိန်းမက စိတ်အနှောင့်အယှက်ဖြစ်ရတာ ပေါ့။ တချို့ကျတော့လည်း အစားအသောက်မှာ မီးဖခြောက် တာ၊ ဥပမာ နှစ်ယောက်အတူတူ ထမင်းစားသောက်စ ကန့်ကွက်မဲ့တင် "မိန်းမရေ ကြက်ဥစားသေးကြော်ပေးပါဦး" ဆို ပါးစပ်ကတော့ နှိုင်းတာချိုချိုသာသာပေးပေါ့ပဲ။ ဒါပေမဲ့ ထမင်းစားသောက်စရာက ဘယ်လိုဖိုက်ပြီးစားရတော့မလဲ။

TV ကြည့်နေတာချင်းအတူတူ ဟိုဟာထလုပ်မယ်ပါဦး၊ ဒီဟာအချောင်ကြောင်းဆိုတာမျိုးတွေပေါ့၊ ဒါပေမယ့် ဒါမျိုးတွေဟာ စိတ်ဆင်းရဲအောင် လုပ်တယ်လို့တော့ မပြောနိုင်ဘူး၊ စိတ်အနှောင့်အယှက် နည်းနည်းဖြစ်တာမျိုးလောက်ပါပဲ၊

Q **ယောက်ျားအတော်များက ပြန်လာချိန်ကို မစောင့်တဲ့ မိန်းမမျိုးရှိနိုင်ပါသလား**

A ရှိနိုင်ပါတယ်၊ ဘယ်လိုမိန်းမမျိုးဖြစ်မလဲဆိုရင် ဒီ အိမ်ထောင်ရေးကို စိတ်ပျက်နေတဲ့သူမျိုးပေါ့၊ တစ်ခါ ယောက်ျားဟာ ရှိသင့်ရှိထိုက်တဲ့ဝတ္တရားမျိုးကို မကျေပွန်တဲ့သူ၊ မိမိပြောဆိုတာကို နားမထောင်တဲ့သူ၊ မိသားစုအပေါ်တာဝန် မကျေတဲ့သူမျိုးကို ဘယ်မိန်းမက အိမ်ပြန်ချိန်ကိုစောင့်မျှော်ပါ့မလဲ၊ မျက်နှာနာစရာရှိတဲ့အတွက်သာ ပေါင်းသင်းနေရမယ်၊ စိတ်အရင်းထဲမှာမရှိတဲ့အတွက် ကြည်နူးစရာအချိန် တွေရတော့မှာမဟုတ်ပါဘူး၊

Q **ဒါဆို အိမ်ပြန်ချိန်ကို ကြိုတတ်တဲ့ မိန်းမကရော ဘယ်လိုစိတ်ဓာတ်မျိုးရှိတတ်သလဲ၊**

A အိမ်ပြန်ချိန်ကိုမျှော်တတ်၊ ကြိုတတ်မှတော့ ဒီမိန်းမဟာ အချစ်ဆိုတဲ့ခံစားချက်ထက်ဝိုပြီး ဘာရှိဦးမှာလဲ၊ တစ်ခါတလေလည်း မိန်းမရဲ့ ကြိုဆိုမှုကိုခံယူချင်တဲ့လူလေး၊ တံခါးပေါက်ဝရင်တော့ မိန်းမလေးရဲ့ အမောပြေတဲ့ယောက်ျား တွေ့ရှိတယ်၊ ပြီးတော့ အချိန်မှန်အိမ်ပြန်တတ်တယ်၊ မိန်းမ မျက်နှာမြင်ရမှ သူ့ရဲ့စိတ်ကြည်လင်တယ်၊ အဲဒါမျိုးတွေကို တတ်တာပေါ့လေ၊ လူအများများရဲ့ စိတ်ခံစားချက်အမျိုးမျိုး ကိုပြောနေတာပေါ့၊ စိတ်ထဲမှာ "အချစ်"ဆိုတဲ့ ခံစားမှုမျိုးရှိနေသရွေ့ အရာရာတိုင်းဟာ ကျေနပ်စရာတွေအဖြစ် ပြောင်းလဲ ကုန်ကြတာချည်းပါပဲ၊

**Q ကိုယ့်အပေါ်မှာ စိတ်ပျက်၊ စိတ်ကွက်နေတဲ့သူ တစ်ယောက်ကို ဘာကြောင့် ရှေ့ဆက်တွဲဖြစ်ကြတာလဲ။**

A အောင်အောင်တွန်းကပြောခဲ့သလိုပေါ့၊ 'အချစ်' ဆိုတဲ့ ခံစားမှုဟာ စိတ်ထဲမှာရှိနေသရွေ့ အရာရာတိုင်းဟာ ကောင်းရာ ရောအဖြစ်ပြောင်းလဲနိုင်တယ်လို့ အဲဒီစိတ်ပျက်၊ စိတ်ကွက် နေတဲ့လူကရော အဲဒီမိန်းမအပေါ် တကယ်ကိုသံယောဇဉ် ဖြတ်နိုင်သလား။ အဲဒီလူမှာလည်း အချစ်ရှိနေသေးလို့ ရှေ့ဆက်သက်တွဲနေဖြစ်တယ်။ မျက်နှာများရော၊ သောက် တားစော ဘာအကြောင်းပြချက်မှ ခိုင်ခိုင်လုံလုံမရှိဘဲနဲ့ ရှေ့ဆက်သက်တွဲနေကြတယ်ဆိုတာ အဲဒါ 'ချစ်လို့' အချစ် မရှိတော့ရင်တော့ အဲဒီလိုစိတ်ပျက်၊ စိတ်ကွက်တာတွေရှိ တော့မှာမဟုတ်ဘူး။ ရင်ထဲမှာ 'ဖတ'နဲ့ ဘဝသင်္ကို ဖော့ရ တယ်။

**Q တစ်ခါတလေမှာ ကိုယ့်ရဲ့အပြောအဆိုမတတ်မှု ကြောင့် တစ်ဖက်လူကအထင်လွဲသွားစေတယ်ဆိုတာ ဟုတ်ပါသလား။**

A ဒါမျိုးကဖြစ်တတ်ပါတယ်။ ကိုယ့်ဘက်က ဘာရည် မဟုတ်ဘူး၊ လွတ်ကနဲပြောလိုက်မိတာလဲ၊ ဒါပေမယ့် အဲဒါ ဟာ ဘဝတစ်သက်တာအတွက် မဟာအမှားမျိုးလည်း ဖြစ်သွားတတ်တယ်။ ပိုဆိုးတာက ပြန်ပြေရှင်းခွင့်မရတော့ ရင် သွားပြီ၊ ရင်ထဲမှာ တနုံ့နုံ့ခံပြင်းနေရတဲ့အဖြစ်မျိုးပေါ့၊ ချစ်သူဘဝ၊ အိမ်ထောင်သည်ဘဝတွေမှာဆိုရင် အဲဒီလို အပြောအဆိုမှားယွင်းမိခဲ့တဲ့အတွက် ဖြေလို့မရတဲ့ခံစားမှုမျိုး တွေ ကြောက်ခဲ့ရာတွေကြုံရတတ်ပါတယ်။ လူဆိုတာက လည်း 'သတိ'ဆိုတဲ့အရာက အမြဲမရှိတော့လည်း ခက်သား ပေါ့နော်။ ❑



## အမေးအဖြေ (၃၀)

**Q ကိုယ့်အတွက်ပဲကိုယ်သိတဲ့ အတ္တကြီးတဲ့ချစ်သူ၊ လင်ယောက်ျားမျိုးရခဲ့ရင် ဘယ်လိုစိတ်ထားမျိုးဖြစ်ပေါ်နိုင်မလဲ။**

A ဘယ်သူမဆို အတ္တကိုရှေ့တန်းတင်တတ်တဲ့သူနဲ့ ပေါင်းသင်းရတာ အင်မတန်စိတ်ညစ်စရာကောင်းလှပါတယ်။ ချစ်သူဆိုရင်တော့ ကိုယ်စိတ်ပြတ်ရင် လမ်းခွဲလိုက်လို့ရမယ်၊ လင်ယောက်ျားကိုတော့ လမ်းခွဲဖို့ရာ လွယ်မဖြစ်နိုင်ပါဘူး။ အများအားဖြင့် အတ္တကြီးတဲ့သူများဟာ ကိုယ့်ကြောင့် စိတ်ဆင်းရဲသွားရမှာကို မစိုးရိမ်သလို ပတ်ဝန်းကျင်ကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ "ငါ့အတွက် ငါ့ဖို့ ငါပဲရ ရမယ်" ဆိုတဲ့ ငါအစွဲကြီးနဲ့ ဆက်ဆံတဲ့အခါ တစ်ဖက်လူစိတ်ညစ်ရတာအမှန်ပါပဲ။ ဆိုလိုချင်တာကတော့ အတ္တကြီးတဲ့ယောက်ျားကိုရရှိတဲ့ မိန်းမဟာ စိတ်ဆင်းရဲရ

တာပါပဲ။

Q **မိန်းမတစ်ယောက်ဟာ ချစ်သူဘဝတုန်းက နားလည်မှုပေးတာနဲ့ အိမ်ထောင်သည်ဖြစ်ပြီးမှ နားလည်မှုပေးတာဟာ ဘာကွာသွားသလဲ။**

A ချစ်သူဘဝနဲ့ အိမ်ထောင်သည်ဘဝဟာ အများကြီးကို ကွာပါတယ်။ အဲဒီနားလည်မှုပေးရတာကိုက ကွာလွန်းပြီး ချစ်သူဘဝတုန်းက ဘယ်အရာမဆို ပေါ့ပေါ့ပါးပါးတွေးနိုင်ရပေမယ့် အိမ်ထောင်ကျပြီးတဲ့အခါမှာတော့ ကိစ္စတိုင်းကို သေချာတွေးတောပြီး နားလည်ပေးရတယ်။ ကိုယ့်ယောက်ျားရဲ့ဆွေမျိုးကြောင့်ဖြစ်စေ၊ အပေါင်းအသင်းကြောင့်ဖြစ်စေ၊ အလုပ်ကိစ္စကြောင့်ဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့် စိတ်သောကဖြစ်စရာကြုံလာခဲ့ရင် မျှဝေခံစားနားလည်ပေးရပါတယ်။ ဘဝနှစ်ခုပူးပေါင်းလိုက်တဲ့အတွက် ရေရှည်အိမ်ထောင်ရေးတည်တံ့ခိုင်မြဲချင်တဲ့အတွက် မိန်းမတစ်ယောက်ပေးဆပ်လိုက်ရတဲ့ နားလည်မှုတွေဟာ ပြောပြရင်ကုန်မှာမဟုတ်ဘူး။

Q **ချစ်သူဘဝတုန်းက စိတ်ကူးယဉ်ခဲ့ရတဲ့ အိမ်ထောင်ဦးစီးယောက်ျားပုံစံနဲ့ အစစ်အမှန်ပုံစံ ကွဲပြားနေခဲ့ရင် ဘယ်လိုဖြေဖြည့်ယူနိုင်သလဲ။**

A စိတ်ကူးယဉ်ကြတာတော့ လူတိုင်းဟာ အကောင်းဆုံးကိုပဲ စိတ်ကူးကြတာများပါတယ်။ တကယ့်တကယ် လက်တွေ့ကတော့ ထင်တာကျချင်မှကျမှာလေ။ အဲ…ကိုယ့်စိတ်ကူးထဲက ပုံအတိုင်း ၅၀ ရာခိုင်နှုန်းလောက် ထင်တာကျနေရင်တော့ ကံကောင်းပြီလို့သာမှတ်ပေတော့။ လူစိတ်ဆိုတာကလည်း အမြဲကောင်းနေမယ့် ကာလအသေသတ်လိုက်ပြီး ပြောင်းလဲတတ်တယ်မဟုတ်လား။ ဒီတော့ သိပ်ပြီး

တော့အမြဲနဲ့ ကိုယ့်အပေါ် စိတ်ချမ်းသာအောင်လို့ (အရေးကြီးမယုတ်တော်ဝင် နည်းနည်းလေး)ထားနိုင်ရင် လုံလောက်ပါတယ်။ အထူးသဖြင့်သူ့ဘက်က အကြင်နာတွေကို အပြည့်အဝမပေးနိုင်ဘဲ ကိုယ့်အပေါ်နည်းနည်းလေး ကြင်နာပြရင်ကျေးဇူးတင်လိုက်ပါ။

Q **မိန်းမကိုထားပြီး အလုပ်တွေအပေါ်မှာ စိတ်ဝင်စားနေတဲ့ယောက်ျားကို ဘယ်လိုမြင်လဲ။**

A ဒီနေ့က သူအလုပ်လုပ်နေတာ "ဘယ်သူ့အတွက်လဲ" ဆိုတဲ့ အဓိကအချက်ပဲ။ မိသားစုတခုလုံးတက်ဖို့အတွက် လုပ်နေတာဆိုရင်တော့ ဇနီးသည်ဘက်က နားလည်ပေးဖို့ လိုအပ်ပါတယ်။ တချို့အလုပ်တွေဆိုရင် ဝါသနာအရ လုပ်ကြတာတွေရှိတတ်တယ်လေ။ ဒီတော့ကိုယ့်ရဲ့ လင်ယောက်ျားဝါသနာပါတဲ့အလုပ်ကို ဝါ ရှုမြင်ပေးဖို့လည်း လိုအပ်သေးတယ်။ ဒါပေမယ့် အဲဒီလိုယောက်ျားမျိုးဟာ လည်း တစ်ပတ်မှာတစ်ရက်လောက်တော့ မိသားစုအပေါ် အပြည့်အဝအချိန်ပေးဖို့တော့ လိုအပ်ပါတယ်။ ဒါမှညီမျှမှာ လေ။

Q **ယောက်ျားတစ်ယောက် အိမ်မှာအေးချမ်းစိတ်ရှိအောင် မိန်းမက ပညာတတ်ရမယ်ဆိုတာ ဘာကိုဆိုလိုတာပါလဲ။**

A ယောက်ျားပဲဖြစ်ဖြစ်၊ သားသမီးပဲဖြစ်ဖြစ် ကိုယ့်အိမ်မှာအေးချမ်းစိတ်ရှိအောင် အဓိကကျတဲ့သူကတော့ ဇနီးနဲ့ မိခင်ပဲပေါ့။ လူဆိုတာမျိုးက နားအေးပါးအေးနေချင်ကြတာ ပျော်စရာကောင်းတဲ့နေရာကိုပဲ သွားချင်ကြတာ။ ကိုယ့်ရဲ့ အိမ်မှာ ဆူညံမနေကြဘူး၊ အစားအသောက်ကအစ အဆင်ပြေအောင်ကျွေးမွေးတတ်မယ်ဆိုရင် အိမ်အပြင်ကိုဘယ်လိုမှ စိတ်မရောက်တော့ဘူး။ နောက်ဆုံးကိစ္စအဝဝကြောင့်

အပြင်ထွက်ရစေဦးတော့ ကိုယ်ပိုင်အိမ်ကိုပဲ အပြေးအလွှား ပြန်လာချင်ကြတာ၊ မိန်းမလောက်ရော၊ အမေ့လောက်ရောကိုပဲ တွေ့ချင်ကြတာချည်းပေါ့။ ဒါကြောင့်မို့လို့ အိမ်ထောင်အိမ်ကို သာယာကြည်နူးအောင်ဖန်တီးတဲ့သူဟာ မိန်းမဖြစ်လေလို့ ယောက်ျား ကို သာသနာ့ဆီကိုပင်မပြန်ချင်စိတ်မရှိအောင် ဖန်တီးတဲ့သူဟာ လည်း မိန်းမပဲဖြစ်တယ်။ ဒီတော့ ကိုယ့်ကတာဝန်တာတွေကို ပိုင်ဆိုင်ချင်သလဲ။

❑



## အမေးအဖြေ (၃၂)

**Q အချစ်ဦးနဲ့အချစ်ဆုံးဆိုတာ အတူတူပဲလား။**

A အများအားဖြင့် အချစ်ဦးနဲ့အချစ်ဆုံးကို အတူတူပဲ ဖြစ်စေချင်ကြတာ လူညီတဲ့ဆန္ဒတွေပါ။ ဒါပေမယ့် အဲဒီလို တိုက်ဆိုင်ဖို့ဆိုတာကလည်း အင်မတန်မှကို ခက်ခဲပါတယ်။ ကျွန်မရဲ့အယူအဆကိုပြောရရင်တော့ ကိုယ့်ရဲ့အချစ်ဆုံးဟာ အချစ်ဦးလို့ပဲမှတ်ယူတယ်။ ငယ်စဉ်တုန်းက စိတ်ကစားပြီး ရည်းစားထားခဲ့ကြပေမယ့် ပထမဦးဆုံး ရည်းစားဟာ အချစ်ဦးဟုတ်ချင်မှဟုတ်မယ်။ ကိုယ်ရင်ထဲက မြတ်မြတ်နိုးနိုးနဲ့ အလေးထားကြီးချစ်ရတဲ့သူသာလျှင် အချစ်ဦးရော၊ အချစ်ဆုံးရော အတူတူပဲ။

**Q အချစ်ဟာ အပြစ်တွေကိုဖုံးကွယ်စေတယ်ဆိုတဲ့ စကားဟာမှန်ရော။**

A အချစ်လို့ဆိုလိုက်ရင်း တကယ်ချစ်တာဟုတ်မဟုတ်ဆိုတာ ကိုယ်တိုင်အသိဆုံးဖြစ်ပါတယ်။ တကယ်ချစ်ရင်တော့ အပြစ်တွေကို ဖုံးလွှမ်းပေးတာမဟုတ်ဘူး။ မြင်ကိုမြင်တော့ တာ။ သူ့ ကိုယ့်ကို ဘာပြောပြော သူ့ကာယ်ကောင်သိသိချင်နေ ဆိုးနေ၊ အလိုက်မသိချင်နေပါစေ အဲဒါတွေအားလုံးကို ကိုယ်ကိုယ်တိုင်က အပြစ်မမြင်ဘဲနဲ့ ချစ်နေတာ၊ အဲဒီလို ချစ်နေရတာကိုပဲ ကျေနပ်နေမိတာ။

**Q တချို့ယောက်ျားတွေ တွေ့ဖူးတယ် အိမ်မှာရှိ ကိုယ့်မိန်းမကိုလည်းချစ်ရဲ့သားနဲ့ တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်တာဘာကြောင့်လဲ။**

A ယောက်ျားဆိုတာ အပျော်အပါးမကင်းတာကိုတော့ အပြစ်မပြောလိုဘူး။ ဒါကလည်း အမ်းတာ်ကိုမှာလည်းမှ ရှိတဲ့မိန်းမချို့မှ ဖိစိတ်မျိုးထားနိုင်တာနော်။ အပျော်အပါးဆို တာကလည်း အဲဒီယောက်ျားအနေနဲ့ စည်းရှိရှိ စည်းသိမ့်လို့ တယ်။ မိမိကျန်းမာရေး၊ မိမိ မိသားစုတွေကို ဂရုတာနိုင်မှ တော်တာကျမယ်။ တချို့ကျတော့လည်း အပျော်အပါး ထက်သာလွန်တဲ့သံယောဇဉ်ကြီးတွေ ထပ်ရှုပ်တတ်ကြ တယ်။ ကိုယ့်မိန်းမကိုလည်းချစ်တယ်။ တခြားမိန်းမ တစ်ယောက်ကိုလည်း သံယောဇဉ်ရှိနေတယ်။ အဲဒါမျိုး ယောက်ျားဟာ အချစ်မှာ လောဘကြီးလွန်းတဲ့သူပေါ့။ ဒါပေမယ့် သူ့ချစ်မှာလည်း စိတ်မအေးရပါဘူး။

**Q အချစ်ဆိုတာနဲ့အတူတူ ပူတွဲပါဝင်လာတဲ့ခံစားချက် တွေဟာ ဘယ်နှစ်မျိုးလောက်ရှိမလဲ။**

A တကယ်ချစ်ရင်တော့ အချစ်ဆိုတာနဲ့အတူကပ်ပါ လာတဲ့ ခံစားချက်တွေကတော့ စိတ်လှုပ်ရှားခြင်း၊ စိတ်ပူပင် ခြင်း၊ သဝန်တိုခြင်း၊ ရယူပိုင်ဆိုင်လိုခြင်း၊ ဒေါသထွက်ရ

ခြင်း၊ ဝမ်းနည်းရခြင်း၊ ဒေါသရခြင်း၊ အိပ်မပျော်ဘဲမပေါ်ခြစ်
ခြင်းဆိုတဲ့ စိတ်ဖိစီးခြင်းတွေရှိလာလို့ ရင်ခုန်ခြင်း၊ ချွေးထွက်ခြင်း၊
အိပ်ပေါ်လှုပ်ရှားခြင်း၊ ရင်ထဲမှာနေမကောင်းဖြစ်ပြီး ကြည့်ရှု
ရခြင်းဆိုတဲ့ အချက်ပေါင်းများစွာလည်းရှိနေပါတယ်။

❑



## အမေးအဖြေ (၃၃)

**Q သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေးဖြစ်ဖို့အတွက် ခရီးထွက်ပေးရတယ်ဆိုတာ မှန်ပါသလား။**

A ခရီးထွက်တယ်ဆိုတာ စိတ်ရဲ့ ကြည်နူးချမ်းမြေ့ခြင်း ကို များစွာအထောက်အကူဖြစ်စေပါတယ်။ မိသားစုတစ်စု ဟာ တစ်နှစ်မှာအနည်းဆုံး တစ်ခါလောက်တော့ ဘုရားဖူး ခရီး အပန်းဖြေခရီးထွက်ပေးသင့်ပါတယ်။ အဓိက ကတော့ သားသမီးအတွက်ပေါ့။ မိဘနှစ်ဦးစလုံးက တစ်နှစ်ပတ်လုံး ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတယ်။ အချိန်မပေးနိုင်ဘူး။ ဒီတော့တစ်နှစ်မှာ ကိုယ့်ကလေးအတွက် (၃) (၄)ရက် လောက်တော့ အချိန်ပေးသင့်တယ်။ နေ့ရက်တွေကို ရယူ သင့်တယ်။ အဲဒီလို လင်မယားနှစ်ယောက်စလုံးကလည်း

ကိုယ်ရဲ့စိတ်ကျဉ်းကျပ်မှုတွေကို ဖြေချပြီးစိတ်ကို လွတ်လပ်ပေါ့ပါးစွာနေသင့်တယ်။ ဒါဟာ စိတ်ကိုကုစားတဲ့နည်းတစ်မျိုးပဲ။ လွန်မကတော့ တစ်နှစ်တစ်ခါဖြစ်လာရလိုက် ခရီးထွက်တာကို အားပေးပါတယ်။

Q **"အိမ်ထောင်သက်ရှည်လာလေ အချစ်တွေ ပိုများလာလေ" ဆိုတဲ့စကားအပေါ် မိန်းမသားရဲ့အမြင်ကဘာလဲ။**

A မိန်းမတစ်ယောက်ရဲ့အမြင်နဲ့ ခံစားချက်ကိုပြောရမယ်ဆိုရင် အိမ်ထောင်သက်ရှည်လာတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေပိုများလာတာပေါ့။ အိုးသံမယောင် ဆိုတဲ့ကြိုးတွေနဲ့ အထပ်ထပ်ရစ်ပတ်ထားသော အချစ်တွေကလည်း ပိုများပြီး ခိုင်မြဲလာတယ်။ အချိန်တွေကြာလေ ပိုပြီးတော့ချစ်လာလေပါပဲရှင်။

Q **ယောက်ျားတွေဘက်ကရော ဒီလိုမျိုးခံစားရပါ့မလား။**

A အချိန်တွေကြာလာတာနဲ့အမျှ ပိုပြီးချစ်လာတတ်တဲ့ သူမျိုးရှိသလို ရိုးသွားတဲ့သူလည်းရှိကောင်းရှိလိမ့်မယ်။ ယောက်ျားအများစုက အလုပ်ကြိုက်၊ အချစ်ကြိုက်တွေပေါ့။ သူတို့ရဲ့ အချစ်ကိုစံချင်ရင် သူတို့အကြိုက်လိုက်လုပ်ပေးဖို့က မိန်းမတွေရဲ့တာဝန်ပဲ။ မိမိရဲ့ အလှအပပြင်ဆင် အပြောအဆိုလေးတွေပါ ထိန်းသိမ်းပေးရမယ်။ ငါ အိမ်ထောင်သည်ပဲဆိုပြီး အနေအထိုင်အပြောအဆိုကို ပစ်ထားတတ် မပြောမိပါစေနဲ့။ ယောက်ျားတစ်ယောက်ကိုချွဲစောင်းနိုင်ဖို့အတွက် အလုပ်လည်းမပျက်စေနဲ့ စကားလည်းမကြမ်းစေနဲ့။ ပြုစုပေးတတ်ပါစေ။ ဒီလိုမိန်းမမျိုးကို ဘယ်ယောက်ျားမှ ရိုးသွားမှာမဟုတ်ဘူး။

Q **ချစ်တတ်တဲ့သူက အချိန်ကိုစိတ်ဝင်စားပြီး မချစ်**

ကိုယ့်ရဲ့စိတ်ညှိုးကျဉ်းမှုတွေကို ဖြေရှင်းစိတ်ကို လွတ်လပ်ပေါ့ပါးစွာနေသင့်တယ်။ ဒါဟာ စိတ်ကိုကုစားတဲ့နည်းတစ်မျိုးပဲ၊ လျှို့ဝှက်ထားတော့ တစ်နေ့တစ်ခါမီးတောင်ပေါက်ကွဲသလို ထွက်တာကို အားပေးပါတယ်။

Q **"အိမ်ထောင်သက်ရှည်လာလေ အချစ်တွေ ပိုရှားလာလေ" ဆိုတဲ့စကားအပေါ် မိန်းမသားရဲ့အမြင်ကရော။**

A မိန်းမတစ်ယောက်ရဲ့အမြင်နဲ့ ခံစားချက်ကိုပြောရမယ်ဆိုရင် အိမ်ထောင်သက်ရှည်လာတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေပိုများလာတာပေါ့။ အဲဒီသံယောဇဉ်ဆိုတဲ့ကြိုးတွေနဲ့ အထပ်ထပ်ရစ်ပတ်ထားလော့ အချစ်တွေကလည်း ပိုများပြီး ပိုခိုင်မြဲလာတယ်။ အချိန်တွေကြာလေ ပိုပြီးတိုးချစ်လာလေပဲပေါ့နော်။

Q **ယောက်ျားတွေဘက်ကရော အဲဒီလိုမျိုးခံစားရပါ့မလား။**

A အချိန်တွေကြာလာတာနဲ့အမျှ ပိုပြီးချစ်လာတတ်တဲ့သူမျိုးရှိသလို ရိုးသွားတဲ့သူလည်းရှိကောင်းရှိလိမ့်မယ်။ ယောက်ျားအများစုက အလုပ်ကြိုက် အချစ်ကြိုက်တွေလေ။ သူတို့ရဲ့ အချစ်ကိုခံချင်ရင် သူတို့အကြိုက်လိုက်လုပ်ပေးဖို့က မိန်းမတွေရဲ့တာဝန်ပဲ။ မိမိရဲ့ အလှအပအမြင်အဆင် အပြောအဆိုလေးကိုပါ ထိန်းသိမ်းပေးရမယ်။ ငါ အိမ်ထောင်သည်ပဲဆိုပြီး အနေအထိုင်အပြောအဆိုကို ပစ်စလက်ခတ် မပြောမိပါစေနဲ့။ ယောက်ျားတစ်ယောက်ကိုဆွဲဆောင်နိုင်ဖို့အတွက် အလှလည်းမပျက်စေနဲ့ စကားလည်းမကြမ်းစေနဲ့ ပြုစုယုယတတ်ပါစေ။ အဲဒီလိုမိန်းမမျိုးကို ဘယ်ယောက်ျားမှ ရိုးသွားမှာမဟုတ်ဘူး။

Q **ချစ်တတ်တဲ့သူက အချစ်ကိုစိတ်ပင်ပန်းရပြီး မချစ်**



## အမေးအဖြေ (၃၄)

**Q ယောက်ျားတစ်ယောက်ကို ချစ်ရတဲ့အချစ်တွေဟာ ပင်ပန်းလွန်းလို့ အချစ်တွေလျော့သွားအောင် ဘယ်လို နည်းလမ်းမျိုးရှိပါသလဲ။**

A အဓိကတော့ စိတ်ပေါ့။ အဲဒီစိတ်ကိုနိုင်အောင်ထိန်း နိုင်ရင် နည်းလမ်းမလိုဘဲ သူ့အလိုလိုလျော့သွားမှာပါ။ ပင်ပန်းတယ်ဆိုတဲ့နေရာမှာ ဒေါသတွေနဲ့ပင်ပန်းနေရတာ လား။ စိတ်ပူပန်ပြီးမောပန်းနေရတာလား။ အဲဒီလိုတွေဖြစ်ရင်ပေါ့ ကိုယ့်ကို ဂရုစိုက်အလေးမထားဘဲ သူ့အတွက်ဒေါသတွေ နဲ့ အပင်ပန်းခံမနေပါနဲ့။ စိတ်ပူတယ်ဆိုတာကတော့ ကိုယ့် မိသားစုဘဝလေး လုံခြုံမှုရှိဖို့အတွက်၊ လူ့ဂုဏ်သိက္ခာရှိစေချင် တဲ့ဆန္ဒအတွက် မေတ္တာတွေနဲ့ထုံမွှမ်းပြီး ပူပန်တာမျိုးလည်း ရှိတတ်တာပဲလေ။ သေချာတာကတော့ အချစ်ဟာ

မှုလောင်ခြင်းတစ်မျိုးပါပဲ။

Q **မီးမှုန်းသီရှက်နဲ့ ဘာလို့ကိုင်ချင်ရတာလဲ။ မှုန်းသီ လျှက်နဲ့ ဘာလို့အချစ်ကို သွေးထိုးစမ်းချင်ရတာလဲ။**

A မီးကိုတော့ အနိုက်စမ်းပြီးဘယ်သူကကိုင်မလဲ။ မီးလောင်တစ်ဆိုတာ နိမ့်နေတာကြီးကိုမြင်ရတယ်။ အနားသွား ရင် အပူငွေ့ဟပ်ခံရတယ်။ ဒေါ အချစ်ဆိုတာက မျက်စိနဲ့ မမြင်ရတော့ကိုင်လို့လည်းမရဘူး။ အဝိုင်းသတ္တုကာ ချိုမြိန် ခြင်းတွေ၊ အိမ်မက်လှလှလေးတွေမက်တာကိုး။ အချစ်ဆို တာ အဝိုင်းက အင်မတန်ကိုချိုတာ၊ ရင်ထဲကိုအေးမြ ဘာလွှမ်းလွှမ်းနဲ့ခံစားနေရတာ၊ ကြာလာတော့မှ ဖေ့ကိုခြင်းဆို တဲ့ အရှာသေသေးစကားလေးကို။ အဲဒီအခါကျတော့ မှုတာ ကိုပဲ ရှေ့တာလုံးလုံးနဲ့အမြတ်နိုးတတ်ပြီးနေကြတဲ့သူတွေ ချည်းပဲမဟုတ်လူလေး။

Q **အချစ်နဲ့ပတ်သက်လာရင် အေးစက်စက်နိုင်တာ မကောင်းဘူးလို့ကြားရပါတယ်။ ဘာဖြစ်လို့လဲ။**

A ဂျာမန်စကားပုံတစ်ခုရှိတယ်။ Coffed and Love are best when they are hot အခိုမူသယ်ကစတော့ ကော်ဖီပဲဖြစ်ဖြစ်၊ အချစ်ပဲဖြစ်ဖြစ်၊ ပူနွေးနေမှပဲ ကောင်းပါ တယ်။ အေးစက်အေးစက်နိုင်ရင် ဆုံရှုံးမှုတွေများတတ် တယ်။ ဥပမာ ကိုယ်ကအချစ်ချစ်ပေမယ့် မတုံ့ဘက်တေနဲ့ ရှုံ့မပြောတိုက်လို့ သူများနောက်ပါသွားတာတွေအများကြီး။

Q **မိန်းမတွေဟာ ဘာကြောင့်များယောက်ျားတွေရဲ့ လုပ်ရပ်တိုင်းကို သိနေရတာလဲ။ အဲဒီလိုပဲ မိန်းမတိုင်းဟာ အကောင်းပါကြလား။**

A သိနေတယ်ဆိုတဲ့နေရာမှာ တချို့မိန်းမက နင့်ဒီဇော ကို လည်လည်ဝယ်ဝယ်နိုင်လို့ အကောင်းပါးတာ။ တချို့မိန်းမ

ထွေကျတော့ တစ်ကမ္ဘာလုံးကရှိတဲ့သူတွေကို စိတ်မဝင်စား ဘူး။ ဒါပေမယ့် သူအရမ်းချစ်တဲ့သူလိုကျတော့ အနီးကပ်ကို ကြည့်နေတဲ့အတွက် အဲဒီယောက်ျားရဲ့ ကိုယ်ခန္ဓာ၊ အမှား အယွင်း စတဲ့အရာတွေကို သိနေတာမျိုး၊ ဒီယောက်ျား ဘာလိုချင်တာလဲ၊ ဘာဖြစ်နေတာလဲဆိုတာတွေကို သိမြင် နေတာပေါ့နော်။ တကယ်ချစ်တတ်တဲ့မိန်းမတစ်ယောက်ရဲ့ နှလုံးသားဟာ အဲဒီယောက်ျားရဲ့စိတ်တစ်ခုလုံးကို ထိုးဖောက် ဝင်ရောက်နိုင်ပါတယ်။

Q **အဲဒီလိုထိုးဖောက်ဝင်ရောက်နိုင်တဲ့ မိန်းမမျိုးကိုရ ထားတဲ့ယောက်ျားဟာ ကံကောင်းခြင်းတွေကို ပိုင်ဆိုင်နိုင် တာပေါ့နော်။**

A ယောက်ျားတစ်ယောက်ရဲ့ ကံကောင်းခြင်း၊ ကံဆိုး ခြင်းဆိုတဲ့အရာတွေဟာ သူ့မိန်းမပေါ်မှာလဲရှိပါတယ်။ အသေးစိတ်သိပေမယ့် အပြစ်တွေကိုပဲပုံဖော်ပြီး ပြောနေ ခဲ့ရင် အဲဒီယောက်ျားဟာ နာကြည်းပြီး စိတ်ညစ်ရမယ်။ အဲဒီလို မဟုတ်ဘဲ သူ့ရဲ့အကောင်းတွေ၊ နေထိုင်ကောင်းတာတွေ ကို ပါးစပ်မှမပြောရပါဘဲနဲ့ သိနေတဲ့မိန်းမ၊ အဲဒီမိန်းမဟာ သူ့ကို အကောင်းဆုံး အကြံဉာဏ်တွေပေးနိုင်ခဲ့တဲ့ မိန်းမရရင် တော့ ဒီယောက်ျားကံကောင်းတာပေါ့။

❑



## အမေးအဖြေ (၃၅)

Q **အချစ်အတွက် အသက်ကိုစတေးရဲတဲ့သူကို သူရဲ ကောင်းလို့ခေါ်မလား၊ ဒါမှမဟုတ် လောကကိုမခံနိုင်တဲ့ အတွက် စိတ်ဓာတ်ပျော့ညံ့သူလို့ခေါ်မလား။**

A အချစ်အတွက် အသက်ကိုစတေးတဲ့ သူရဲကောင်း ဆိုတာ ရုပ်ရှင်တို့ ဝတ္ထုတို့မှာပဲရှိတာပါ။ အပြင်မှာ တကယ်ရှိခဲ့ရင်တောင်း ကြမ်းတမ်းနေတဲ့လောကကြီးကို ရင်မဆိုင်ရဲ လို့ ဘုရားပေးတာကိုဆန့်ကျင်ပြီး ကိုယ်လွတ်ရုန်းတဲ့သူလို့ မြင်တယ်။ ကိုယ်ဒီလိုလုပ်တဲ့အတွက် ပူဆွေးကြေကွဲခဲ့ရမယ့် မိဘ၊ မိသားစုအပေါ်ငဲ့ညှာစိတ်မရှိတဲ့ စိတ်ဓာတ်ရေးရာ အားနည်းသူရဲ့ လုပ်ဆောင်တတ်သူလို့မြင်တယ်။

Q **ယောကျ်ားတစ်ယောက်ဟာ အိမ်ထောင်ဘက်ရွေး တော့မယ်ဆိုရင် ချစ်ကြိုက်နေတဲ့မိန်းမနဲ့ နည်း**

**သိမ်မွေ့နူးညံ့နေတတ်တဲ့မိန်းမ ဘယ်သူ့ကိုရွေးချယ်နိုင်မလဲ။**

A ဒီယောက်ျားတစ်ယောက်ဟာ စဉ်းစားချင့်ချိန်ရရင် ပေါ့နော်၊ ကိုယ့်ဘဝကို ပါရမီဖြည့်ပေးနိုင်တဲ့ မိန်းမမျိုးကိုပဲ ရွေးချယ်မှာပဲ။ ပါရမီဖြည့်တယ်ဆိုတဲ့နေရာမှာ သူ့စိတ်က ဂျစ်တစ်တစ်ဖြစ်ချင်လည်း ဖြစ်နေမယ်၊ နည်းချင်လည်း နည်းနေမယ်၊ ဒါပေမယ့် အရေးကြီးဆုံးဟာ ဒီယောက်ျားရဲ့ တိုးတက်မှုအတွက် အကြံဉာဏ်ကောင်းပေးနိုင်တဲ့ မိန်းမ၊ ပါရမီဖြည့်ဖက်ကိုပဲ ရွေးချယ်သင့်ပါတယ်။ သတိထားရမှာကတော့ ယောက်ျားကိုစေးချွဲသည့်မယ့်မိန်းမ၊ ခေါင်းတစ်လုံးသာမယ့်မိန်းမ မဟုတ်ဖို့တော့လိုမယ်။

**Q ဒါဆိုရင် သူ့နောက်ကနေ ပါရမီဖြည့်ပေးမယ့် သူတော်လား။**

A မိန်းမကောင်းနဲ့ရင် အိမ်ကိုပဲလုပ်ပေးရမှာပါ၊ ကျွန်မ ပြောခဲ့ဘူးပါတယ်။ မိန်းမကောင်းဆိုတာဦးတော့ ကိုယ့်ရဲ့ အိမ်ထောင်ဦးစီးရှေ့မှာ မသိချင်ယောင်ဆောင်၊ မတတ်ချင်ယောင်ဆောင်နေရမယ်။ ယော ကန့်ကန့်ကနေနောက်ကွယ် ကနေ သူ့ရဲ့လိုအပ်ချက်တွေကို ပံ့ပိုးကူညီမယ်၊ နောက်ကွယ်ကနေ သူ့ရဲ့လိုအပ်ချက်တွေကို ပံ့ပိုးကူညီမယ်၊ အဲဒီအတွက် မာန်တက်စရာမလိုဘူး၊ သူ့ကိုဗုဒ္ဓဘာသာကြွားပြီး ဂုဏ်ယူဖို့မလိုအပ်ဘူး၊ ကိုယ့်စိတ်ထဲမှာကျေနပ်နေပြီး သန့်သန့်ရှင်းရှင်းလေးနေရတာကိုက တစ်မျိုးနေလို့ကောင်း တယ်။

**Q အရမ်းကိုထုံလွန်း၊ အလွန်းတဲ့ယောက်ျားမျိုးရခဲ့ရင် ကော။**

A ဒါကတော့ ရှင်တို့ကိုယ်တိုင်ရွေးချယ်ခဲ့တာပဲလေ။ တချို့မိန်းမတွေရဲ့အကျင့်ကျတော့လည်း ကိုယ်ကဆရာ

လင်ရဲ့ အရေအရောဂိုဏ်းဝင်ပါရဲ့ ကျေနပ်ကြတာချည်းတည်း ရှိတာကိုး၊ ငါသိတယ်၊ ငါတတ်တယ်၊ ငါလုပ်နိုင်မှာဆို တဲ့အတွေးတွေက ရှိနေကြတော့၊ အဲဒီအခါကျတော့ နှို ကအနေနဲ့ဆက်ဆံရာမှာ ဖြိုး ထိုက်တွန်း၊ အတွက်အခက်ကြီးတွေ တတ်တယ်။



## အမေးအဖြေ (၃၆)

Q **မိန်းမတစ်ယောက်ဟာ လှရုံနဲ့ သူ့ရဲ့အိမ်ထောင်ရေး သာသာယာယာနေတယ်လို့ ပြောလို့ရပါသလား။**

A ဒါတွေက တပ်အပ်ပြောလို့မရပါဘူး။ အိမ်ထောင်သည် မိန်းမသားတွေဟာ "ရုပ်လှဖို့ထက်က လှဖို့က အရေးကြီးပါတယ်" တချို့ဆို မိန်းမလှည်းမဟုတ်သော၊ ရုပ်လည်းမလှတဲ့ နဲ့ သူ့ရဲ့ခင်ပွန်းက ထားရာနေရာမရှိအောင် ချစ်နေတာမျိုး တွေကိုမြင်ဘူး၊ တွေ့ဘူးခဲ့တယ်။ တချို့မိန်းမတွေကတော့ လည်း ရုပ်ကတော့လှလည်းလှတယ်၊ မိန်းမလည်းပီသတယ်။ ဒါပေမယ့် အိမ်ထောင်ဘက်ကတော့ သိပ်ပြီးကံမကောင်းကြဘူး။ ဒါကြောင့် မိန်းမတွေဟာ အခြေအနေပေါ်မူတည်ပြီး မိမိစိတ်ချမ်းသာအောင် နေ့ဖြတ်တတ်တဲ့ စိတ်ရှိဖို့လိုတယ်။

Q **အချစ်ဆိုတဲ့ အရာကြီးမှာ ခံစားချက်အပြောင်းဆုံးက**



## အမေးအဖြေ (၃၆)

**Q မိန်းမတစ်ယောက်ဟာ လှရုံနဲ့ သူ့ရဲ့အိမ်ထောင်ရေး သာယာနေတယ်လို့ ပြောလို့ရပါသလား။**

A ဒါတွေက တပ်အပ်ပြောလို့မရပါဘူး။ အိမ်ထောင်သည် မိန်းမသားတွေဟာ "ရုပ်လှဖို့ထက်ကံလှဖို့က အရေးကြီးပါတယ်" တချို့ဆို မိန်းမလည်းမပီသ၊ ရုပ်ရည်မချောဘဲနဲ့ သူ့ရဲ့ခင်ပွန်းက ထားစရာနေရာမရှိအောင် ချစ်နေတာမျိုး တွေ့ကြမြင်ကြဘူး၊ တွေ့ဘူးခဲ့တယ်။ တချို့မိန်းမတွေကတော့ လည်း ရုပ်ကလေးလည်းလှတယ်။ မိန်းမလည်းပီသတယ်။ ဒါပေမယ့် အိမ်ထောင်ဘက်ကတော့ သိပ်ပြီးဂရုမစိုက်လှဘူး။ ဒါကြောင့် မိန်းမတွေဟာ အခြေအနေပေါ်မှာတည်ပြီး မိမိစိတ်ချမ်းသာအောင် နေပြတတ်တဲ့ စိတ်ရှိဖို့လိုတယ်။

**Q အချစ်ဆိုတဲ့ အရာကြီးမှာ စိတ်ဓာတ်ကျရောက်ခြင်းဆုံးက**

မဟုတ်ဘူး၊ စိတ်ကူးယဉ်စရာလည်းမဟုတ်ဘူး၊ သေသေချာချာ စဉ်းစားပြီးလုပ်တယ်။ စဉ်းစားတယ်ဆိုတာလည်း မိမိ တစ်ယောက်အတွက် ဘယ်လိုဖြစ်မှာတွေကိုပါ။

Q **ချစ်သူကို ကိုယ့်စကားပဲနားထောင်စေချင်တယ်။ တကယ်လို့များ နားမထောင်ခဲ့ဘူးဆိုရင် ဘာလုပ်ရမလဲ။**

A တတ်နိုင်သလောက်တော့ စိတ်ရှည်ရှည်ထားပြီး ချဉ်းကပ်ကြည့်ရမှာပေါ့။ ဥပမာ အရက်ကြိုက်တဲ့လူကို အရက် မသောက်ပါနဲ့လို့ ပြောရတာမျိုးလဲ၊ နားဝင်အောင်၊ ကိုယ့် ကိုသနားအောင်၊ ချစ်အောင်ပြောတတ်ရမယ့်ပညာတွေကို မိန်းမတွေရဲ့ တတ်မြောက်ရပါမယ်။ နောက်ဆုံး ကိုယ် ပြောတာကို နားမထောင်ခဲ့ဘူးဆိုရင်တော့ ကိုယ်စိတ်ပြတ် ရင်ထမ်းပြီ၊ စိတ်ပြတ်ရင် လျှစ်လျူရှုထားလိုက်တာ အကောင်းဆုံးပဲ။

❑



## အမေးအဖြေ (၃၇)

**Q တစ်စုံတစ်ယောက်ကိုလွမ်းဆွတ်ခြင်းကိုခံစားရတာ "ချစ်ခြင်း" လို့ ယူဆလို့ရပါသလား။**

A ယူဆလို့ရပါတယ်။ ကိုယ်ပိုင်တဲ့စိတ်ထဲ၊ အာရုံထဲကို ဝင်ရောက်စိုးမိုးလာပြီဆိုကတည်းက အချစ်ရဲ့အစလို့ သတ်မှတ်လို့ရတယ်လေ။ ပြီးတော့ အချိန်တွေကိုပဲပေးရတယ်။ ကိုယ်မှာရှိသမျှလွတ်လပ်ခွင့်တွေ၊ အချိန်တွေ စသဖြင့် ချစ်သူအတွက် ပေးဆပ်ကြရတယ်။ အဲဒါလွမ်းဆိုမှုပဲပေါ့။ တကယ်တော့ လွမ်းဆိုးသွားတယ်ဆိုတာ ကျဉ်းကျပ်မှုတစ်ခု ပါပဲ။ ဘယ်အရာမဆို ကိုယ့်စိတ်နဲ့ကိုယ့်ကို ဖန်တီးခွင့်မရ တော့တာတော့ အမှန်ပဲ။ ဒါကြောင့် တချို့က ချစ်သူရှိခဲ့ရင် အိမ်ထောင်ပြုခဲ့ရင် လွတ်လပ်မှုတွေဆုံးရှုံးတယ်လို့ ဆိုကြ တယ်။

**Q တချို့အချို့သမီးတွေကို ဘဝတစ်နေ့လုံးကို လင်ယောကျ်ားအတွက်ပဲ ပေးဆပ်လိုက်ကြတာ ဘာကြောင့်ပါလဲ။**

A တကယ်တော့ လူဆိုတာ သူ့အကြောင်းနဲ့သူပါ။ ကိုယ့်ခံစားချက်ကို နားလည်ပေးနိုင်တဲ့သူတွေရှိသလို၊ ကိုယ့်ကို အမြဲမြင် အမြဲတင်တဲ့သူတွေလည်းရှိတယ်။ ဘာကြောင့် သူ့ဘဝကိုမြှုပ်နှံထားသလဲ၊ ဘာကြောင့် ပေးဆပ်ထားသလဲဆိုတာကို မသိဘဲနဲ့ ရမ်းပြောသင့်ဘူးလေ။ အမှန်မှာတော့ အိမ်ထောင်ရှင်မိန်းမသားဆိုတာ ကိုယ့်လင်ကိုယ့်သားသမီးအတွက် အချိန်ပေးရတာ၊ ပေးဆပ်နေရတာဟာ ဂုဏ်ယူစရာကောင်းပါတယ်။

**Q ခရီးသွားရင်း တွေ့ခဲ့ ရခဲ့တဲ့ချစ်သူဟာ ခိုင်မြဲမှုရှိ သိပါရစေ။**

A နှစ်ဦးစာရှာလည်ဆိုသလိုပါပဲ။ ခရီးသွားရင်း အကြည့်ချင်းဆုံလို့ ချစ်သူဖြစ်ကြတာဟာ များသောအားဖြင့် မခိုင်မြဲဘူးလို့ပြောကြတယ်။ ဒါဖြင့် အစဲအစုနဲ့ပြီး ချစ်သူတွေဖြစ်ခဲ့ပြီးမှ မခိုင်မြဲတာကိုရော ဘာပြောဦးမလဲ။ ကံတရားတွေရယ်၊ စိတ်ဓာတ်တွေရယ်က အရေးကြီးတယ်။ စိတ်ဓာတ်ခိုင်မာတည်ကြည်ပေမယ့် ကံတရားက မျက်နှာသာမပေးခဲ့ဘူးဆိုရင်လည်း ချစ်ရက်နဲ့ဝေးခဲ့ရတဲ့သူတွေလည်း ရှိတတ်ကြတာပဲပေါ့။

**Q ဝမ်းနည်းစရာ နာကြည်းစရာတွေခံစားလာရတဲ့အခါ ငိုချပစ်လိုက်ရင် ပေါ့သွားတယ်ဆိုတာ ဟုတ်ပါသလား။**

A ကျွန်မအမြင်ကတော့ ဟုတ်တယ်လို့ဆိုရမှာပဲ။ တစ်စုံတစ်ခုကို မကျေနပ်လို့ အဓိက ကိုယ့်ချစ်သူ (လင်ယောကျ်ား)အပေါ် မကျေနပ်လို့ ပြောခွင့်လည်းမရတဲ့ ကျိတ်

ခံစားရတာတွေများလာတဲ့အခါ တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်ရင်ပဲဖြစ်ဖြစ်၊ အားရပါးရငိုပစ်လိုက်တာပဲ ဖြစ်ဖြစ်၊ တစ်ခုခုက စိတ်ကိုအနည်းငယ်ပေါ့သွားစေတယ်။ တစ်ခါတလေ မိန်းမတွေဟာ တမင်စိတ်ကိုတင်းပြီး မျက်ရည်မကျစေအောင် ထိန်းထားတာမျိုးတွေဖြစ်တတ်တယ်။

Q **လူတစ်ယောက်အပေါ် အချစ်ကြီးမချစ်အောင် သံယောဇဉ်မတွယ်မိအောင်** ဘယ်လိုလုပ်ရမလဲ။

A မှန်ပါတယ်။ အချစ်ကြီးတော့ ခံစားရတယ်၊ သံယောဇဉ်တွယ်တော့ ပူပင်ရတယ်။ အချိန်ဆိုတာဟာ ကြည်နူးရတဲ့အချိန်ကနည်းသလောက် စိုးရိမ်ပူပန်နေရတဲ့ အချိန်က ပိုများနေတတ်တယ်။ နည်းလမ်းတွေကတော့ ရှိတာပေါ့။ ဒါပေမယ့် အဲဒီနည်းလမ်းတွေက တစ်ခါတစ်ရံ ကိုယ့်ခံစားချက်ကြီးကို တမင်ဖိတ်ပြီးအကျဉ်းချထားသလို ဖြစ်မနေဘူးလား။ ကိုယ်ကိုယ်တိုင်က သံယောဇဉ်ကြီးမားတတ်၊ အချစ်ကြီးတတ်တဲ့အတွက် အဲဒီမေးခွန်းရဲ့အဖြေကို ပြောမပြတတ်ဘူးဖြစ်နေတယ်။

❑



## အမေးအဖြေ (၃၈)

**Q အချစ်ရဲ့မှောင်ရိပ်ခြင်းဟာ ဒွန်တွဲလျက်ရှိတယ်ဆိုတဲ့ စကားကို လက်ခံလို့ရပါသလား**

A မှောင်ရိပ်ခြင်းဆိုတာ သဝန်တိုခြင်းတစ်မျိုးပဲပေါ့။ ဆန့်ကျင်ဘက်လိင်နဲ့ပတ်သက်ရင် ဘယ်အကြောင်းအရာမဆို မှောင်ရိပ်ခြင်းမယ်၊ သဝန်တိုမယ်၊ ကိုယ့်ကိုယ်ပိုင်ဆိုင်မှုအဖြစ် ချုပ်ကိုင်ထားချင်တာပေါ့နော်။ မိန်းကလေးတစ်ယောက်ဟာ တခြားယောကျ်ားလေးနဲ့ စိတ်ကောင်းနဲ့ချစ်ကြည်မယ်၊ ဥပမာ သူ့ရဲ့ ဘာဝတ်ဝတ် ဘာစားစား ကျေနပ်မှာဘူး။ အကောင်းမြင်တတ်တယ်ပေါ့။ ဒါပေမယ့် ကိုယ့်ချစ်သူက တခြားမိန်းကလေးရဲ့ကောင်းကွက်ကို ချီးကျူးနေမယ်၊ လှတာကို ငေးနေမယ်ဆိုရင်တော့ လုံးဝကိုသည်းမခံနိုင်ပါဘူး အဲဒီလိုပါပဲ။ ယောက်ျားလေးတွေကလည်း သူတို့အပေါ်မှာ

ပဲ အာရုံထားနေချင်ကြတယ်။

**Q အချစ်ဟာ မျက်ကန်းနဲ့တူတယ်လို့ပဲဆိုတာဘာကြောင့်ပါလဲ။**

A အချစ်မှာ မျက်စိမပါဘူးလို့ ဆိုကြတယ်မဟုတ်လား။ သူ့ရဲ့အပြစ်၊ သူ့ရဲ့အားနည်းချက်တွေကို ဘာဆိုဘာမှကို မမြင်တော့ဘူး။ ချစ်သွားတော့ကိုပြောတာ။ မိန်းမတွေက ပိုလို့တောင်ဆိုးပါသေးတယ်။ ချစ်ပြီဆိုရင် ဘာမှကို လှည့်မကြည့်တော့ဘဲ ရှေ့ကိုတိုးကြတာ။ ဘယ်လောက် လောကဲ့သတ္တိတွေမှန်းလည်းမသိဘူး။ နောက်တစ်မျိုးက အချစ်ဆိုတာ မြင်လို့ရတဲ့အရာမဟုတ်တဲ့ ခံစားချက်တစ်ခု လေ။ အဲဒီတော့ အချစ်ကိုမျက်ကန်းနဲ့နှိုင်းတာ မထူး ဆန်းပါဘူး။

**Q တချို့ အသက်အရွယ်ကရောက်နေပြီ၊ အချစ်ကို နားမလည်သေးပါဘူး။ မတွေ့သေးပါဘူးလို့ ဘာကြောင့် ပြောကြတာပါလဲ။**

A ဒါကတော့ဖြစ်နိုင်ပါတယ်။ ရည်းစားထားတိုင်း ရည်းစားရ တိုင်းလည်း အချစ်ကိုတွေ့ပြီလို့မဆိုနိုင်ဘူးလေ။ အခုခေတ် ဆို Fancy လေ့အရ Bit Boy Friend, Girl Friend တွေ ထားကြတယ်။ ပျော်စရာလေးတွေ လုပ်ကြတာလောက်ရှိပဲ ပြီး ကြတာလေ။ နှလုံးသားက ဘာခံစားမှုမှမရှိကြတာ။ အချစ်ဆိုတာတကယ်တစ်မျိုးလေးပေါ့၊ လှုပ်လှုပ်ရှားရှား လေးနက် ကြည်နူးစရာကောင်းတဲ့ ခံစားချက်လေးပေါ့။ စိုးရိမ် ပူပန်စိတ်လေးတွေလည်း ပြည့်နှက်လို့နေပြီလေ။

**Q ငြိမ်းချမ်းတဲ့ မိသားစုဘဝတည်ဆောက်နိုင်ဖို့အတွက် သားသမီးရှိဖို့လိုမယ်ဆိုတာ ဟုတ်ပါသလား။**

A တစ်စိတ်တစ်ဒေသတော့ မှန်ပါတယ်။ ရှေးလူကြီး ပြောကြတာပေါ့။ သားသမီးဆိုတာ အိမ်ရဲ့ဆည်လက်သံလေး

တွေလေ၊ ငါ့မှာတဲ့သားသမီးရှိရင်တော့ ကံကောင်းတာပဲ သလို "သားက အသမြန်တဲ့ ခါးမြတ်ခဲ့ရင် သမီးက ငါးမြတ်တဲ့ မိမြတ်ခဲ့ရင်" မိဘအမေရဲ့ ခံစားရတာတွေနဲ့ပါ၊ အရင်ကြီး ဆိုဖြစ်လောင် ငါ့မှာမရှိမလိုဘူး၊ မိဘရဲ့စကားလေးတွေကို အရေးကြီးလောက်ရပါပြီ၊ တချို့က သားသမီးရှိတဲ့ သူတို့ဟာလူတို့ ပြစ်ချမ်းပါတယ်၊ ဒါတွေက ကံတရားရဲ့ဆိုရပါတယ်၊ လူ့ဘဝဆိုတာ ပြစ်ချမ်းခြင်းတွေအပြည့်နဲ့ တည်ဆောက်ထားတာပဲ မဟုတ်လား၊

Q **စာရိတ်ဆသားတရှင်းတွေတဲ့လူရှင်း လက်ထဲရှိရင် ဘိုး အကြိုက်နိုင်တယ်ဆိုရှင်၊ အဲဒါဟုတ်ပါသလား၊**

A အင်း ... ဘယ်လိုပြောရမလဲ၊ စာရိတ်ရဲ့သဘာဝက ကျဲပြားလေးတယ်၊ စာရိတ်ဆိုတာက နှုတ်ကြမ်းတာ၊ ရုံကင်းတာ၊ ပြောလွယ်တတ်တာ၊ စိတ်ကောင်းရှိတာ၊ အကောင်းမြင်တတ်ချိုးတွေပေါ့၊ သဘာဝကတော့ အကြိုက်ချင်းတူတာချိုးပေါ့၊ အတာကတ်တာ၊ အလုပ်မကြိုက်တာ၊ အနုပညာဝါသနာပါတာမျိုးတွေပေါ့၊ အဲဒီစာရိတ်ရဲ့ သဘာဝက တူညီရိုတ်ာ၊ အမှုအကျင့်စာရိတ်၊ သဘောသဘာဝတူညီတယ်ရှိဆိုတာက ရှာနိုင်ဖို့ပြည့်စုံတာမရှိဘူး၊ တစ်ဝက် လောက်ရှိပါတွေကြရင် လက်ထဲခွဲရမှာပါပြီ၊

❑



## အမေးအဖြေ (၃၉)

Q **အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ဖို့အတွက် မိန်းမ ပီသရမယ်ဆိုတာ ဟုတ်ပါသလား။**

A မိန်းမပီသဖို့ဆိုတဲ့ အထဲမှာသတ်မှတ်ချက်တွေ အများကြီးပဲ။ ပြီးတော့ အခေါ်ခံရုံပဲလို့သာဆိုနိုင်တယ်။ မိန်းမပီသဖို့ဆိုတာ အဓိက အပင်ပန်းခံနိုင်ဖို့လိုပါတယ်။ ဟင်းချက်ကောင်းရမယ်။ လျှော်ဖွတ်၊ မီးပူတိုက်တာ ကျွမ်းကျင်ရမယ်။ အချုပ်အလုပ်တတ်ရမယ်။ လင်ယောကျ်ား သားသမီးကို ပြုစုတတ်ရမယ်။ နုတ်ဝင်အောင်ပြောဆိုတတ် ရမယ်။ ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်အောင် နေထိုင်နိုင်ရ မယ် စသဖြင့် အများကြီးပဲ။ ဒါမျိုးဆို သားသမီးတွေကို ရွေးမွေးပေးနိုင်မှ မိန်းမကောင်း၊ မိန်းမပြတ်၊ အိမ်ရှင်မ ကောင်းလို့ ဆိုတတ်ကြပါသေးတယ်။ ဒါကတော့ ရှေးကလေး

ပေါ့နော်။

Q **တချို့ယောက်ျားတွေက တကယ်မချစ်ဘဲနဲ့ ချစ်ပါတယ်လို့ လိမ်ညာပြောရတာ ဘာကြောင့်ပါလဲ။**

A အစကတည်းက ဒီမိန်းကလေးတစ်ယောက်အပေါ်မှာ ရည်ရွယ်ချက်မရှိလို့ပေါ့။ ဥပမာ လှလို့ ကြိုက်လိုက်တာ အနှစ်မပါဘူး၊ ခံစားချက်မပါဘူး၊ အီသာပါတယ်။ ကိုယ့်အပေါ် တကယ်ချစ်မချစ်ဆိုတာ (၁)လ (၂)လအတွင်းသိနိုင်တာပဲ။ မိန်းကလေးဘက်က ဘယ်သူ့အပေါ်မဆို အရွဲ့အဝန်းအကြီးအကျယ်မထားမိပါစေနဲ့။ ကိုယ်က နာစရာရှိရင် နာမယ့်လူလေ။ ကိုယ့်အပေါ်တကယ်ချစ်တဲ့လူ၊ တကယ်ကောင်းတဲ့လူအတွက် ပေးဆပ်လိုက်ရတာတန်တယ်။ အစကတည်းက ကိုယ့်ရဲ့အချစ်ကိုတန်ဖိုးမထားတဲ့လူအတွက် ကိုယ့်ဘက်ကအကျော့မပေးလိုက်မိဖို့ အရေးကြီးတယ်။

Q **မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်ဟာ မနက်မိုးလင်းလင်းချင်း တွေ့ရတဲ့အချိန်ဆိုတဲ့စကားအပေါ်မှာ** ဘယ်လိုထင်မြင်ယူဆပါသလဲ။

A ဒါက တင်စားမှုတစ်မျိုးလို့ထင်ပါတယ်။ ကဗျာဆန်တယ်ပေါ့နော်။ ရုပ်ရှင်ထဲမှာတော့ ဟုတ်တာပေါ့။ ဝတ္ထုထဲမှာတော့ ဖတ်လို့ကောင်းတာပေါ့။ အပြင်မှာဆိုရင်တော့ စဉ်းစားကြည့်စမ်း။ ဘယ်လိုလုပ်လှနိုင်မလဲ။ 'အလှဆုံးအချိန်'လို့ဆိုတာ သာတောင်မဟုတ်သေးတယ်။ ဆံပင်ရှုတ်ပွ၊ မျက်နှာခြောင်ကြီးနဲ့ ကျက်သရေတောင်ရှိမှာမဟုတ်ဘူး။ လှဆိုတာ အလှပ်ကောင်းရှိပ်ဆောင်နေရတာမဟုတ်ဘူးလေ။ အနည်းဆုံးသပ်သပ်ရပ်ရပ်လေးတော့ ရှိနေဦးမှလေ။

Q **ဒါဆို မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်ဟာ**

**ဘယ်အချိန်ဖြစ်နိုင်မလဲ။**

A မိန်းမဆိုတာ ယောကျ်ားတွေအတွက်၊ ချစ်သူအတွက် အလှပြသက်သက်ဖြစ်ချင်ကြတာ။ ဘယ်သူက ဘာပြောပြော ကိုယ့်ချစ်သူက "လှလိုက်တာ" လို့ပြောတာကို ပဲခံချင်ကြတယ်။ အမျိုးမျိုးပြောကြတာပေါ့။ မင်္ဂလာဆောင်နေတဲ့အချိန်၊ ဆွဲယူရတဲ့အချိန်တွေက အလှဆုံးအချိန်လို့ ပြောကြတယ်။ ကျွန်မအယူအဆကတော့ ကိုယ့်ရဲ့ခင်ပွန်း၊ သားသမီးတွေ အောင်မြင်မှုတစ်ခုခုရတဲ့အခါ ဝမ်းသာကြည်နူးလွန်းလို့ ပြုံးနေတဲ့အပြုံးဟာအလှဆုံးအချိန်လို့ ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်တွေ အများကြီးရှိကြမှာပါ။ ပိုင်ဆိုင်ဖို့အတွက်လည်း ကြိုးစားကြတဲ့မိန်းမတွေများပါပဲ။

Q **အလှဆုံးအချိန်ရှိသလို၊ အကျည်းတန်ဆုံးအချိန်ဆိုတာလည်း ရှိမှာပေါ့နော်။ အဲဒါကရော။**

A လှဆိုတာ ဝေါ်သာတွက်နေရင် အကျည်းတန်ဆုံးပါပဲ။ မျက်နှာချင်းကို ပြည်မရှုတာနေရင် ကြည့်ကြည့်သာသာမရှိတော့ဘူး။ စိတ်တွေကိုချုံးနှိမ်မထားရင် အလှတွေ၊ ဝေါ်သတွေ၊ မာနတွေနဲ့ပြည့်ပြီး အလိုလိုနေရင်းကို ညစ်နွမ်းသွားရော၊ ဝေါ်သမတွက်တဲ့သူမရှိတဲ့အတွက် အကျည်းတန်စေတာပါပဲ။ အကောင်းဆုံး ခွန်ထွဲနေတဲ့လောကကြီးမှာ အကျည်းတန်ဆုံးအချိန်တွေ လျော့ပါးသွားဖို့အတွက် ကြိုးစားကြရမှာပါ။

❑



## အမေးအဖြေ (၄၀)

Q ကိုယ့်အပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့ (ရိုက်နှက်သတ်ပုတ်တာ) လင်ယောက်ျားအပေါ် ဆက်လက် ပေါင်းသင်းနေတဲ့ မိန်းမတွေဟာဘာကြောင့် ပေါင်းသင်းနေရတာပါသလဲ။

A တချို့အကျိုးအစေးတာနေလို့၊ တချို့ သားသမီးကြောင့်၊ တချို့က စီးပွားရေးတကာတွေကြောင့်၊ တချို့ မိန်းမတွေကလည်း အချစ်ကြောင့်ပေါ့။ တရားနဲ့သာကြည့်ရင်တော့ သံသရာဝဋ်ကြွေးတွေပေးဆပ်ရတာကြောင့်လို့ ပြောလို့ရတာပေါ့။ တချို့ကျတော့လည်း ကိုယ်ကလမ်းခွဲချင်စိတ်ရှိသော်ငြားလည်း သံသရာရေစက် ကျန်တော့ ပေါင်းနေရတာပဲပေါ့။

Q မိန်းမတွေက ယောက်ျားတွေအပေါ် အဲဒီလိုရိုက်နှက်

**တချို့ကတော့ ဘယ်လိုအကြောင်းကြောင့် ယောက်ျားမရ မရှိဘဲ လက်တွဲနေရတာလဲ။**

A ဒီမေးခွန်းကျွန်မမှာပါလာတဲ့ ဝန်ကြောင်း၊ ပြီးတော့ ဘာသာတရားကိုးကွယ်တဲ့ဆင်းမှုကြီး (၁၀)ပါးကို နာမည်ကြည့် တဲ့ မိန်းမတွေကြောင့် ဖြစ်ပျက်နေရတာပါ။ အဓိက ကတော့ လွှင်တိုက်ရတဲ့သူ၊ အနိုင်ကျင့်ခံရမှု များသောအားဖြင့် စိတ် ကြမ်း လူကြမ်း ရော်ကြမ်းတဲ့အမျိုးသမီးတွေ ဖြစ်တတ်ပါ တယ်။

Q **ရှည်စောတာကျွေးကြီးသောအခါမှ အိမ်ထောင်ပြုလိုက်တဲ့ မိန်းမတစ်ယောက်အနေနဲ့ သူတို့အိမ်ထောင်ရေးမှာ ပျော်တော့ တွေ့ဖြစ်တတ်နိုင်စရာအကြောင်းရှိပါသလား။**

A တချို့ယောက်ျားတွေဟာ မိန်းမတွေထက် ပိုတော တတ်ပါတယ်။ ခန့်ရေးလေး ထိုက်ဆိုင်မှုရှိတိုင်း ဒါကိုပဲ ထပ်ကာထပ်ကာပြောနေတတ်တယ်။ ကိုယ်က မဟုတ်မလုပ်ဖဲ့ ပေမယ့် သူတို့ဖိတ်ထဲကအမျိုးထင်နေမှာပဲလေ။ အဲဒီအချိန် ကတော့ ယောက်ျားတွေဟာ သဝန်တိုတာတော့ အမှန်ပဲ။

Q **အိမ်ထောင်တစ်ခုမှာ လွှမ်းမိုးမှုတွေရှိတတ်စမြဲပဲ လား။** အဲဒီလွှမ်းမိုးမှုဟာ ဘယ်လောက်အတိုင်းအတာထိ အရေးပါသလဲ။

A လွှမ်းမိုးတယ်ဆိုတာ အမျိုးသားကလွှမ်းမိုးတာလား၊ အမျိုးသမီးကလွှမ်းမိုး ချုပ်ကိုင်တာလားလား၊ အဓိကကြောက် တိုပြောရရင်တော့ အိမ်ထောင်ရေးတစ်ခုမှာ အိမ်ထောင်ဦးစီး ဖြစ်တဲ့ယောက်ျားရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိတာညီတာပဲ ကောင်းပါတယ်။ သားသမီးအရေးနဲ့လည်း မေအရဲ့ ဩဇာ သက်ရောက်မှုအောက်မှာ နေရတာအကောင်းဆုံးပါပဲ။ ဒါပေမယ့် အဲဒီလိုလွှမ်းမိုးမှုရှိတဲ့နေရာမှာလည်း အဲဒီ

ကိုးကြောင်းပေါ် တင်းကြပ်လွန်းရင်တော့ မကောင်းဘူးပေါ့။ နွေးထွေးတဲ့လွှမ်းမိုးမှုမျိုးဖြစ်ရပါမယ်။

Q **မိန်းမဖြစ်သူရဲ့လွှမ်းမိုးမှုကြောင့်ရော ဘယ်လိုဆိုးကျိုး တွေရှိနိုင်မလဲ။**

A ဆိုးကျိုးဖြစ်တယ်လို့တော့ မပြောလို့ရပါဘူး။ တစ်ခု ရှိတာကတော့ ကိုယ့်ရဲ့အိမ်ထောင်ဦးစီးအနေနဲ့ လုပ်ပိုင်ခွင့် ဆုံးရှုံးတာပေါ့။ သူ့ဇနီးရဲ့သူမရှာတတ်တဲ့ ဝင်ငွေထက်ရဲ့ အလုပ်ကိစ္စတိုင်းကို ဝင်အကြံပေးတာမျိုးတဲ့နဲ့ နေရာ တကာဝင်ဆရာလုပ်နေမယ်၊ ငွေကြေးကိုတစ်ပေသာက် တည်း ချုပ်ကိုင်ပြီးခွဲခြားနေမယ်။ ရှိရှိသမျှကိစ္စတိုင်းကို ဝင်ပြီးခြယ်လှယ်နေတာတွေဟာ ယောက်ျားကျင့်မြင်လို့တည်း မကောင်းဘူး။ ကိုယ့်ရဲ့ဝင်ငွေထက်ကိုလည်း လျှော့ပြီး ရှင်ရှိသေမရှိတော့ဘူးပေါ့။ တကယ်တော့ အိမ်ထောင်ရှင် မိန်းမတွေဟာ သားသမီးအပေါ်မှာပဲ ကြီးလွှမ်းမိုးတာ ကောင်းပါတယ်။ လွှမ်းမိုးတယ်ဆိုတဲ့နေရာမှာလည်း ခုနက ပြောသလိုပေါ့ နွေးထွေးချစ်ခင်မှုတွေပါရမယ်။

❑



အမေးအဖြေ (၄၁)

**Q ယောက်ျားအများစုဟာ အလှကြိုက်ကြတဲ့သူ ချည်းပါပဲ။ အဲဒီအတွက် မိန်းမတွေဟာအလှပြင်တာ သူတို့အတွက် သီးသန့်ဖြစ်နေတာများလား။**

A အများစုကတော့ ဖြစ်နိုင်ပါတယ်။ ဆန့်ကျင်ဘက်လိင်ကိုဆွဲဆောင်ဖို့အတွက် အလှအပကလည်း တစ်ခန်းတစ်ကဏ္ဍပါဝင်နေပြန်တယ်လေ။ ဖြတ်ခနဲကြည့်လိုက်လို့ ရင်ကိုအေးမြသွားစေတဲ့အလှကတော့ ပိုပြီးထူးခြားတာပေါ့။ တချို့အမျိုးသမီးတွေကတော့ ပင်ကိုယ်ကလှချင်စိတ်ရှိလို့ ပြင်ဆင်တာ။ တချို့ကျတော့ ဆန့်ကျင်ဘက်ကို ဆွဲဆောင်ဖို့အတွက် အလှပြင်တာမျိုး။ ကွဲပြားသေးတယ်လေ။ ဘာပဲပြောပြော ယောက်ျားအများစု အလှကြိုက်တာကတော့ ငြင်းမရအောင်သေချာတယ်။

Q **အချစ်၊ မေတ္တာတွေဟာ တန်ပြန်မှုရှိတယ်ဆိုတာ တကယ်ပဲလား။ ယုံကြည်မှုရှိလို့ရပါ့မလား။**

A စစ်မှန်တဲ့ အချစ်၊ မေတ္တာတွေဟာ တန်ပြန်မှု တကယ်ပဲရှိတတ်ပါတယ်။ အချိန်အနေးအမြန်ကတော့ စောင့်ရတာပေါ့နော်။ ကိုယ့်ရဲ့ သစ္စာ၊ စေတနာ၊ မေတ္တာတွေ ဟာ မှန်ကန်ခဲ့ရင် အဲဒီလူဆီက ကိုယ်ရချင်တဲ့ အရာကိုပြန်ရ ရှိတာပါပဲ။ ကိုယ့်အပေါ် အထင်လွဲအမြင်စောင်းနေဦးတော့ ကိုယ့်ရဲ့သစ္စာရဲ့ မေတ္တာစေတနာတွေဟာ မပြောင်းလဲခဲ့ရင် တစ်နေ့ ကိုယ်လိုချင်တဲ့အရာကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရမှာ ပါ။ မေတ္တာရဲ့သစ္စာရဲ့စွမ်းအားဟာ ဘယ်လောက်ထိ အင်အားကြီးမားသလဲဆိုတာ သိပါလိမ့်မယ်။

Q **ချစ်ပန်းဆောင်ပြီးလိမ်ညာသွားတဲ့ ယောကျ်ားတွေ အတွက် သူတို့ကော တန်ပြန်ခံရခြင်းကို ရပါ့မလား။**

A ဝဋ်ဆိုတာရှိတယ်လေ။ ဒီဘဝမခံရရင်တောင် နောက်ဘဝခံရမှာပဲ။ ဘဝပျက်အောင် ဖျက်ဆီးသွားတဲ့ သူတွေကတော့ ပြောစရာတောင်မလိုတော့ဘူးထင်ပါ တယ်။ ချစ်ပန်းဆောင်တဲ့နေရာမှာ ကာယကံရှင်မိန်းကလေး ဘက်ကလည်း အကင်းပါးပြီးရှောင်ရှားတတ်ရင် ဘယ်လို အမျိုး၊ ယောကျ်ားကိုမှ ရင်ဆိုင်စရာရှိမှာ မဟုတ်ဘူး လေ။ လူလိမ်ဆိုတာ တစ်နေ့မဟုတ်တစ်နေ့၊ တစ်နေရာ မဟုတ်တစ်နေရာ ပွဲချော်သွားတာရှိတတ်ကြမှာပဲ။ အဲဒီ အချက်တွေကိုစုစည်းပြီး သုံးသပ်တတ်ရင် အလိမ်ခံရတာ နည်းနည်းသက်သာမယ်လို့ အစ်မထင်တယ်။

Q **ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်ရေးတစ်ခုရဖို့ အတွက်အရေးပါတဲ့အချက်များရှိခဲ့ရင် သိချင်ပါတယ်။**

A ပြဿနာတစ်ခု ဖြစ်လာခဲ့ရင် နှစ်ဦးစလုံးတကြိမ်တည်း

စိတ်မဆိုးမိဖို့ပြောစရာအပြစ်တင်စရာရှိခဲ့ရင် ချိုသာစွာနားဝင်အောင်ပြောတတ်ဖို့ တစ်ရေးတစ်ခါလောက်ဖြစ်ဖြစ်ယုယကြင်နာတဲ့အပြုအမူလေးတွေ၊ စကားလေးတွေပြုတတ်ဖို့တွေက အဓိကအချက်တွေပဲပေါ့။ ပြီးတော့ ကျန်သေးတယ်။ ပြီးခဲ့တဲ့ အတိတ်အမှားတွေကို ပြန်ပြန်မပြောမိစေဖို့ပဲ။

Q **အဲဒီနည်းလမ်းအတိုင်း၊ လက်ခံကျင့်သုံးနိုင်ရင် တကယ်ပဲပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်ရေးမျိုးကို လျှောက်လှမ်းနိုင်ပြီလား**

A သေချာပေါ့လေ။ အဲဒီအတိုင်း ကျင့်သုံးနိုင်ရင် ဘာများလိုအပ်သေးလို့လဲ။ စီးပွားရေးကလည်း အထောက်အပံ့အဆင်ပြေမယ်၊ သားသမီးကလည်း စိတ်မပူရအောင် ညီမမဆိုးဘူးဆိုရင်ပြီးပြီပေါ့။ အရေးကြီးဆုံး အဓိကအချက်ကတော့ ပျော်ရွှင်ချမ်းမြေ့တဲ့အိမ်ထောင်ရေးမှာ "ချစ်သူတစ်ဦးတည်း"ကို အကြိမ်ကြိမ်ချစ်မိနေဖို့ပါပဲ။

❑



## အမေးအဖြေ (၄၂)

**Q ချစ်သူဆိုတာ၊ အကြင်လင်မယားဆိုတာ အမြဲတမ်း ကြည်ကြည်နူးနူးစကားလေးတွေနဲ့ ယုယုယယနေမယ်ဆို ရင် အချစ်က ပိုခိုင်မြဲစေပါသလား။**

A အချစ်ကို ခိုင်မြဲဖို့ဆိုတဲ့နေရာမှာ ကြည်နူးတဲ့စကား တွေ၊ ယုယတဲ့အပြုအမူတွေဟာ တစ်စိတ်တစ်ပိုင်းပါဝင် တာတော့ သေချာပါတယ်။ ဒါပေမယ့် လူ့ရဲ့စိတ်ဟာ ကြည်လင်မှုရှိနေမှ အကောင်းဆုံးစိတ်ချမ်းသာစရာလေးတွေ ရှိနေမှ ဒီလိုကြည်နူးတဲ့စကား၊ ယုယတဲ့အပြုအမူတွေ ပေါ်နိုင်မှာပါ။ ကိုယ့်ရဲ့စိတ်ဟာ အကောင်းဆုံး ကြည်လင်နေ ရင် ကိုယ်နှင့်သက်ဆိုင်တဲ့သူတွေကလည်း အဆင်ပြေနေမယ် လေ။ ကိုယ့်ရဲ့စိတ်ဟာ အကောင်းဆုံးကြည်လင်နေရင် ကိုယ်နှင့်သက်ဆိုင်တဲ့သူတွေကလည်း အဆင်ပြေနေမယ်

ပြကာသဘောလေ

လေ။ တချို့ကျတော့လည်း ကိုယ်စိတ်မကြည်လည်း တစ်ဖက်သားချစ်လှအပေါ် အတော်နိုင်ခဲ့ပြီးပြီ ဟန်ဆောင် ကောင်းနေချင်ပြုနေတာနိုင်ကြပါတယ်။ အဲဒီလိုမိန်းမသားရဲ့ အဖြစ်ကတော့ ဆေးဆိုင်မှုတွေနဲ့သာကို ရှင်သန်နေရတဲ့ ဖြစ်ပါလိမ့်မယ်။

Q **ကိုယ့်ချစ်သူကောင်းကောင်းကိုအတွက်ဆိုရင် နှစ်တာအေး ချင်တဲ့စိတ်ရဲ့ အဓိကလောနေချစ်တတ်ဆောင် ကြိုးစားတဲ့သူမျိုး ကို ဘယ်လိုထင်မြင်ချက်ပေးပါသလဲ။**

A ထင်မြင်ချက်၊ ဝေဖန်ချက်ဟာ တစ်ဖက်သားရဲ့ အကြောင်းကိုအစုံအလင်မသိဘဲနဲ့ ပြောလို့မရပါဘူး။ လူတွေဟာ စိတ်တွေ၊ ရုပ်တွေ၊ ဟာကသာနတွေ မတူညီကြ သလို ချစ်ကြတဲ့အချစ် အသဲနှလုံးချင်းလည်း ကွဲပြားကြပါ တယ်။ တချို့ကတော့ တကယ့်စိတ်ရင်းနဲ့ နှစ်တာပြီး နှစ်လှတတ်လိုက်တာမျိုး၊ တချို့ကတော့ နာလည်ကောင်း ဝင်ခိုင်းအတွက် ပေါ်ပြူလာဖြစ်လှပ်တာမျိုးတွေရှိတတ်တာ ပေါ့။ သေချာတာကတော့ မိချစ်သူတစ်ယောက်ကို နှစ်လှတ် ပြီး အသဲကွဲတယ်ဆိုတာ ဘယ်အချိန်ထိများရှိနိုင်မှာမို့လဲ။ နောက်ထပ်ချစ်သူတစ်ယောက် ထပ်တွေ့ခဲ့ရင် ကိုယ့်အနား မှာ စောမပေးသူရှိနေခဲ့ရင် အချိန်တန်ပြီးသွားမှာပဲ။ ကိုယ့် အနားမှာ တစ်စုံတစ်ယောက် အစားထိုးဝင်မရောက်သေးခင် တော့ ခံစားနေဦးမှာပဲ။ အစားထိုးရောက်ရှိနေခဲ့ရင်တော့ ခံစားချက်ဆိုတာ ပေလာဖြစ်သွားရော။

Q **ကိုယ့်အပေါ် ဆက်ဆံရေးတွေကျဲသွားတဲ့ ချစ်သူကို ဘယ်လိုနားလည်မှုတွေရှိရမလဲ။**

A ဆက်ဆံရေးကျဲသွားတဲ့အကြောင်းအရင်းကို အရင် ရှာဖွေရမယ်။ သူ့မှာ ဘယ်လိုအကြောင်းပြဿနာတွေ

ရှိနေခဲ့ရင် သူပြောတဲ့စကား၊ အပြုအမူတွေဟာဘယ်လိုမှ အဆင်မပြေမှာကို မတွေ့တော့ဘူး၊ အထူးသဖြင့် မျက်နှာ အနေအထားလည်း ကြည်လင်တော့ဘူး။ သူကတော့ တခြားလူအပေါ် စိတ်တိုမိသွားလို့ ကိုယ့်အပေါ် ဆက်ဆံရေး ပြောင်းသွားခဲ့ရင်တော့ အဲဒီအကြောင်းတစ်ခုတစ်ရာကို စုံစမ်းပြီး သူ့အပေါ် နားလည်မှုတွေပေးပြီး ညှိနှိုင်းရပါ တယ်။


Q **မိန်းမအပေါ် အရမ်းချစ်ပြီး အလိုလိုက်လွန်းတဲ့ ယောက်ျားတွေဟာ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုကို ခံရတယ်ဆို တာ ဟုတ်ပါသလား။**

A ကဲ့ရဲ့တယ်ဆိုတာ ယောက်ျားတွေလား၊ မိန်းမတွေ လား၊ မိန်းမအများစုကတော့ ဒီအမျိုးသမီးက ယောက်ျားရဲ့ အချစ်၊ ယုယမှုတွေကိုရတယ်ဆိုပြီး အားကျမှာပေါ့။ ယောက်ျားတွေဘက်ကတော့ ဒီကောင်ညံ့တယ်ဆိုပြီး ဟား တိုက်ကြမှာပေါ့။ ပြီးတော့ အဲဒီမိန်းမကို မျက်မုန်းကျိုးမယ်။ ဒီတော့ ဒီမိန်းမ ပညာတတ်ဖို့လိုတယ်။ ကိုယ့်ရဲ့ချစ်သူလင် ယောက်ျားဟာ လူများရှေ့မှာ အထူးသဖြင့် ယောက်ျားလေး တွေအပေါင်းအသင်းတွေရှေ့မှာ ကိုယ့်ကို အရမ်းဂရုစိုက်ပြ မှု ကြင်နာမပြဖို့ လင်ယောက်ျားကိုလည်းကိုယ်ကပြောထားရမယ်။ ပြီးတော့ လင်ယောက်ျားမာန၊ သိက္ခာတွေကို မိမိကိုယ်တိုင် ကိုယ်က နားလည်ပေးရမယ်၊ ကိုယ်ရှိသေမှ သူတစ်ပါး လေးစားမယ်ဆိုတဲ့ အသိခေါင်းထဲကိုထည့်ထားရမယ်။ လူမမြင်ကွယ်ရာမှာ ကိုယ့်ကိုဘယ်လိုပဲ ဂရုစိုက်စိုက် ပြသနေပါစေ၊ ကိုယ်ချစ်တဲ့သူ ယောက်ျားရဲ့သိက္ခာနဲ့ မာန ကိုတော့ မိမိကိုယ်တိုင်ကပဲ ထိန်းသိမ်းစောင့်ရှောက်ရမှာ ပါနော်။

Q **မိန်းမတစ်ယောက်ဟာ စိတ်ဓာတ်ကျ အားငယ်တဲ့ အချိန်မှာ** ကိုယ့်အနားမှာနေပြီး အားပေးတဲ့ယောက်ျားကို ချစ်သွားတယ်ဆိုတာ ဖြစ်လေ့ဖြစ်ထရှိပါသလား။

A ရှိတတ်ပါတယ်။ ကိုယ့်ရဲ့အခက်အခဲတွေကိုဝင်ပြီး ဖြေရှင်းပေးနိုင်တဲ့သူ၊ အားကိုးလောက်တဲ့သူကို ချစ်သူအဖြစ်ရွေးချယ်ခဲ့တယ်ဆိုတာ အများကြီးဖြစ်နိုင်ပါတယ်။ တကယ်ချစ်မချစ်ဆိုတာတော့ သူတို့ရဲ့သဘောနဲ့အတိုင်းအတာက အဖြေပေးပါလိမ့်မယ်။ မိန်းမဆိုတာမျိုးက စိတ်အားငယ်တတ်တဲ့အမျိုးကိုး။ ဒီလူတစ်ယောက်ဟာ နဂိုကတည်းကလည်း ကိုယ့်ကိုရှုံးကပ်နေခဲ့တယ်။ မိမိအခက်အခဲဖြစ်လာတဲ့အခါမျိုးမှာလည်း ဝင်ကူညီခဲ့ရင် ဒီမိန်းမရဲ့ ရွေးချယ်မှုက အများလို့ပြောလို့မရပါဘူး။

❑



## စာရေးသူ၏ကိုယ်ရေးရာဇဝင်အကျဉ်း

[illegible] B.Sc (Botany) [illegible] FACES [illegible] FACES [illegible] The Yadin Fashion Journal [illegible] (Advertised Myanmar Times & Film) [illegible]

